# Almighty Sword Domain

# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.57(988-1002)

ရှေးဟောင်းဓားကျောင်းတော်သို့

ဝင်ရောက်ခြင်း

၉၈၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၈၈ - လူတစ်ယောက်ကို ရုပ်မြင်ရုံနဲ့ အကဲခတ်လို့မရဘူး

ဘုန်း!

ရုတ်တရက် ရှုံ့နံ့တော အတွင်းကနေ အစွမ်းထက်အော်ရာများ ပေါက်ထွက်လာကာ သွေးရောင်နီရဲနေသည့် ရောမပါးစပ်ကြီးက လူသုံးဦးကို ကိုက်ချလိုက်သည်။

သူတို့၏အမူအရာများက ချက်ချင်း ပြောင်းလဲသွားကာ လီချင်ကျင်းက

အမြန်ကုန်းအော်လိုက်။ "မြန်မြန်၊
နောက်ဆုတ်ကြ။"

သုံးယောက်သား တုံ့ဆိုင်းမနေဘဲ အရှိန်ကို
အကန့်အသတ်ထိမြှင့်တင်ကာ
နောက်ပြန်ဆုတ်လိုက်ကြသည်။

သို့သော်ငြားလည်း ရွှံ့နွံထဲမှ
နတ်ဆိုးသားရဲများသည်
အဆက်မပြတ်ထွက်လာပြီး ၎င်းတို့ကို
တိုက်ခိုက်ဆဲဖြစ်သည်။
နတ်ဆိုးသားရဲအများစုသည်
သိုင်းဘုရင်အဆင့်သာ ရှိသည့်တိုင်

အရေအတွက်များနေသဖြင့် သုံးယောက်လုံး အကြီးအကျယ် ဒုက္ခရောက်နေသည်။

ဖန်လီက ရုတ်တရက် "ဒီရေကန်ကနေ လွတ်မြောက်ဖို့ ငါတို့ အနည်းဆုံး တစ်နာရီလောက် အချိန်ယူရလိမ့်မယ်။ လက်ရှိအခြေအနေပေါ် မူတည်ပြီး အချိန်အကြာကြီး ဆက်မလုပ်နိုင်တော့တာ သေချာပါတယ်။”

လီချင်ကျင်းက လေးနက်စွာပြောခဲ့သည် " အလှမယ်ဖန်! နင့်မှာ အကြံဉာဏ်တွေ ရှိသေးလား"

ဖန်လီက " ငါတို့အောက်က နတ်ဆိုးသားရဲတွေက သွေးစိမ်းတွေကို ကြိုက်တယ်။ တစ်ယောက်ယောက်ကို အဲဒီနေရာမှာ ပစ်ချလိုက်ရင် သူတို့ရဲ့ အာရုံစိုက်မှုကို သေချာပေါက် ဖယ်ရှားနိုင်မှာပါ။ ဒါမှ ငါတို့ ကြုံနေရတဲ့ ဒီအန္တရာယ်ကနေ ခဏတာ လွတ်မြောက်နိုင်မှာပါ!”

ဖန်မုန့်၏ အမူအရာသည် ချက်ချင်းပင်ပြောင်းသွားသည်။ သူ့အစ်မ ဆိုလိုသည့်အဓိပ္ပါယ်ကို ကောင်းကောင်းသိနေပုံဖြင့် သူမက “ဒီလိုမလုပ်နိုင်ဘူး မမ။ ယန်ယဲ့က ငါတို့အသက်ကို ကယ်တင်ခဲ့တာလေ။

ဘယ်လို… နင်က သူ့ကို ဒီနေရာကို ဘယ်လိုပစ်ချနိုင်ရတာလဲ။ အစ်မကြီးလီ၊ ငါပြောတာမှန်တယ်မဟုတ်လား"

လီချင်ကျင်းက ဘာမှမပြောဘဲ နှုတ်ဆိတ်နေသည်။

ဖန်လီက ဖန်မုန့်ကို ဂရုမစိုက်ဘဲ
လီချင်ကျင်းကိုသာ
 စူးစူးစိုက်စိုက်ကြည့်ရင်း " အလှမယ် လီ ၊
သူက သာမန်လူမဟုတ်ဘူးဆိုတာ
မင်သဘောပေါက်သင့်တယ် ၊
သူ့ရဲ့မူလအစွမ်းက
အရမ်းကြောက်စရာကောင်းတယ်။ ဒါပေမဲ့
အခုအချိန်မှာ သူက အားနည်းနေပြီ။ အဲဒါက
သူ့မှာ အင်အားကြီးတဲ့ ရန်သူရှိတယ်ဆိုတာ
သေချာပေါက် သက်သေပြနေတယ်။ ငါတို့က
သူ့ကို ကယ်တင်ရင် ငါတို့ မျိုးနွယ်တွေကို
ကပ်ဘေးတွေ သယ်ဆောင်လာနိုင်တယ်”

ထိုစကားပြောပြီးနောက် ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "ဒါ့အပြင် သူက
ရက်စက်ပြီး ပြတ်သားတတ်တယ်။ သူက
အရမ်းကိုရန်ငြိုးထားတတ်သူတစ်ယောက်လ
ည်းဖြစ်နေတယ်။ သူ့အပေါ်မှာထားတဲ့ ငါတို့ရဲ့
အရင်က သဘောထားတွေက
သိပ်မကောင်းဘူး၊ ဒါကြောင့် သူနိုးလာတဲ့အခါ
ငါတို့ကို သတ်မှာမဟုတ်ဘူးလို့ အာမမခံနိုင်ဘူး။
”

"သူမလုပ်ဘူး!" ဖန်မုန့်က မြန်မြန်ပြောလိုက်သည်။ "သူမလုပ်ဘူးလို့ ငါအာမခံတယ်။ အစ်မကြီးလီ၊ သူ့ကို ဟိုအထဲ ပစ်မချနဲ့။ ငါ နင့်ကို တောင်းဆိုပါတယ်။”

"ပါးစပ်ပိတ်ထား!" ဖန်လီက ရုတ်တရက် အော်ငေါက်လိုက်သည်။ “သူ မလုပ်ဘူးဆိုတာကို နင်အာမခံနေတာလား။ အဲဒီလို အာမခံချက်တွေကို ဘယ်အခြေခံနဲ့ လုပ်တာလဲ။ သူ့ကို သိတာ ဘယ်လောက်ကြာပြီလဲ။ ငါ နင့်ကို တစ်ခုမေးပါရစေ။ သူ ငါတို့ကို တိုက်ခိုက်ရင်

နင်ဘာလုပ်မလဲ။ ဒါမှမဟုတ် သူက ငါတို့ ဖန်ကလန်ကို တိုက်ခိုက်ရင်..... ? အဲဒီအချိန်မှာ ငါတို့က မျိုးနွယ်စုရဲ့အပြစ်သားတွေ ဖြစ်သွားလိမ့်မယ်။

ဖန်လီက ထိုစကားပြောရင်း လီချင်ကျင်းကို စိုက်ကြည့်ကာ" အလှမယ် လီ ၊ ငါတို့ သူ့ကို သက်သေမပြဘဲ ဒီလိုမျိုး တရားစီရင်နေရင်တောင်မှ အဲဒါကို ငါတို့ ဂရုမစိုက်နိုင်ဘူး။ သူ အသက်ရှင်ခွင့်ရရင် ငါတို့ကို ခြိမ်းခြောက်လာမှာ မဟုတ်ဘူးဆိုတာ ငါတို့ မသေချာနိုင်ဘူး။ ပြီးတော့ သူက

ငါတို့ကိုသတ်ပြီးတာနဲ့ ငါတို့မျိုးနွယ်နှစ်ခုကိုပါ ဆက်ပြီးတိုက်ခိုက်လာလိမ့်မယ်။"

လီချင်ကျင်းက စကားပြန်မပြောပေ၊
သူမ၏မျက်နှာတွင်
တုံ့ဆိုင်းနေသည့်အမူအရာများ ရှိနေသည်။

ရုတ်တရက် ဖန်မုန့်က
"သူ့ကိုပစ်ချလိုက်ရအောင်!"

လီချင်ကျင်း နှင့် ဖန်လီ တို့လည်း ဖန်မုန့်ကို ထိတ်လန့်တကြား မျက်နှာထားဖြင့် စိုက်ကြည့်နေကြသည်။

ဖန်မုန့်၏ မျက်နှာသည် အနည်းငယ်ဖြူဖျော့နေကလီချင်ကျင်း ဆီသို့ ပုံ့သန်းလာပြီး ယန်ယဲ့ကို လက်လွှဲယူလိုက်သည်။ "ငါက အမြဲတမ်း နောက်မှာနေခဲ့ရတာပါ၊ ဒါကြောင့် သူ့ကို ပစ်ချခွင့်ပြုပါ!"

ဖန်လီက ခေါင်းညိတ်လိုက်ပြီး သူမ၏ အသံက ပိုနူးညံ့လာသည် "မုန့်အာ! နင်

တတ်နိုင်သလောက်လုပ်တာ
အကောင်းဆုံးပဲ..."

"ညီမ တောင်းပန်ပါတယ်။
ငါသူ့ကိုမကယ်နိုင်ဘူး၊
ငါသူနဲ့အတူသေနိုင်တယ်...." ဖန်မုန့်က
ယန်ယဲ့ကို ပွေ့ထားရင်း
ခုန်ဆင်းရန်ပြင်လိုက်သည်။

"မဟုတ်ဘူး!" ဖန်လီ၏ မျက်လုံးများသည်
ထိတ်လန့်ကြောက်ရွံ့မှုများနှင့်
ပြည့်နှက်သွားသည်။ သူမက ရှေ့ကို

ပြေးတက်လာပြီး ဖန်မုန့်ကို
ဖမ်းကိုင်လိုက်သော်လည်း ကံဆိုးစွာပင်
အလွန်နောက်ကျသွားပါပြီ။
ဖန်မုန့်က ယန်ယဲ့ကို တင်းတင်းကြပ်ကြပ်
ဆုပ်ကိုင်ထားပြီး သူမ၏မျက်နှာဟာ
မျက်ရည်များဖြင့် ဖုံးနေပါသည်။ အမှန်တော့
သူမလည်း မသေချင်ပေ။ သို့သော်လည်း
အခြားရွေးချယ်စရာ မရှိခဲ့ပါ။ အစ်မဖြစ်သူ၏
ဆုံးဖြတ်ချက်ကို ပြောင်းလဲပစ်ရန်
လုံးဝမဖြစ်နိုင်သည်ကို သူမသိထားသည်။
လီချင်ကျင်း၏ တိတ်တိတ်ဆိတ်ဆိတ်

ထောက်ခံမှုနှင့်အတူ ယန်ယဲ့ကို ရှံ့နွံ့ ထဲသို့ သေချာပေါက် ပစ်ချတော့မည်ဖြစ်သည်။

ယန်ယဲ့က သူမကို ကယ်တင်ခဲ့၏။ သူမကတော့ ယန်ယဲ့ကို မကယ်တင်နိုင်ခဲ့ပေ။ ထို့ကြောင့် သူမ လုပ်စရာက ယန်ယဲ့နှင့်အတူ နွံ့တောထဲ ခုန်ချပြီး သေရန်သာ။

သူတို့သည် ရှံ့နွံ့ထဲသို့ ပြုတ်ကျခါနီးတွင် နွံ့တောထဲရှိ နတ်ဆိုးသားရဲများက ၎င်းတို့၏ပါးစပ်များအား ကျယ်ကျယ်ဖွင့်ထားသည်ကို သူမ

မြင်လိုက်ရသည် ။မသေခင်အခိုက်အတန့်တွင်
သူမသည် ယန်ယဲ့ကို စူးစိုက်ကြည့်ကာ
ရက်စက်ပုံရသော သူ့မျက်နှာကို
သေချာလေးကြည့်နေခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့သည်
အလွန်ရုပ်ဆိုးနေခဲ့သည်။
ဆံပက်ဖြူဖျော့ဖျော့နှင့်သူ့မျက်နှာက
ဓားနှင့်မွှန်းထားသလိုပင်။
သူ့မျက်နှာတစ်ပြင်လုံးမှာ မရေမတွက်နိုင်သော
အမာရွတ်များ ဖုံးအုပ်နေခဲ့သည်။

"အင်း ....၊ နင်သာ ဒီထက်နည်းနည်းပိုချောရင်!" သူမစကားပြောပြီးသည်နှင့် ယန်ယဲ့၏ ရင်ဘတ်ပေါ် ခေါင်းတင်ပြီး သေခြင်းတရားကို စောင့်ဆိုင်းရင်း
မျက်လုံးကိုမှိတ်ထားလိုက်သည်။

"လူတစ်ယောက်ကို သူ့အသွင်အပြင်နဲ့ အကဲဖြတ်တာ မကောင်းဘူး!" ရုတ်တရက် သူမ၏နားထဲတွင် အသံတစ်ခု
ထွက်ပေါ်လာသည်။

"ငါသိပါတယ်၊ ဒါပေမဲ့ နင်လည်း အဲဒီထဲက တစ်ယောက်ပဲ...." ဟု ပြောပြီးချိန်မှာ သူမ၏ခန္ဓာကိုယ်က တုန်လှုပ်သွားပြီး မျက်လုံးကိုဖွင့်ကာ ယန်ယဲ့အား ငုံ့ကြည့်လိုက်လေသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည် မျက်လုံးဖွင့်ကာ သူမကို ပြုံးပြလိုက်သည်။ ထို့ပြင် သူတို့ခြေအောက်တွင် ဓားတစ်ချောင်းမျောလွင့်နေပြီး နှစ်ယောက်လုံး ဓားပေါ်တွင် ရပ်နေကြသည်။

"နင်..နိုးလာပြီလား" ဖန်မုန့်က
အနည်းငယ်စိတ်လှုပ်ရှားသွားသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ အမှန်စင်စစ်
သူသည် ဝိညာဉ်နယ်ပယ်အဆင့်
ပြန်ရောက်ပြီးကတည်းက သတိရလာခြင်းပင်။

သို့သော်လည်း သူသည်
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကို
အသုံးပြုပြီး သူ့ခန္ဓာကိုယ်ထဲရှိ ဒဏ်ရာများကို
ပြန်ကုသနေခဲ့သည်။ ထို့ကြောင့်
မျက်လုံးကိုမဖွင့်ဘဲ သတိမေ့နေဟန်သာ
ဆက်လုပ်ခဲ့သည်။ သို့သော်လည်း ဖန်လီ နှင့်

လီချင်ကျင်း တို့က သူ့အား နတ်ဆိုးသားရဲများအတွက် ငါးစာအဖြစ် ပစ်ချဖို့လုပ်ဆောင်မည်ဟု တွေးပင်မတွေးခဲ့ပေ။

ဖန်မုန့်က ယန်ယွဲ့၏ ရင်ဘတ်ကို အဆက်မပြတ်ထုရိုက်ရင်း ရုတ်တရက် ငိုချလိုက်သည်။ "နင် သတိပြန်ရလာတာကို ငါ့ကို ဘာလို့ မပြောတာလဲ။ နင်ငါ့ကိုသေအောင်ခြောက်တယ်။ ငါ နင့်အတွက် သေတော့မယ်ဆိုတာ သိလား။"

ယန်ယဲ့သည် ဤစကားကြောင့်
ဘာပြောရမှန်းပင်မသိတော့ပေ။

ဖန်လီက
ဤမြင်ကွင်းကိုမြင်လိုက်ရသောအခါသူမ၏မျ
က်နှာသည် ပုံမှန်အတိုင်းပြန်ဖြစ်သွားသည်
။တစ်ဖက်တွင် လီချင်ကျင်း၏ မျက်နှာသည်
သုန်မှုန်သွားတော့သည်။

ယန်ယဲ့သည် သိုင်းဘုရင်အဆင့် ရှိနေစဉ်က
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
ချက်ချင်းသတ်ပစ်နိုင်ခဲ့သည်။ ယခုအချိန်တွင်
သူသည် ဝိညာဉ်နယ်ပယ်

သို့တက်လှမ်းသွားပြီးနောက်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
ကြက်ကလေး၊ ငှက်ကလေးကဲ့သို့
အလွယ်တကူ သတ်ပစ်နိုင်မည်မဟုတ်လော။

ဖန်လီလည်း ဒါကို တွေးမိသွားပုံပင်။ ယန်ယွဲ့ကို
စိုက်ကြည့်နေရင်းဖြင့် သူမ၏အမူအရာသည်
မြင်မကောင်းအောင်ကို ဖြစ်သွားသည်။

ယန်ယွဲ့သည် ဖန်လီ နှင့် လီချင်ကျင်း ကို
စိုက်ကြည့်နေသည်။ အကယ်၍ သူသာ တကယ်
သတိလစ်သွားခဲ့ပါက ဖန်မုန့် နှင့်အတူ

ရှုံ့နှံ့ထဲတွင် အမှန်တကယ် သေဆုံးသွားနိုင်သည်။ သူက ဒေါသထွက်နေသည်လော။ မှန်ပါသည်၊ သူက အတော်လေးကို ဒေါသထွက်နေပါသည်။

ယန်ယဲ့က သူ့လက်ကို ဆန့်တန်းပြီး ဖန်လီ နှင့် လီချင်ကျင်း တို့နှစ်ယောက်လုံးကို ညွှန်ပြပြီး "မင်း အဲဒါကို ဆန့်ကျင်ရင် ငါ သူတို့ကို ဓားတစ်ချက်တည်းနဲ့ချက်ချင်းသတ်ပစ်လိုက်နိုင်တယ်။ အိုး....၊ ခဏ။ အဲဒီအမျိုးသမီး လီချင်ကျင်းက ဝှက်ဖဲတစ်မျိုးရှိသေးတယ်ထင်တယ်။ ဒါပေမဲ့

ကိစ္စမရှိပါဘူး။ ဓားတစ်ချက်က သူမကို မသတ်နိုင်ရင် နှစ်ချက်လောက် သုံးပေးရတာပေါ့။"

သူ့စကားကြောင့် ဖန်လီ နှင့် လီချင်ကျင်းတို့နှစ်ယောက်လုံး အကြီးအကျယ် ထိတ်လန့်သွားကြသည်။

ဖန်မုန့်က ခေါင်းကို အလျင်အမြန် ခါယမ်းလိုက်သည်။ ယန်ယွဲ့ သူတို့နှစ်ယောက်လုံးအား သတ်ပစ်မှာ ကြောက်သွားသလိုပင်၊ ယန်ယွဲ့၏ခါးကို

တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရင်း
"ယန်ယဲ့! ထားလိုက်ပါ။ သူတို့ကို
ခွင့်လွှတ်ပေးလို့ရတယ်မဟုတ်လား။"

ယန်ယဲ့က သူမခေါင်းကို ပွတ်သပ်လိုက်ပြီး
"ကောင်းပြီ၊ ငါမင်းကို မျက်နှာသာပေးမယ်။
ဒါပေမဲ့ ဒီအတိုင်းလွှတ်ထားလိုက်ရင်
လွယ်လွယ်နဲ့ လွှတ်ပေးသလိုဖြစ်သွားမှာပေါ့။
ဓားပေါ်မှာ ရပ်ပြီး လှည့်မကြည့်နဲ့။
မင်းပြုတ်ကျရင် ငါ့အပြစ်မဟုတ်ဘူး!”

စကားပြောပြီးသည်နှင့် သူ့ခန္ဓာကိုယ်က ဖျတ်ခနဲတောက်ပလာပြီး ဖန်လီဆီသို့ ပြင်းထန်စွာ ခုန်ဝင်သွားသည်။ ဖန်လီက ထိတ်လန့်သွားပြီး တန်ပြန်တိုက်ခိုက်ရန် ပြင်လိုက်သော်လည်း သူမ၏အရှိန်က အနည်းငယ် နောက်ကျသွားခဲ့၏။ သူမ သတိဝင်လာချိန်တွင် လက်တစ်ဖက်က သူမ၏လည်ပင်းကို ညှစ်ထားကြောင်း သိလိုက်ရသည်။

ယန်ယဲ့က ဖန်လီကို စိုက်ကြည့်ရင်း "တွေ့လား ? မင်းကို သတ်လိုက်တာက ပုရွက်ဆိတ်ကို

သတ်လိုက်သလိုပဲ။ မင်းကို အသေမသတ်ရတဲ့ အကြောင်းရင်းက မင်းမှာ အရမ်းမိုက်မဲပြီး နုံအတဲ့ ညီမလေးတစ်ယောက်ရှိလို့။ သူမအတွက်မဟုတ်ရင် မင်းကိုမပြောနဲ့ မင်းရဲ့ ဖန်ကလန်ကိုတောင် ငါဖျက်ဆီးပစ်မယ်။"

စကားပြောပြီးသည်နှင့် သူ့ဘယ်လက်ကို ဆန့်ထုတ်၍ ဖန်လီ၏ ဝမ်းဗိုက်ကို လက်သီးဖြင့် အားပြင်းပြင်းထိုးချလိုက်သည်။

ဖန်လီက ခပ်တိုးတိုးညည်းတွားသံနှင့် လွင့်ပျံသွားကာ ပါးစပ်မှ သွေးများ အန်ထွက်လာသည်။

ထိုအချိန်တွင် ယန်ယဲ့က ဖန်လီ၏ ရှေ့သို့
ထပ်ပေါ်လာပြီးနောက် လက်သီးဖြင့်
ထပ်ထိုးလိုက်ပြန်သည်။

၉၈၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၈၉ - ဒါကို ကျော်ရင်သေရမယ်

ယန်ယဲ့က စကားပြောပြီးသည်နှင့် ဖန်လီ၏
လည်ပင်းကို ဆုပ်ကိုင်ထားပြီး
လက်သီးကိုဆန့်ကာ သူမ၏ဗိုက်ကို
ထပ်ထိုးလိုက်သည်။

အွန့်....

ဖန်လီ ထံမှ
ခပ်တိုးတိုးညည်းသံတစ်ချက်ထွက်ပေါ်လာပြီး
သူမ၏ခန္ဓာကိုယ်ဟာ ထပ်မံ
လွင့်ပျံထွက်သွားရသည်။

ထိုကဲ့သို့ပင် ဖန်လီ၏ ခန္ဓာကိုယ်သည်
အဆက်မပြတ် လွင့်ပျံနေပါသည်။
အချိန်အနည်းငယ်အတွင်းမှာပင်
ဖန်လီ၏ပုံရိပ်သည် ၃ ကီလိုမီတာနီးပါးထိ
လွင့်ထွက်သွားကာ ရှံ့နွံတောအပြင်ဖက်ရှိ
မြက်ခင်းပြင်များပေါ် ပြုတ်ကျခဲ့သည်။

ယခုအချိန်တွင် သူမသည်
အလွန်ဆိုးရွားနေသည်ဟု
ဆိုနိုင်ပါသည်။ ပါးစပ်ထဲမှ သွေးများ
စီးကျလာပြီး ပါးစပ်နှင့်
လည်ချောင်းတစ်ခုလုံးဟာ ရဲရဲနီနေသည်။

ထို့အပြင် သူမ၏ ခန္ဓာကိုယ်ကို
ဖုံးအုပ်ထားသည့် ဒဏ်ရာများက သူမ၏
ကြွက်သားများ ကွဲကြေသွားကာ အရိုးများ
အဆစ်လွဲသွားသလို ခံစားရသည်။
တစ်နည်းပြောရလျှင် စကားလုံးများဖြင့်
ဖော်ပြမရနိုင်သော နာကျင်မှုမျိုးကို
ခံစားနေရသည်။

ယန်ယွဲ့သည် ရှေ့ဆက်တိုးလာပြီး
တိုက်ခိုက်ရန်ပြင်လိုက်၏။ သို့သော်လည်း
ဖန်မုန့်က ဖန်လီ၏ရှေ့တွင် ပိတ်ရပ်ကာ သူ့အား

အသနားခံသည့် မျက်လုံးများဖြင့်
ကြည့်နေခဲ့သည်။

ယန်ယဲ့သည် ဘာမှမမတတ်နိုင်တော့ဘဲ
ပုခုံးသာတွန့်ပြပြီး လီချင်ကျင်းကို
လှည့်ကြည့်လိုက်သည်။ လီချင်ကျင်း၏
အမူအရာသည် ချက်ချင်းပင် ပြောင်းလဲသွားပြီး
အရင်ဦးအောင် တိုက်ခိုက်ခဲ့သည်။

သူမ၏ လက်ဝါးကို ဆန့်ထုတ်ပြီး ယန်ယဲ့ ထံ
ရိုက်ချလိုက်သည်။
စွမ်းအင်လက်ဝါးတစ်ဖက်က

အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲ၍
ယန်ယဲ့အား တိုက်ရိုက်ဖိချေသည်။

ဤတစ်ကြိမ်တွင် ယန်ယဲ့သည်
ဓားကိုမသုံးတော့ပေ၊ ထိုအစား
သူ၏လက်သီးကိုသာ ရှေ့ထိုးချလိုက်သည်။

ဘုန်း.....

စွမ်းအင်လက်ဝါးက ချက်ချင်းပင်
အပိုင်းပိုင်းပေါက်ကွဲသွားရာ လီချင်ကျင်း၏

မျက်နှာတွင် ထိတ်လန့်တုန်လှုပ်ဟန်များ
အတိုင်းသားပေါ်လာခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့သည်
သူမရှေ့သို့ရောက်လာပြီး လီချင်ကျင်း၏ဗိုက်ကို
လက်သီးဖြင့်ထိုးလိုက်သည်။လီချင်ကျင်းသည်
သူမ၏ကိုယ်တွင်းအင်္ဂါများ ကွဲအက်သွားသလို
ခံစားလိုက်ရပြီး ခန္ဓာကိုယ်တစ်ခုလုံး
လွင့်ပျံသွားကာ ပါးစပ်ကနေ
သွေးများအန်ထွက်လာခဲ့သည်။

လီချင်ကျင်းဟာ
အကြီးအကျယ်ထိတ်လန့်သွားပါပြီ။
တစ်ချိန်တည်းမှာပင် သူမ၏
မျက်လုံးများရှေ့တွင် တစ်စုံတစ်ရာကို
ခံစားလိုက်ရပြီး လက်တစ်ဖက်က
သူမ၏လည်ပင်းကို တင်းတင်းကျပ်ကျပ်
ပတ်ထားကြောင်း သိလိုက်ရလေသည်။

ယန်ယဲ့သည် လီချင်ကျင်း၏ လည်ပင်းကို
ဖြည်းညှင်းစွာ ညှစ်ချလိုက်ရင်း အေးစက်စက်
စိုက်ကြည့်ကာ "အရင်တုန်းက မင်းနဲ့
ဒီအမျိုးသမီးသာမရှိရင် ငါက

သေသွားနိုင်တယ်။ ဒါပေမဲ့
ရယ်စရာကောင်းတာက
မင်းတို့နှစ်ယောက်လုံးက ငါသတိလစ်နေချိန်မှာ
ငါ့ကို မြှားအဖြစ်သုံးဖို့ ရည်ရွယ်ခဲ့တာ။
ဘယ်လိုတောင် ကျေးဇူးကန်းလိုက်သလဲ။
မင်းတို့နှစ်ယောက်လုံးက အကောင်းဆုံး
ဥပမာတွေလို့ ငါထင်တယ်!"

စကားပြောနေစဉ် ယန်ယွဲ့သည် သူ၏လက်ကို
ဖြည်းညှင်းစွာဆုပ်လိုက်ရာ လီချင်ကျင်း၏
လှပသောမျက်နှာလေးက
ခရမ်းရင့်ရောင်အဖြစ်ပြောင်းလာတော့သည်။

ထိုအချိန်တွင် ဖန်မုန့်၏ တွဲချီမှုကြောင့်
ထရပ်လာသော ဖန်လီက "နင် သူမကို
သတ်လို့မရဘူး!"

ယန်ယဲ့က ဖန်လီကို အေးစက်စွာ
တစ်ချက်ကြည့်လိုက်ပြီး "မင်းမှာ
ညီမလေးတစ်ယောက်ရှိလို့
မင်းတကယ်ကံကောင်းတယ်လို့ ခံစားရမှာ
မဟုတ်ရင် မင်းအခု
အမှိုက်ပုံကြီးဖြစ်သွားလိမ့်မယ်!"

ဖန်လီက အသက်ပြင်းပြင်းရှူပြီး “ နင်ငါတို့အပေါ် နာကြည်းမှုတွေအပြည့်နဲ့ ငါတို့ကိုသတ်ချင်နေတာ ငါသိတယ်။ ဒါပေမဲ့ နင်မုန့်အာကို မထိခိုက်စေချင်ဘူးလို့ ငါမြင်တယ်။ တကယ်လို့ နင် သူမကိုသတ်ရင် ကောင်းကင်ကြယ်မြို့က ငါ့ဖန်ကလန်ကို သေချာပေါက် တိုက်ခိုက်လိမ့်မယ်။ ငါ့ရဲ့ ဖန်ကလန်က သူတို့ကို လုံးဝ မယှဉ်နိုင်ဘူး။"

"ကောင်းကင်ကြယ်မြို့တော် " ယန်ယွဲ့က မျက်မှောင်ကြုတ်ပြီး "အရမ်းသန်မာနေသလား"

ဖန်လီက လေးနက်သောလေသံဖြင့်
“သူတော်စင်တစ်ပိုင်းအဆင့်
ပညာရှင်တစ်ယောက် ရှိတယ်!”

"သူတော်စင်တစ်ပိုင်းအဆင့်လား" ယန်ယဲ့က
အေးစက်စွာ ရယ်မောလိုက်ပြီး " ဒါက
သူတော်စင်တစ်ပိုင်းအဆင့် လေးပဲလေ။
မုန့်အာကို ထိခိုက်အောင်လုပ်ရဲရင်
ငါသူတို့အားလုံးကို သတ်ပစ်လိုက်မယ်!” သူက
သူတော်စင်တစ်ပိုင်းအဆင့်ကို ဂရုမစိုက်ပေ။
အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

ဖန်လီ၏ မျက်ခွံများ
တဆတ်ဆတ်လှုပ်ယမ်းသွားခဲ့သည်။ ယန်ယဲ့ကို
ငေးကြည့်နေရင်း ပထမဆုံးအကြိမ်အဖြစ်
သူမမျက်လုံးထဲ၌
တုန်လှုပ်ခြောက်ခြားမှုများပေါ်လာခဲ့သည်။
ယန်ယဲ့က
တမင်ဟန်ဆောင်ကြွားဝါနေခြင်းမဟုတ်ကြော
င်း သိနေသည်။

" ဒါဆို သူက ဘယ်သူလဲ။ ပြီးတော့ သူက
ဘာလို့ဒီလိုအခြေအနေမျိုးရောက်သွားတာလဲ..၊

ဘာတွေလုပ်နေတာလဲ..။ ငါက
အရမ်းကြောက်စရာကောင်းတဲ့လူကို
ပြဿနာရှာလိုက်မိတာလား။"

ထို့နောက် သူမ ခေါင်းကိုလှည့်ကာ ဖန်မုန့်ကို
တစ်ချက်ကြည့်လိုက်သည်။ ယန်ယဲ့
ပြောခဲ့သလိုပင်၊ ဖန်မုန့်လို
ညီမတစ်ယောက်ရှိနေသဖြင့် အတော်လေး
ကံကောင်းသည်ဟု ခံစားရသည်။
ထိုသို့မဟုတ်လျှင် ဖန်ကလန်က သေချာပေါက်
ကပ်ဘေးတစ်ခုကြုံရနိုင်သည်။

ဖန်မုန့် ကို ထည့်စဉ်းစားမိသဖြင့် ယန်ယဲ့ဟာ လီချင်ကျင်းကို မသတ်တော့ပေ။

ယန်ယဲ့သည် လီချင်ကျင်း ကို ပစ်ချကာ ဖန်မုန့် ထံ

လျှောက်သွားရင်း "ငါ့ရဲ့ခွန်အားနည်းနည်း ပြန်ကောင်းလာပြီ၊ အခု ငါထွက်သွားတော့မယ်။ ဒီတစ်ခါ မင်းသဘောတူတူမတူတူ ဒီတောင်တန်းထဲကနေ မင်းကို ငါခေါ်သွားမယ်။ မင်းသူတို့နောက်ကို ဆက်လိုက်နေရင် အနှေးနဲ့အမြန်ဆိုသလို ကိုယ့်ကိုယ်ကိုသတ်နေတာပဲ ဖြစ်နိုင်တယ်။"

ဝိညာဉ်နယ်ပယ်သို့
ပြန်လည်ရောက်ရှိသွားသည့်နောက်
သူ၏ကျင့်ကြံမှုသာမကဘဲ
ရုပ်ခန္ဓာခွန်အားလည်း အနည်းငယ်
ပြန်လည်ကောင်းမွန်လာခဲ့သည်။

သူ၏လက်ရှိခွန်အားက
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲအချို့နှင့် နှိုင်းယှဉ်နိုင်သည်။
ခြွင်းချက်အနေဖြင့် သူ့ခန္ဓာကိုယ်ထဲရှိ
ဒဏ်ရာများက လက်ရှိအထိ ကုသနေရဆဲပင်။

သူရခဲ့သည့် ဒဏ်ရာများက ယခုချက်ချင်း
ကုသနိုင်သည့်အရာများမဟုတ်ပေ။ သာမန်
ခရမ်းရောင်စွမ်းအင်က
သူ့ခန္ဓာကိုယ်သွေးကြောများကို
ပြန်လည်သန့်စင်နိုင်စွမ်းမရှိပါ။

မည်သို့ပင်ဖြစ်စေ သူက
မူလခရမ်းရောင်စွမ်းအင်ကို လိုအပ်နေကြောင်း
ကောင်းကောင်းသိထားသည်။
ကံကောင်းထောက်မစွာ ယခုအချိန်တွင်
သူ့ကိုယ်သူ ကာကွယ်နိုင်စွမ်းရှိနေပြီလေ။

ဖန်မုန့်က ဖန်လီကို စိုက်ကြည့်နေသည်။
ဖန်လီက ခေါင်းညိတ်ပြီး "သွားရအောင်!"

သားရဲထိန်းချုပ်ဂိုဏ်းသာ
ဝင်ပြီးမစွက်ဖက်ခဲ့ပါက သူတို့၏
ရည်မှန်းချက်ကို အောင်မြင်ဖို့
အခွင့်အရေးရှိနိုင်သည်။ ယခုအချိန်တွင်မူ
သူတို့အားလုံး အကန့်အသတ်မဲ့
တောင်တန်းများတွင် သားရဲထိန်းချုပ်ဂိုဏ်း၏
အမဲလိုက်ခြင်းကို ခံနေရသည်။
လက်ရှိသူတို့မှာအခွင့်အရေးအနည်းငယ်မျှပင်
မရှိခဲ့ပေ။ ဤနေရာတွင် အချိန်ကြာကြာနေလေ

ကိုယ့်ကိုယ်ကို သေလမ်းပို့နေသလို ခံစားရလေလေပင်။

ဖန်မုန့်က လီချင်ကျင်းကို ရုတ်တရက် ကြည့်ပြီး "အစ်မကြီးလီ! အတူတူ ထွက်သွားရအောင်!"

လီချင်ကျင်းက ယန်ယွဲ့ကို စိုက်ကြည့်ပြီးနောက် ခေါင်းခါပြီး "အားလုံး ထွက်သွားနိုင်ပြီလေ။ ဘာပဲဖြစ်ဖြစ် ငါလိုအပ်တဲ့အရာကို ရအောင် ယူရမယ်။"

"သွားကြရအောင်!" ယန်ယဲ့က
တွန့်ဆုတ်မနေပေ။ ဖန်မုန့်၏လက်ကိုဆွဲပြီး
ထွက်သွားခဲ့သည်။ ယခင်က လီချင်ကျင်း
အပေါ်
အထင်အမြင်ကောင်းလေးရှိခဲ့သော်လည်း
အစောပိုင်းအဖြစ်အပျက်က သူမကို
သနားညှာတာစိတ်ပျောက်ကွယ်သွားစေသည်။

ဖန်မုန့်က တိုးတိုးလေး
သက်ပြင်းချလိုက်သော်လည်း စကားတစ်ခွန်းမှ
မပြောပေ။

"ထွက်သွားချင်တာလား?" ရုတ်တရက်
ဒေါသတကြီးအော်သံက “နင်တို့အားလုံး
ဘယ်မှသွားလို့မရဘူး!”

ထိုအသံပေါ်လာသည်နှင့် တပြိုင်နက်
ပတ်ဝန်းကျင်တွင် တုန်လှုပ်ချောက်ချားသံများ
ထွက်ပေါ်လာသည်။

လျှပ်စီးလက်သလို ခပ်သွားသလိုမျိုး မြေပြင်က
ပြင်းထန်စွာ တုန်ခါသွား၏။ ထို့နောက်မှာတော့
မရေမတွက်နိုင်သော နတ်ဆိုးသားရဲများ

ပတ်ပတ်လည်ကနေ ပေါ်လာပြီး သူတို့ကို
ဝိုင်းထားကြသည်။

မကြာခင်မှာပဲ မီးတောက်ခြသေ့်ကို
စီးနင်းနေသော ဇီရှင်းက သူတို့ရှေ့တွင်
ပေါ်လာခဲ့သည်။

ဤတစ်ကြိမ်တွင်မူ သူမ၏ ဘေးနား၌
ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်အဆင့်
နတ်ဆိုးသားရဲ ၉ ကောင် ရှိနေသည်။

ဖန်မုန့် နှင့် ဖန်လီ တို့၏ မျက်နှာများက
ချက်ချင်းပင် ဖြူဖျော့သွားကာ ယန်ယဲ့ ထံသို့

အလိုလိုကပ်လာခဲ့သည်။ ဤအချိန်တွင်
ယန်ယဲ့၏ အမူအရာသည်လည်း
အလွန်လေးနက်လာသည် ။

ဇီရှင်းက လီချင်ကျင်းကို
တစ်ချက်မျှပင်လှည့်မကြည့်ပေ။ ထိုအစား
ယန်ယဲ့ကို စိုက်ကြည့်ကာ "ကောင်းတယ်.....
အရမ်းကောင်းတယ်။ ငါဇီရှင်းက တစ်နေ့နေ့မှာ
ဒီလောက် မိုက်မိုက်မဲမဲလုပ်မိလိမ့်မယ်လို့
ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး။
ရှေးဟောင်းဓားကျောင်းတော်ရဲ့တပည့်တွေက
အပြင်ကိုခရီးထွက်ရင် သူတို့ရဲ့တံဆိပ်ကို

ဝတ်ဆင်ကြတယ်။ ပြီးတော့ သူတို့က
အနည်းဆုံး အဆင့် ၆ ဓားစိတ်ဆန္ဒ ရှိတယ်။
နင့်မှာ အဲဒီအချက်တွေထဲက တစ်ခုမှ
မပြည့်စုံဘူး.... ၊ ပြောစရာမလိုအောင်ပဲ နင်က
တကယ် ရဲတင်းတယ်။ တကယ်ပဲ
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်တစ်ယောက်လို ဟန်ဆောင်ရဲတယ်။
နင့်မိသားစုတစ်ခုလုံး ပျက်ဆီးသွားမှာကို
နင်မစိုးရိမ်ဘူးလား"

ယန်ယဲ့က ဇီရှင်းကို တစ်ချက်ကြည့်လိုက်ပြီး "
လီချင်ကျင်းကို မင်းက

ဘာလို့ဖမ်းချင်နေတာလဲ။ ဘာပဲဖြစ်ဖြစ် မင်းသူ့ကိုဖမ်းရင် ငါတားမှာမဟုတ်ဘူး!"

"အမှိုက်ပဲ....!" ဇီရှင်းက ရုတ်တရက် ဒေါသတကြီးအော်လိုက်သည် " နင်က ကိုယ့်မိန်းမကို သေရေးရှင်ရေးအချိန်မှာ စွန့်ပစ်လိုက်တယ်။ နင်က လုံးဝ အမှိုက်ပဲ!”

ယန်ယွဲ့သည် ထိုစကားကြောင့် အံ့အားသင့်သွားသည်။

"နင်တို့အားလုံး ဒီနေ့ ထွက်သွားဖို့
စိတ်ကူးယဉ်လို့ရတယ်!" ဇီရှင်းက
လက်ကိုဝှေ့ယမ်းလိုက်ရာ ပတ်ဝန်းကျင်ရှိ
နတ်ဆိုးသားရဲအများအပြားက
ကျယ်လောင်စွာဟိန်းဟောက်ပြီး
ရှေ့တိုးလာကြတော့သည်။

နတ်ဆိုးသားရဲအမြောက်အမြား ရှေ့သို့
ပြေးတက်လာသည်နှင့်အမျှ
ကောင်းကင်နှင့်မြေကြီးသည်
တုန်လှုပ်သွားသည်။

အောင်း!

ရုတ်တရက် စူးရှသော ဓားအူသံက လေထဲတွင် ပဲ့တင်ထပ်လာပြီး ဖန်မှုန့်၏ ဓားသည် ရှေ့သို့ ပိုင်းချသွားသည်။

ထို့နောက် ဓားကနေ အလင်းတန်းများ ထွက်လာပြီး ၁၀ မီတာပတ်လည် အကွာအဝေးကနေ သူတို့အား ပတ်ထားသည့် စက်ဝိုင်းတစ်ခုပေါ်လာသည်။

"ဒီစက်ဝိုင်းကို ကျော်လာရင် သေရမယ်။ "

ထိုအခိုက် ယန်ယွဲ့၏အသံက ပတ်ဝန်းကျင်တွင်

အဆက်မပြတ်ပဲတင်နေကာ
သတ်ဖြတ်ခြင်းအငွေ့အသက်များဖြင့်
ပြည့်နှက်နေသည်။

၉၉၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၀ - ပြင်းထန်သောတိုက်ပွဲ

"နင် ငါကြောက်အောင် တမင်ခြိမ်းခြောက်

နေတာလား" ဇီရှင်းက လက်ကိုဝှေ့ယမ်းရင်း
အေးစက်စွာ အော်ဟစ်လိုက်သည်။
တစ်ချိန်တည်းတွင်
ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲ
၇ ကောင်က ဒေါသတကြီးဟိန်းကာ
ယန်ယွဲ့တို့ထံ  ခုန်ဝင်လာကြသည်။

ယန်ယွဲ့၏ မျက်လုံးများတွင် အေးစက်သော
အလင်းရောင်တစ်ခု လင်းလက်လာပြီး ဖန်မုန့်
ထံသို့ လျှောက်သွားသည်။
သူညာလက်ကိုဆန့်ကာ ဖန်မုန့်၏ခါးကို
ပွေ့ဖက်လိုက်ပြီး သူ့နှလုံးသာယထဲကနေ

စိတ်ဆန္ဒကို ထုတ်လွှတ်လိုက်သည်။
လေထုထဲတွင် လွင့်မျောနေသော
ဖန်မုန့်၏ဓားက အလင်းတန်းအသွင်ပြောင်းကာ
သူမလက်ထဲ ချက်ချင်း ပြန်ရောက်လာသည်။

ဤတစ်ကြိမ်တွင် ဖန်မုန့်က ယန်ယဲ့
ဘာလုပ်မည်ကို သိနေသောကြောင့်
စကားပြန်မပြောတော့ပေ။

ဖန်မုန့်၏ ဆန်းကြယ်ချီစွမ်းအင်နှင့်
ဓားစိတ်ဆန္ဒက ဓားထဲ စီးဝင်သွားသည်နှင့်

တပြိုင်နက် ဓားထိပ်ဖျားမှ တောက်ပသော
အလင်းရောင်တစ်ခု ထွက်ပေါ်လာသည်။

သိပ်ပက်မကြာလိုက်ပေ၊
နတ်ဆိုးသားရဲတစ်ဒါဇင်ကျော်က
စက်ဝိုင်းထဲသို့ ပြေးဝင်လာကြသည်။

"ခုတ်ပိုင်းစမ်း!" ယန်ယဲ့၏ အေးစက်စက်အသံ
ထွက်လာပြီးနောက် ဖန်မုန့်၏လက်ထဲရှိဓားက
ဓားစွမ်းအင်တန်းများယ

တလက်လက်ဖြာထွက်လာပြီး လေထဲသို့
ပစ်လွှတ်လိုက်သည်။

ဆူး!

ဓားစွမ်းအင်တန်းများက စက်ဝိုင်းထဲ
ဝင်လာသည့် နတ်ဆိုးသားရဲ တစ်ဒါဇင်ကျော်ကို
အပိုင်းပိုင်း ဖြတ်တောက်လိုက်သည် ။

ဧရှင်း၊ ဖန်လီ နှင့် လီချင်ကျင်း တို့၏

မျက်လုံးများသည် ဤမြင်ကွင်းကြောင့်

သိသိသာသာကိုကျဉ်းမြောင်းသွားကြသည်။

အထူးသဖြင့် လီချင်ကျင်း နှင့် ဖန်လီ တို့ပင်။

ဤအချိန်တွင် သူတို့ရှေ့မှ မြင်ကွင်းကို ကြည့်၍

နှစ်ယောက်လုံး အံ့အားသင့်သွားကြသည်။

နောက်ဆုံးတွင် ထိုနတ်ဆိုးသားရဲတစ်ဒါ

ဇင်ကျော်က

ဝိညာဉ်နယ်ပယ်အထွတ်အထိပ်တွင် ရှိခဲ့သည်။

ဖန်မုန့်က နတ်ဆိုးသားရဲများကို တစ်ကောင်

သို့မဟုတ် နှစ်ကောင်လောက်

သတ်နိုင်သော်လည်း ဤမျှများပြားသော

အစုလိုက်အပြုံလိုက် သတ်ဖြတ်ဖို့ရာ မဖြစ်နိုင်ပေ။ သို့သော် ယခုအချိန်တွင် နတ်ဆိုးသားရဲ တစ်ဒါဇင်ကျော်က ဓားတစ်ချက်တည်းနှင့် အသတ်ခံလိုက်ရသည်။

"တကယ်.....တကယ်ပဲ သူက ဘယ်သူလဲ။
သူက တကယ်ပဲ
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်တစ်ယောက်လား။"

ဤတစ်ကြိမ်မှာတော့ ဖန်လီ နှင့်
လီချက်ကျင်းသာမကပေ၊ ဇီရှင်း သည်ပင်
စိတ်ထဲ၌ အလားတူအတွေးမျိုး
ပေါ်လာခဲ့သည်။ အကြောင်းအရင်းမှာ
ပင်လက်လှိုင်းစီရင်စု၏
အစွမ်းထပ်ဆားပညာရှင်များအားလုံး
ရှေးဟောင်းဆားကျောင်းတော်တွင်
ရှိနေသောကြောင့်ပါ။

သူမ စိတ်ထဲ ကြောက်လန့်နေသည့်တိုင်
ဇီရှင်းက တွန့်ဆုတ်မနေဘဲ
နတ်ဆိုးသားရဲများကို ဆက်ပြီးတိုက်ခိုက်ဖို့

အမိန့်ပေးခဲ့သည်။ ဒီအချိန်မှာ သူမတွင် တခြား ရွေးချယ်စရာမရှိပေ။

ချက်ချင်းဆိုသလိုပဲ ချိုးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲတစ်ကောင်က စက်ဝိုင်းထဲသို့ ဝင်လာခဲ့သည်။ စက်ဝိုင်းထဲ ဝင်လာသည်နှင့်တပြိုင်နက် ဓားကြီးတစ်ချောင်းက ၎င်း၏ခန္ဓာကိုယ်ကို ချက်ချင်း ထိမှန်သွားသည်။ အဆိုပါ နတ်ဆိုးသားရဲက နောက်သို့ လွင့်ထွက်သွားကာ ကျယ်လောင်စွာ ဟိန်းလိုက်သည်။ ၎င်းက

အသက်ရှင်နေသေးသော်လည်း အခြေအနေက
သေခါနီးဆဲဆဲပါ။ ဓားစွမ်းအင်က
၎င်း၏ခန္ဓာကိုယ်ပေါ် ရှိ အပျော့ဆုံးနေရာကို
ထိုးဖောက်သွားသည်ဖြစ်ရာ
မသေသေးသည့်တိုင်
ဒဏ်ရာအပြင်းအထန်ရနေပါပြီ။

အခြားသော ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲများလည်း အတူတူပင်။
၎င်းတို့အားလုံး ဓားစွမ်းအင်ဖြင့် ထိမှန်ပြီး
လွင့်ပျံသွားကြသည်။
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

နတ်ဆိုးသားရဲများအပြင် အခြား
ဝိညာဉ်နယ်ပယ်နှင့် သိုင်းဘုရင်အဆင့်
နတ်ဆိုးသားရဲများ အားလုံး လုံးဝ
သတ်ဖြတ်ခံလိုက်ရသည်။

အချိန်က သိပ်ပြီးမကြာလိုက်ပေ၊
စက်ဝိုင်းအပြင်ဖက်၌
နတ်ဆိုးသားရဲအလောင်းများ
စုပုံထပ်နေခဲ့သည်။

ဖန်လီ နှင့် လီချင်ကျင်း တို့နှစ်ဦးလုံး
မျက်လုံးများ ပြူးကျယ်နေကာ
အတော်လေးကို အံ့သြတုန်လှုပ်နေပုံပင်။

"ဒါက သတ်ဖြတ်တာ.၊ တကယ်ပဲ
အစုလိုက်အပြုံလိုက် သတ်ဖြတ်တာ "

သူတို့က ယန်ယဲ့၏ ခွန်အားကို
ယုံကြည်လွန်းသည်ဟု

ယခံစားမိသော်လည်း ဤမျှထိ ကြောက်စရာကောင်းကြောင်း ယခုမှ သတိပြုမိလိုက်ကြလေသည်။

"တကယ်ဆိုရင် သူက ဘယ်သူများလဲ...."

ဤမေးခွန်းက သူတို့စိတ်ထဲမှာ အဆက်မပြတ် ပဲ့တင်ထပ်နေသည်။ ဖန်လီ နှင့် လီချင်ကျင်း တို့သာမကဘဲ ဧရှင်းပါ သူမရှေ့က မြင်ကွင်းကြောင့် တုန်လှုပ်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဓားချီကြိုးများသည်

နတ်ဆိုးသားရဲများ၏ အားနည်းချက်အား

ထိမှန်ခဲ့သည်ကို

သတိပြုမိလိုက်သောကြောင့်ဖြစ်သည်။

လက်ရှိတွင် ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

နတ်ဆိုးသားရဲအနည်းငယ်ကလွဲ၍

အခြားနတ်ဆိုးသားရဲများအားလုံး

ဓားတစ်ချက်တည်းဖြင့် အသတ်ခံခဲ့ရသည်။

"သူက ဘာ်လောက်ထိ

ကြောက်စရာကောင်းနေတာလဲ "

ဓိရှင်း၏ခန္ဓာကိုယ်လေးက

ကြောက်ရွံ့မှုကြောင့်အလွန်တုန်လှုပ်သွားသည်။

သို့သော်လည်း ဖန်မုန့်၏မျက်နှာသည် ဖြူဖျော့လာသဖြင့် ယန်ယဲ့ဟာ ချက်ချင်း မျက်မှောင်ကြုတ်သွားသည် ။

ဖန်လီ နှင့် လီချင်ကျင်း တို့လည်း ဤမြင်ကွင်းကို မြင်သောအခါ ကူညီချင်ကြသည်။ ကံမကောင်းစွာပဲ၊ သူတို့နှစ်ယောက်ဟာ ဘာအကူအညီမှ မပေးနိုင်ပေ။ ယန်ယဲ့က သူတို့ကို အဆက်မပြတ်ရိုက်နှက်ထားသည်ဖြစ်ရာ ယခုအချိန့တွင် နှစ်ယောက်လုံး

မလုပ်နိုင်လောက်အောင်ကို
နာကျင်နေကြသည်။

ပုံ့သန်းနေသော ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲတစ်ကောင်ကို သတ်ပြီးနောက်
ယန်ယဲ့သည် ဖန်မုန့်၏လက်ကို
လွှတ်ပေးလိုက်သည်။ သူက ဖန်မုန့်၏
ဆန်းကြယ်ချီစွမ်းအင်များ ကုန်ဆုံးသွားပြီကို
သတိပြုမိခဲ့သည်။ အကယ်၍ သူမကို
ကြားခံအဖြစ် ဆက်အသုံးချနေပါက ဖန်မုန့်၏
ခန္ဓာကိုယ်အား
အတင်းအကြပ်ဖိအားပေးသည်နှင့်အတူတူပင်။

ထိုအရာက သူမ၏ အနာဂတ်ကျင့်ကြံမှုကို အလွန်အန္တရာယ်များမည်ဖြစ်သည်။

"ငါ... ဆက်လုပ်လို့ရတယ်!" ဖန်မုန့်က ယန်ယဲ့ကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းယမ်းပြီး သူမကို ဖန်လီလနှင့် လီချင်ကျင်း တို့ထံ ပို့ဆောင်လိုက်သည်။ “မင်းတို့နှစ်ယောက်စလုံးမှာ ဝှက်ဖဲတွေရှိတယ်ဆိုတာ ငါသိတယ်၊ အခုသုံးစရာမလိုဘူး။ ဒါပေမဲ့ ဒီကလေးမလေး

တစ်ခုခုဖြစ်သွားရင် ငါပြောတာကို ယုံလိုက်။ မင်းတို့နှစ်ယောက်စလုံး ဒီတောင်တန်းကနေ ထွက်သွားဖို့ မဖြစ်နိုင်ဘူးဆိုတာ သေချာတယ်!” ထိုစကားပြောပြီးသည်နှင့် ဖန်မုန့်၏လက်ထဲက ဓားကိုယူကာ ဇီရှင်း ဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားသည်။

"သူ့အမြင်မှာ ငါတို့နှစ်ယောက်လုံးက နင့်ညီမရဲ့လက်တစ်ချောင်းလောက်တောင် အရေးမပါဘူး!" လီချင်ကျင်း၏ မျက်နှာပေါ်တွင် ခါးသီးသော အမူအရာ အရိပ်အယောင်များ ရှိနေသည်။ သူမသည်

တစ်ချိန်က ပါရမီရှင်တစ်ဦးဖြစ်ပြီး ကီလိုမီတာ ရာနှင့်ချီသော နေရာတွင်းရှိ မည်သူမျှ သူမအား ထိုကဲ့သို့ မဆက်ဆံခဲ့ဖူးပါ။

ဖန်လီက ယန်ယဲ့ကို ကြည့်လိုက်ပြီးနောက် ဖန်မုန့်၏ လက်ကို ကိုင်လိုက်သည် ။

သူမရဲ့အမြင်အရ ဖန်မုန့် နှင့် ယန်ယဲ့၏ ရင်းနှီးမှုဟာ ဖန်ကလန်နှင့် ဖန်မုန့်အတွက် အလွန်ကောင်းသည့်အရာတစ်ခုပင်။ နောက်ဆုံးတွင် ယန်ယဲ့၏ခွန်အားက သာမန်လူတစ်ယောက်မဟုတ်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်မဟုတ်ပါလော။

ထို့အပြင် ဖန်မုန့်က ဓားသမားတစ်ဦး ဖြစ်သလို ယန်ယဲ့သည်လည်း ဓားသမားဖြစ်သည်။ တစ်နည်းပြောရလျှင် ဒါက ဖန်မုန့် အတွက် ကံကြမ္မာကောင်းချီး ရလိုက်ခြင်းပင်။

နတ်ဆိုးသားရဲ အများအပြား

သေဆုံးခဲ့သော်လည်း ဤနေရာတွင် နတ်ဆိုး အများအပြား ရှိသေးသည်။သို့သော်လည်း သူတို့သည် ရှေ့သို့မတိုးဘဲ ရပ်တန့်ကာ ယန်ယဲ့ကို သတိနှင့်ကြည့်နေကြသည်။ သိသာစွာပင်အသက်ရှင်ကျန်ရစ်သော နတ်ဆိုးသားရဲများသည် အစောပိုင်းက ယန်ယဲ့

သတ်ဖြတ်နေသော မြင်ကွင်းကို
ကြောက်လန့်သွားကြပုံရ၏။

ဂါး!

ရုတ်တရက် ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးမျောက်ဝံဖြူက ဒေါသတကြီး
ဟိန်းဟောက်ကာ တောင်ကုန်းငယ်တစ်ခု
ပြုတ်ကျလာသကဲ့သို့ ယန်ယဲ့ ထံ
ခုန်ဝင်လိုက်သည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူညာခြေကို
မြေပြင်တစ်ချက် နင်းလိုက်ရင်း သူ့လက်ဝါးကို
လှန်ချလိုက်၏။ ထိုအချိန်တွင် ယန်ယဲ့က
တန်ပြန်အားကိုယူကာ လေထဲသို့
ခုန်တက်လိုက်ကာ သူ့လက်ထဲတွင်
ဓားတစ်ချောင်း ထုတ်ယူလိုက်သည်။

ရှမ်း!

ဓားသည် လေတိုးသံတစ်ချက်သာ

ထွက်ပေါ်လာပြီး ဓားအရိပ်များစွာ ကျန်ခဲ့ကာ

ရှေ့ကိုပြေးထွက်သွားသည်။ ထိုအချိန်မှာပဲ

နတ်ဆိုးမျောက်ဝံဖြူ၏ ရင်ဘတ်ကို

ထိုးဖောက်သွားကာ သွေးများ

တလဟောပန်းထွက်လာသည်။

ဂါး....!

နတ်ဆိုးမျောက်ဝံဖြူကြီး၏

ရောမမျက်လုံးများသည်

နဂိုထက်ပိုပြူးကျယ်နေကာ ပတ်ဝန်းကျင်ကို
တုန်လှုပ်သွားစေသည့် သနားစရာကောင်းသော
အော်ညည်းသံများနှင့် အော်ဟစ်လိုက်သည်။
ထိုအချိန်တွင် ယန်ယဲ့သည် ရှေ့တက်လာပြီး
သူ၏လက်သီးကိုဆန့်ကာ
နတ်ဆိုးမျောက်ဝံဖြူ၏ ဝမ်းဗိုက်ကို
ထိုးချလိုက်သည်။

နတ်ဆိုးမျောက်ဝံဖြူ၏ အရွယ်အစားနှင့်
ယှဉ်လျှင် ယန်ယဲ၏လက်သီးချက်က
လူကိုကိုက်နေသည့်
ပုရွက်ဆိတ်တစ်ကောင်လိုပင်။ သို့သော်လည်း

လက်သီးသေးလေးက

နတ်ဆိုးမျောက်ဝံဖြူကြီးအပေါ်

ကျရောက်သွားနှင့်တပြိုင်နက် ၎င်း၏

ရောမခန္ဓာကိုယ်ကြီးက

တရကြမ်းလွင့်ပျံသွားလေတော့သည်။

ထို့နောက်တွင် ၎င်း၏ခန္ဓာကိုယ်သည်

ပတ်ဝန်းကျင်ရှိ သစ်ပင်များစွာကို

ပြိုလဲကျသွားစေကာ နောက်ဆုံးတွင်

မြေပြင်ပေါ် ပြုတ်ကျသွားခဲ့သည်။

ယန်ယွဲ့သည် နတ်ဆိုးမျောက်ဝံဖြူကို

သတ်ဖြတ်လိုက်ပြီးနောက်

နောက်ထပ်တိုက်ခိုက်မှုကို ဆက်မလုပ်ခဲ့ပေ။ သူ၏ခန္ဓာကိုယ်က သိပ်ပြီးအဆင်မပြေကြောင်း ခံစားမိလို့ပါ။

မည်သည့်ဓားစွမ်းအင်ကိုမျှ အသုံးမချဘဲ သူ၏ရုပ်ခန္ဓာခွန်အားကိုသာ အသုံးပြုထားသည့်တိုင် သူ့ ခန္ဓာကိုယ်သည် လုံးဝ ပြန်လည်ကောင်းမွန်လာခြင်းမရှိသေးပေ။ ပြောရလျှင် လက်ရှိသူ့ခန္ဓာကိုယ်ကခွန်အား အလွန်အကျွံမသုံးနိုင်သေးပါ။

ဒီအချိန်မှာ သူ့ကိုယ်တွင်းအင်္ဂါများ ကွဲထွက်သွားသကဲ့သို့ နာကျင်မှုကို ဖျတ်ခနဲ ခံစားလိုက်ရသည်။

"နင်ဘယ်သူလဲ!?" ဇီရှင်းက ယန်ယဲ့ကို စိုက်ကြည့်နေသည်။

လီချင်ကျင်း နှင့် ဖန်လီ တို့လည်း အဖြေသိချင်နေသောကြောင့် ယန်ယဲ့ကို ကြည့်နေကြသည်။

" ရှေးဟောင်းဓားကျောင်းတော်က.... "
ယန်ယဲ့က ပေါ့ပေါ့ပါးပါးလေသံဖြင့်
ပြောလိုက်သည်။
ရှေးဟောင်းဓားကျောင်းတော်ကို သူ
မသိသော်လည်း ထင်းရှူးစီရင်စုတွင်
အလွန်ကြောက်မက်ဖွယ်ကောင်းသော
တည်ရှိမှုဖြစ်ကြောင်း သိနေသည်။ ထို့ကြောင့်
ဘာကိုမှစဉ်းစားမနေဘဲ
ရှေးဟောင်းဓားကျောင်းတော်၏အမည်ကို
သုံးလိုက်၏။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၁ - ရက်စက်ကြမ်းကြုတ်သော

" နင် ငါ့ကို ၃ နှစ်သား ကလေးလို့ ထင်နေတာလား " ဧရှင်းက အေးစက်စက် ပြောလိုက်၏ " နင့်မှာ ရှေးဟောင်းဓားကျောင်းတော်ရဲ့ တံဆိပ်ပြားမရှိဘူး၊ ပြီးတော့ အဆင့် ၆ ဓားစိတ်ဆန္ဒတောင် မရှိသေးဘူး။"

" ဒါဆို ငါ ရှေးဟောင်းဓားကျောင်းတော်ရဲ့
တံဆိပ်ပြားကို ပြမှ မင်းက
ဒူးထောက်တောင်းပန်မှာလား " ယန်ယဲ့က
လက်ကိုဝှေ့ယမ်းပြီးဓားကို ဆုပ်ကိုင်လိုက်သည်
။ ထို့နောက် ဇီရှင်း ဆီသို့
စတင်လျှောက်လာခဲ့သည်။

ဇီရှင်းက အေးစက်စွာပြောလိုက်၏။
"ရှေးဓားကျောင်းတော်ရဲ့
တပည့်တစ်ယောက်လို
ဟန်ဆောင်တဲ့အကျိုးဆက်က ဘာလဲဆိုတာ

နင်သိလား။ တစ်စုံတစ်ယောက်က ပထမဆုံးအကြိမ် လိမ်ညာခဲ့တာကို သိတော့ တောင်ထိပ် ၉ ခုလုံးက တပည့်တွေ အကုန်ဆင်းလာပြီး ၃ ရက်နဲ့ ၃ ညတိုင်တိုင် လိုက်ရှာခဲ့တယ်။ နောက်တော့ အဲဒီလူသေသွားတဲ့အပြင် သူ့ရဲ့မိသားစုတစ်ခုလုံးပါ အသတ်ခံလိုက်ရတယ်။ ဒါနဲ့ အဲဒီလူ ဘယ်လောက်သန်မာလဲ သိလား။ သူက စိတ်ဆန္ဒနှစ်ခုကို နားလည်ထားတဲ့အပြင် နှစ်ခုလုံး ကောင်းကင်အဆင့်ကိုတောင်

ရောက်နေပြီ။ ပြီးတော့ သူကိုယ်တိုင်ကလည်း အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့် ပဲ။"

ယန်ယဲ့သည် ပါးစပ်ထောင့်များ အနည်းငယ် လှုပ်ယမ်းသွားသည်။ ထိုအရာက အမှန်ပင် ထိတ်လန့်စရာကောင်းသည်မဟုတ်ပါလား။ ဒီအချိန်မှာ သူက ကိုယ့်ဒုက္ခကို ရှာမိပြီဖြစ်ကြောင်း သိလိုက်ရသည်။

သို့သော်လည်း ယခုအချိန်မှတော့
နောက်ပြန်ဆုတ်ဖို့ နောက်ကျသွားပါပြီ။ သူက "
အဲ့တော့ ဘာဖြစ်သလဲ။

ငါက ငါပဲ၊ သူက သာပဲ။ ဒီလိုအဓိပ္ပါယ်မဲ့တဲ့
အမှိုက်စကားတွေကို ရပ်သင့်ပြီ။ "

စကားပြောပြီးသည်နှင့် ဇီရှင်းကို
တိုက်ခိုက်လိုက်သည်။ သို့သော် ယန်ယဲ့က
ခြေတစ်လှမ်းတိုးလိုက်ရုံသာရှိသေး
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲက သူ့ရှေ့တွင်
ပိတ်ရပ်နေသည်ကို မြင်တွေ့လိုက်၏။

၎င်းသည် နတ်ဆိုးမျောက်ဝံဖြူလောက်
မကြီးသော်လည်း
အရွယ်ရောက်ပြီးလူနှစ်ကိုယ်စာလောက်ရှိသည်
။ ၎င်း၏ခန္ဓာကိုယ်သည် အနက်ရောင်
အကြေးခွံများဖြင့် ဖုံးအုပ်ထားပြီး
နွားတစ်ကောင်ကဲ့သို့ ပုံစံရှိသည်။ သို့ရာတွင်
၎င်းသည် လူတစ်ယောက်ကဲ့သို့
ခြေ၊လက်အစုံပါနေသဖြင့် ကြည့်ရတာ
အတော်လေး ထူးဆန်း၏။

“ဒါဟာ အမှောင်သံချပ်ကာကြွေတစ်ကောင်ပဲ။ သတိထား…။" ဖန်မုန့်က "သူ့ရဲ့အရေပြားက အရမ်းထူပြီး ကြမ်းတမ်းတယ်။ "

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး အနက်ရောင်သံချပ်ကာ ကြွေကို တစ်ချက်ကြည့်လိုက်သည်။ အဆုံးတွင် သူ့မျက်လုံးများက ရပ်တန့်သွားသည်။ သူက တွန့်ဆုတ်မနေဘဲ ချက်ချင်း တိုက်ခိုက်လိုက်သည်။

သူက နေရာတွင်ရပ်နေသော်လည်း
လက်ထဲမှဓားက
တလက်လက်တောက်ပလာပြီးနောက်
လျှပ်စီးတန်းတစ်ခုအလား
အနက်ရောင်သံချပ်ကာကြွံ၏ မျက်လုံး ဆီသို့
တိုးဝင်သွားသည်။

မတွန့်ဆုတ်ဘူး။ သူသည် ထိုနေရာသို့
လျှပ်တပြက်ပြပြီးနောက် သူ့လက်ထဲက
ဓားသည် သူ့မျက်လုံးများဆီသို့
လွင့်ပျံသွားသည်။ အလွန်လျင်မြန်လွန်းသဖြင့်
လျှပ်စီးကြောင်းကဲ့သို့ ထင်ရသည်။

ထိုအချိန်တွင် ဇီရှင်းက ရုတ်တရက်
အနက်ရောင်သံချပ်ကာကြီး၏
ကျောပေါ်တွင်ပေါ်လာပြီးနောက် ၎င်း၏
ခန္ဓာကိုယ်သည် ဘေးဖက်သို့ အနည်းငယ်
ရွေ့သွားသည်။

ထို့နောက် ၎င်း၏ မျက်လုံးနှစ်ဖက်ဆီသို့
တိုးဝင်လာသည့် ဓားအလင်းတန်းနှစ်ခုက
အနက်ရောင်သံချပ်ကာကြီး၏
ခန္ဓာကိုယ်ပေါ်ကျရောက်သွားကာ မီးပွားများ
ဖျန်းခနဲ လွင့်စင်လာသည်။

ချွင်!

ယန်ယဲ့၏ လက်ထဲရှိဓားက
အပိုင်းပိုင်းကွဲထွက်သွားသလို
သူကိုယ်တိုင်လည်း
ခြေလှမ်းအနည်းငယ်အထိပြန်ဆုတ်လိုက်ရလေ
သည်။

"ဒါဟာ သားရဲ စုပ်ယူအားပဲ " လီချင်ကျင်းက
 ရုတ်တရက် အော်ပြောလိုက်သည်
"သူမရဲ့နှလုံးသားက
အနက်ရောင်သံချပ်ကာကြွံနဲ့

တစ်သားတည်းဖြစ်နေတာ။ သူတို့က တစ်ယောက်တည်းပေါင်းစပ်ထားတာလို့ပြောရမယ်။ ဒါကြောင့် သူတို့ရဲ့တိုက်ခိုက်ရေးအားက အရင်ထက် နှစ်ဆလောက်သာတယ်။"

ဂါး!

ရုတ်တရက် အနက်ရောင်သံချပ်ကာကြံ့ကြီးက ဒေါသတကြီးဟိန်းဟောက်လိုက်သည်။ ဟိန်းသံက နတ်မိုးကြိုးကဲ့သို့တဟုန်ထိုး

ပေါက်ကွဲထွက်လာပြီး ယန်ယဲ့ပင်လျှင် အနည်းငယ်မူးဝေဝေဖြစ်သွားသည်။

 သို့သော်လည်း ယန်ယဲ့သည် ခေါင်းခါပြီး ဆန်းကြယ်ချီစွမ်းအင်ကို သူ၏နားနှစ်ဖက်ထံ ပို့လွှတ်ကာ ကာထားလိုက်သည်။ ထိုအချိန်တွင် အနက်ရောင်သံချပ်ကာကြံ့ကြီးက ယန်ယဲ့ရှေ့ကို ရောက်လာပြီး ၎င်း၏ဦးချိုဖြင့် ယန်ယဲ့ကို ပြေးတိုက်လိုက်သည်။

" မင်းက သေလမ်းရှာတာပဲ " ယန်ယဲ့က ဒေါသတကြီးအော်ဟစ်ရင်း ကြံ့ချိုကို လက်သီးဖြင့် ပြန်ထိုးချလိုက်လေသည်။

အုန်း…

ယန်ယဲ့၏လက်သီးချက်က ကြွံချိုကို ကွဲထွက်သွားစေကာ အနက်ရောင်သံချပ်ကာကြွံကြီးလည်း နောက်ပြန်လွင့်ထွက်သွား၏။ တစ်ဖက်တွင် ယန်ယဲ့သည်လည်း ခြေလှမ်း ၁၀ လှမ်းခန့် နောက်ပြန်ဆုတ်လိုက်ရသည်။

“သတ်!” ကြွှေကျောပေါ်ထိုင်နေသော ဇီရှင်းက ရုတ်တရက် သူမ၏လက်ကို ငေ့ယမ်းလိုက်သည်။ ထို့နောက်တွင် သူမ၏လက်မှ ထူးဆန်းသော အားလှိုင်းတစ်ခု ထွက်ပေါ်လာသည်။

ဘုန်း..

တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ရှိ နတ်ဆိုးသားရဲမြောက်များစွာက

ကျယ်လောင်စွာ ဟိန်းဟောက်ပြီး ယန်ယဲ့နှင့်
လူတိုင်းကို တိုက်ခိုက်လာကြသည်။

ယန်ယဲ့သည် မျက်လုံးထဲတွင်
ရက်စက်ကြမ်းကြုတ်သော အမူအရာများ
ပေါ်လာပြီး
သူ၏ညာခြေကိုတစ်ချက်ဆောင့်ကာ မြေပြင်မှ
ခုန်တက်လိုက်သည်။

ထိုအချိန်တွင် ဤမြင်ကွင်းကို
မြင်လိုက်ရသောအခါ ဗိုရှင်း၏အမူအရာသည်

ချက်ချင်းပင် ပြောင်းလဲသွားသည်။ သူမသည် ကြွေ၏ကျောကို တစ်ချပ်ပုတ်လိုက်ရာ အနက်ရောင်သံချပ်ကာကြွေကြီးက ယန်ယဲ့ကို ကြည့်ကာ ဟိန်းဟောက်ပြီး တရကြမ်းပြေးဝင်လာခဲ့သည်။

"ခုတ်ပိုင်းစမ်း" ယန်ယဲ့သည် သူ၏လက်ချောင်းများကို ဆန့်ကာ ဓားပုံစံပြောင်းပြီး အနက်ရောင်သံချပ်ကာကြွေကြီးကို ညွှန်လိုက်သည်။ လက်ချောင်းများကနေ

ခားကြိုးတစ်ချောင်း ထွက်လာပြီး
အနက်ရောင်ကြွံကြီးထံ တိုးဝင်သွား၏။

ခားကြိုးက အနက်ရောင်သံချပ်ကာကြံကြီးကို
ထိမှန်သွားချိန်တွင် မာကြောလှပါသည်ဆိုသော
ကြွံကိုယ်ထည်က တိုဟူးတုံးအလား
ပိုင်းဖြတ်ခံလိုက်ရသည်။ ဤမြင်ကွင်းကြောင့်
ဇီရှင်း၏အမူအရာက
သိသိသာသာပြောင်းလဲသွားပြီး
သူမ၏ခန္ဓာကိုယ်ဟာ တစ်ဖက်ကို
ခုန်ထွက်သွားခဲ့သည်။

ဆူး!

ဓားစွမ်းအင်က
အနက်ရောင်သံချပ်ကာကြံ့ကြီးကို
ပိုင်းဖြတ်ကာ ၂ ပိုင်းခွဲပစ်လိုက်သည်။

ဇီရှင်း၏ မျက်နှာသည် ချက်ချင်းပင်
တုန်လှုပ်သွားပါတော့သည်။ သူမ၏
ညာလက်ကို ယမ်းလိုက်ရာအဝေးတွင်
တိုက်ခိုက်နေသော မီးခြင်္သေ့ကြီးက သူမဆီသို့
ချက်ချင်း ပြေးလာသည်။

ထိုအချိန်တွင် ယန်ယဲ့သည် သူမရှေ့၌ ရုတ်တရက် ပေါ်လာပြီးနောက် ဧရှင်း၏ လည်ပင်းကို ဖမ်းဆုပ်လိုက်သည် ။

ယန်ယဲ့က အေးစက်စွာပြောလိုက်သည် "သူတို့ကို ရပ်ခိုင်း!"

“ငါ့ကို လွှတ်မပေးရင် သူတို့ ၃ ယောက်လုံး သေလိမ့်မယ်!” ဧရှင်းက ယန်ယဲ့ကို စူးစူးစိုက်စိုက် စိုက်ကြည့်နေသည်။ သူမ၏ မျက်လုံးများတွင် ကြောက်ရွံ့မှု အရိပ်အယောင်

မတွေ့ရပေ။ လီချင်ကျင်း နှင့်
ကျန်နှစ်ယောက်သာ ရှိသည်ဖြစ်ရာ
အင်အားချင်းမမျှသဖြင့်
တဖြည်းဖြည်းအရေးနိမ့်လာခဲ့သည်။

ယန်ယဲ့သည် ပါးစပ်ထောင့်တွင်
ရက်စက်ကြမ်းကြုတ်သော အမူအရာ
ပေါ်လာပြီး ဇီရှင်း၏ ညာလက်မောင်းကို
ဆုပ်ကိုင်လိုက်သည်။

ဇီရှင်းက အံ့အားသင့်သွားပြီး "နင်.... နင်ဘာလုပ်နေတာလဲ...."

သို့သော်လည်း သူမ၏စကားပင်မဆုံးသေး၊ ယန်ယဲ့၏လက်က လျှပ်ရှားသွားကာ ဇီရှင်း၏လက်မောင်းကို ဆွဲဖြုတ်ပစ်လိုက်သည်။ လက်မောင်းတစ်ဖက်လုံး ဆွဲဖြုတ်ခံလိုက်ရသဖြင့် သွေးများ စမ်းရေအလား စီးကျလာသည်။

“လူသတ်တဲ့အခါ သူက နတ်ဆိုးတစ်ကောင်ပဲ …” လီချင်ကျင်းက ထိုမြင်ကွင်းကို မြင်ပြီး မျက်စိမျက်နှာပျက်ကာ အသံတိုးတိုးနှင့် ပြောလိုက်သည်။

“အား….အား!” ဇီရှင်း၏ နာကျင်ဖွယ်အော်ဟစ်ငိုကြွေးသံသည် မျက်နှာဖုံးအုပ်အောက်မှ ထွက်ပေါ်လာပြီး သူမ၏ ညာဘက်ပုခုံးမှ စူးရှသော နာကျင်မှုကြောင့် သတိလစ်လုနီးပါး ဖြစ်သွားသည်။

"သူက နတ်ဆိုးလား?" ဇီရှင်းက ဒီအချိန်မှာ အမှန်တကယ်ပင် ကြောက်ရွံ့နေပါသည်။

ယန်ယဲ့သည် ဇီရှင်း အနားတိုးကပ်လာပြီး "အဲ့ဒီကလေးမလေးသာ နည်းနည်းလေးတောင် ထိခိုက်ဒဏ်ရာရရင် မင်းရဲ့ ခြေလက်တွေအားလုံးကို ဆွဲဖြုတ်ပစ်ယ်။ ငါဒီလိုလုပ်ဝံ့မလားဆိုတာကို မင်းလောင်းချင်လား"

ဇီရှင်းက ထိုစကားကြောင့် အလွန်အမင်း
ကြောက်လန့်သွား၏။ ဤကဲ့သို့
ရက်စက်သောနတ်ဆိုးနှင့် မည်သူကများ
လောင်းကြေးထပ်ဝံ့မည်နည်း။ ဇီရှင်းက
အလျင်စလိုလေသံဖြင့် ချက်ချင်း
အော်လိုက်သည် "အခုချက်ချင်း ရပ်လိုက်ကြ!"

သူမ၏အသံကို ကြားလိုက်ချိန်တွင်
တိုက်ခိုက်နေသော နတ်ဆိုးသားရဲများအားလုံး
ချက်ချင်းရပ်သွားကြတော့သည်။
ထိုအချိန်တွင် ဖန်လီ နှင့် လီချင်ကျင်း တို့လည်း
စိတ်သက်သာရာရသွာ သက်ပြင်းချကြသည်။

ပတ်ဝန်းကျင်ရှိ နတ်ဆိုးသားရဲအများစုသည်
သိုင်းလုရင်အဆင့် သို့မဟုတ်
ဝိညာဉ်နယ်ပယ်သာရှိသော်လည်း
၎င်းတို့အရေအတွက်ကား
အလွန်များပြားခဲ့သည်။
သူတို့နှစ်ယောက်တည်းဖြင့်
နတ်ဆိုးသားရဲမြောက်များစွာကို
ရင်ဆိုင်နိုင်စွမ်းမရှိပေ။

ကံကောင်းထောက်မစွာ ယန်ယဲ့သည် ဇီရှင်းကို
ဖမ်းဆီးမိလိုက်၏။ သို့သော်လည်း သူတို့ရှေ့မှ
မြင်ကွင်းကို မြင်လိုက်သောအခါ

နှစ်ယောက်လုံး နှလုံးသားများ
တုန်လှုပ်သွားကာ ဖန်မှန်ဖ ဖက်ကို
အလိုလိုလှည့်ကြည့်လိုက်မိကြသည်။

သူတို့ဘေးနားမှ
ကလေးမလေးကြောင့်သာမဟုတ်လျှင်
ထိုကံကြမ္မာက သူတို့နှစ်ယောက်စလုံး
ကြုံတွေ့ရမည်ကို
ကောင်းကောင်းသိလိုက်သည်။

ဤလူယန်ယဲ့က မိန်းမလှကို
ကြင်နာတတ်သူမဟုတ်ပေ။

ယန်ယွဲ့သည် ဇီရှင်းကို ဖန်လီနှင့် လီချင်ကျင်းထံ ပစ်ပေးလိုက်ပြီး "သူမကို ကြည့်ထား၊ မသေစေနဲ့!"

ဇီရှင်းကို ဖမ်းထားသော်လည်း ပတ်ဝန်းကျင်ရှိ နတ်ဆိုးသားရဲများသည် နောက်ပြန်ဆုတ်မသွားဘဲ  အဆက်မပြတ် အော်ဟစ်နေကာ အချိန်မရွေး ရှေ့တိုးလာရန်ပြင်နေကြသည်။

သူတို့ကို မကြောက်သော်လည်း ပြဿနာမများချင်ပေ။ အကြောင်းမှာ နတ်ဆိုးသားရဲ အရေအတွက်က အတော်လေးကို များပြားနေခဲ့သည်။ လက်ရှိတွင် သူက ရုပ်ခန္ဓာခွန်အား သို့မဟုတ် ဆန်းကြယ်ချီစွမ်းအင်ကို ထပ်မံအသုံးမပြုနိုင်သောကြောင့် ဓါးရှင်းကိုသာ ဓားစာခံအဖြစ် လုပ်ဆောင်လိုက်သည်။

ဓါးရှင်းက သူ့လက်ထဲတွင် ရှိနေပြီဖြစ်ရာ ပတ်ဝန်းကျင်ရှိ နတ်ဆိုးသားရဲများသည် ချက်ချင်းပင် နောက်ပြန်ဆုတ်သွားကြကာ

ရှေ့ဆက်မတိုးရဲတော့ပေ။ အားလုံးက ယန်ယဲ့၏ လမ်းကို ပိတ်မထားဝံ့တော့ဘဲ လမ်းဖွင့်ပေးလိုက်ကြသည်။

"ငါနင်နဲ့စကားပြောချင်တယ်!" ရုတ်တရက် လီချင်ကျင်းက ယန်ယဲ့ ဆီသို့ လျှောက်လာခဲ့သည်။

"လူတစ်ယောက်က ကိုယ့်အကန့်အသတ်ကို သိသင့်တယ်။" ယန်ယဲ့က အေးစက်စက် ပြောလိုက်သည်။

“ပထမအချက် ငါမင်းကို တကယ်မသိဘူး၊ မင်းနဲ့ ဘာမှ မပြောချင်ဘူး။ နောက်တစ်ချက်ကတော့ မင်းဘာပြောချင်လဲဆိုတာ ငါသိတယ်။ မင်း ဝိညာဉ်မျောက်ဝံတောင်ကို သွားချင်နေတာမဟုတ်လား။ ကောင်းပြီ၊ မင်းအဲဒီကိုသွားချင်တာဆိုတော့ ငါမင်းကိုမတားဘူး၊ ဒါပေမဲ့ မင်းနဲ့အတူ ငါမသွားဘူး။"

၉၉၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၂ - လုယက်ခြင်း

လီချင်ကျင်းက " နင်လိုချင်တဲ့ ကျောက်ကြေးကို ငါပေးရင် ဘယ်လိုလုပ်မလဲ"

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး “မင်းလိုချင်တဲ့ အရာကို ပိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အလိုအပ်ဆုံးကတော့ မင်းမှာ ငါလိုအပ်တဲ့အရာတွေ

ရှိတယ်။အဆင့်လွန်စွမ်းအက်ကျောက်တုံးတွေ ဆိုတာက ငါ တကယ်လိုအပ်နေတာတွေပဲ။ ဒါပေမယ့် ငါမင်းနဲ့အတူ မသွားဖြစ်သေးဘူး။"

လီချင်ကျင်းက "ဘာလို့လဲ" ဟုအသံတိုးတိုးလေးနဲ့ ပြောလိုက်ပါသည်။

ယန်ယဲ့သည် ဘာမှပြန်မပြောဘဲ အဆုံးမဲ့တောင်တန်းကိုသာသာ စူးစူးရဲရဲစိုက်ကြည့်နေလိုက်သည်။ အဆုံးမဲ့တောင်တန်း ဆီမှ ထွက်လာသည့်

အန္တရာယ်ကို သူ ခံစားမိခဲ့သည်။ သူ
အထွတ်အထိပ်ရောက်ချိန်တွင် အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်များကိုပင်
မကြောက်ခဲ့ပေ။ သို့သော်လည်း ထိုအရာက
သူဟာ ပြိုင်ဖက်ကင်းဟု မဆိုလိုပါ။

ထိုနေရာမှ အန္တရာယ်၏ အငွေ့အသက်ကို
ခံစားမိလိုက်သောကြောင့် ထိုနေရာတွင်
ကြောက်မက်ဖွယ်အရာတစ်ခု
တည်ရှိနေနိုင်သည်ကို သက်သေပြခဲ့သည်။

ယင်းကြောင့် ယန်ယဲ့သည် သူ့စိတ်ထဲ၌

ရောင်စဉ်ဖြာဒေသအပေါ် လုံးဝ

လျှော့တွက်ခြင်း ရပ်တန့်သွားစေသည်။

အမှန်စင်စစ် သူ

စရောက်သည့်အချိန်ကတည်းက

ဤလောက၏ အဆင့်မြင့်ပညာရှင်များ၊

ပညရမိရှင်များနှင့် တစ်ခါမှ

ရင်မဆိုင်ဖူးသေးပေ။

ထို့ကြောင့် အစပိုင်းတွင် ရောင်စဉ်ဖြာဒေသက

အထူးအဆန်းမဟုတ်ဟု သူခံစားခဲ့ရသည်။

ယခုမူ ဤလောကသည်

သူထင်ထားသလောက် နိမ့်ကျမနေကြောင်း
သတိပြုမိလိုက်သည် ။

ရန်သူကို လျှော့တွက်ခြင်းသည်
တစ်စုံတစ်ယောက်အား ၎င်း၏အသက်ကို
ပြန်ပြီးပေးဆပ်စေရလိမ့်မည်။ ယန်ယဲ့သည်
ထိုသဘောတရားကို သဘာဝကျကျ
နားလည်ထားခဲ့သည်။ တစ်ချိန်တည်းမှာပင်
ဤလောကအပေါ်ထားရှိသော သူ၏အမြင်ကို
လုံးလုံးလျားလျား
ပြောင်းလဲပစ်လိုက်တော့သည်။

လီချင်ကျင်းက ယန်ယဲ့ တိတ်ဆိတ်နေသည်ကို
မြင်သောအခါ " နင့်ခွန်အားနဲ့
သားရဲထိန်းချုပ်ဂိုဏ်းက အဲဒီအမျိုးသမီး
ငါတို့လက်ထဲမှာရှိနေနေတော့
ဝိညာဉ်မျောက်ဝံတောင်တန်းကို သွားရတာ
လုံးဝမခက်ပါဘူး"

ယန်ယဲ့က လီချင်ကျင်းကို
လှည့်၍ပင်မကြည့်ပေ။ ဇီရှင်း ထံကိုသာ
လျှောက်သွားခဲ့သည်။

ယန်ယဲ့ လျှောက်လာသည်ကို မြင်သည့်အခါ ဇီရှင်း၏ မျက်ခွံများသည် လှုပ်ယမ်းသွားပြီး အလိုလို နောက်ပြန်ဆုတ်သွားခဲ့သည်။ သူမရှေ့တွင် ရပ်နေသောလူကို အမှန်တကယ် ကြောက်ရွံ့သွားပြီဖြစ်သည်။

ယန်ယဲ့က သူ့လက်ကို ဆန့်ပြီး “ အဆင့်လွန်စွမ်းအင်ကျောက်တုံးတွေနဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲအမြုတွေ အကုန်လုံး။ ရှိသမျှ ငါ့ကိုပေး။ " အစောပိုင်း တိုက်ခိုက်ရာတွင် သူ၏ရုပ်ခန္ဓာခွန်အားနှင့် ဓားစွမ်းအင်ကို

အကုန်အသုံးပြုခဲ့သည်။ ထိုအရာက သူ၏ခန္ဓာကိုယ်သွေးကြောများနှင့် ခန္ဓာကိုယ်အတွင်း နောက်တစ်ကြိမ် ပြဿနာများစွာဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ယခုအချိန်မျိုးတွင် သူပြန်ကောင်းလာရန် စွမ်းအင်ကျောက်တုံးများ အရေးတကြီး လိုအပ်နေပါသည်။

"သူက ဓားပြလား " အခြားအမျိုးသမီးများ အားလုံး အံ့သြသွားကြသည်။

ဇီရှင်းက သူ့ကို မျက်မှောင်ကြုတ်ပြီး
စိုက်ကြည့်နေသည်ကို သတိထားမိလိုက်ရာ
ယန်ယွဲ့က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်
"ဘာဖြစ်တာလဲ။ မင်းက ငါကိုယ်တိုင်
လိုက်ရှာစေချင်တာလား "

ဇီရှင်းက သတိပြန်ဝင်လာပြီး ယန်ယွဲ့ကို
တစ်ချက်ကြည့်ကာ
သူမ၏သိုလှောင်လက်စွပ်ကို ချွတ်၍
ပစ်ပေးလိုက်သည်။ ယန်ယွဲ့သည်
သိုလှောင်လက်စွပ်ကို ယူလိုက်သည်နှင့်

သိပ်သည်းသော ဝိညာဉ်စွမ်းအင်များ စီးဝင်လာသည်ကို ခံစားမိခဲ့သည်။

အထဲမှ အရာများကို မြင်သောအခါ သူ့ပါးစပ်ထောင့်တွင် အပြုံးအနည်းငယ် ပေါ်လာသည်။ ဇီရှင်း၏ သိုလှောင်လက်စွပ်ထဲမှာ အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁,၀၀၀ ဝန်းကျင်နှင့် ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲအမြုတေ ၁၀၀ ကျော်ရှိနေသည်။

ထိုအရာအားလုံးက သူ့ကို
မြန်မြန်သက်သာအောင် လုပ်နိုင်ရုံသာမက
ဝိညာဉ်နယ်ပယ်အလယ်အလတ်အဆင့်အထိ
တက်လှမ်းဖို့ပင် လုံလောက်ပေမည်။
အားလုံးက သူ့ကို ကြည့်နေစဉ်မှာပဲ
ယန်ယွဲ့သည် တုံ့ဆိုင်းမနေဘဲ အဆင့်လွန်
စွမ်းအင်ကျောက်တုံးအချို့ကို ယူကာ
ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

ဖန်လီ နှင့် လီချင်ကျင်း တို့နှစ်ယောက်လုံးဟာ
ယခင်က မြင်တွေ့ထားသဖြင့်
နှိုင်းယှဉ်ကြည့်လျှင် သိပ်ပြီး မအံ့သြတော့ပေ။

တစ်ဖက်တွင်မူ ဇီရှင်း၏မျက်နှာက
မယုံနိုင်လောက်အောင်ကို ဖြစ်သွားရသည်။

အချိန် နှစ်နာရီကြာပြီးနောက်
ယန်ယဲ့၏ခန္ဓာကိုယ်သည် ပိုကောင်းလာပြီး
ဝိညာဉ်နယ်ပယ် အလယ်အလတ်အဆင့်သို့
တိုးသွားခဲ့သည်။

" ယန်ယဲ့ " ဖန်မုန့်က ယန်ယဲ့ဆီကို ရုတ်တရက်
ပြေးလာပြီး "နင် ဓားတွေ သူ့ဘာသာသူ
ပျံသန်းအောင် ဘယ်လိုလုပ်တာလဲ။

ငါသုံးတုန်းကတောင် မပုံ့သန်းဘူး!”
ဖန်မုန့်သည် ယန်ယဲ့၏
ဓားထိန်းချုပ်ခြင်းအနုပညာကို မြင်ပြီး
အတော်လေး လိုချင်နေပုံပင်။ သူမက
အလျင်အမြန်ပြေးလာပြီး မေးခဲ့သည်။

"ဘယ်လိုလုပ်ရမလဲ သိချင်လား" ယန်ယဲ့က
ပြုံးလိုက်သည်။

သူမက ကမန်းကတန်း ခေါင်းညိတ်ပြီး
"ဟုတ်တယ်၊ ငါတကယ်သိချင်တယ်"

ယန်ယဲ့က ပြုံးလိုက်ပြီး

“ဓားထိန်းချုပ်ခြင်းအနုပညာလို့ ခေါ်တယ်…”

စကားပြောနေရင်း ယန်ယဲ့၏

မျက်နှာပေါ် ရှိ အပြုံးများ ဖြည်းညှင်းစွာ

ပျောက်ကွယ်သွားသလို ပြောလက်စ

စကားပင်ရပ်သွားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက

အကြီးအကဲမှုသည် ဤ

ခားထိန်းချုပ်ခြင်းအနုပညာအား သူ့ကို
သင်ပေးခဲ့သည်။

အကြီးအကဲမှူ၊ အဘိုးအိုလုယန်၊ ရှူချန်းယွဲ့၊
မြင့်မြတ်အရှင်၊ သူတော်စင်ဘုန်းတော်ကြီး ၂
ပါး၊ ချီဘူဖန်း၊ ရှောင်ယင်..... နှင့်
မရေမတွက်နိုင်သော လူများ၏ ပုံရိပ်များသည်
ယန်ယွဲ့၏ စိတ်ထဲတွင် လင်းလက်သွားသည်။
အတော်တော်များများဟာ တစ်ချိန်က
သူ့ရန်သူဖြစ်ခဲ့သော်လည်း
တိုက်ကြီးပျက်သုဉ်းချိန်တွင်
အားလုံးအတူပူးပေါင်းပြီး

ကောင်းကင်တာအိုမျက်လုံးကို
တိုက်ခိုက်ခဲ့ကြသည်။

ထို့အပြင် သူတို့၏ အနစ်နာခံမှုကြောင့် ဒီနေ့
သူအသက်ရှင်နေသည်ဟု ပြောရပေမည်။
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား သည်
အစွမ်းထက်သော်လည်း
ကောင်းကင်တာအိုမျက်လုံးသာ
ပညာရှင်များအားလုံး
ကိုယ့်ကိုယ်ကိုဖောက်ခွဲခြင်းမရှိပါက သူ
သိုင်းသူတော်စင်အဆင့် တက်လှမ်းနိုင်လျှင်ပင်
ဖြတ်ကျော်နိုင်မှာမဟုတ်ပေ။

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူပြီး ကောင်းကင်ကို မော့ကြည့်လိုက်ရင်း သူ့ရင်ထဲတွင် သတ်ဖြတ်ချင်စိတ်များ ပြည့်နှက်နေခဲ့လေသည်။

"ဘာ... ဘာဖြစ်နေတာလဲ?" ဖန်မုန့်က ယန်ယဲ့၏ ရန်လိုသည့်အမူအရာထုတ်ပြသည်ကိုမြင်ပြီး ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်ခြင်းအငွေ့အသက်ကို ခံစားမိသည့်အခါ နူးညံ့စွာပြောခဲ့သည်။

ထိုအတောအတွင်း လီချင်ကျင်း နှင့် ဖန်လီ
တို့က ဇီရှင်းကို ချုပ်ထားရင်း နောက်ကို
အနည်းငယ်ဆုတ်သွားကြသည်။
ယန်ယွဲ့ကဒေါသထွက်ပြီး သူတို့အား
သတ်ပစ်မှာကို ကြောက်ရွံ့နေခြင်းပင်။

ယန်ယွဲ့က သူ့အကြည့်များကို ဆုတ်လိုက်ပြီး
ခေါင်းခါလိုက်သည်။ သူက
"ဘာမှမဟုတ်ပါဘူး။ အတိတ်က
မြင်ကွင်းတချို့ကို ပြန်သတိရမိလို့ပါ။
ဒီနည်းစနစ်ကို လေ့လာချင်ရင်တော့

သင်ပေးနိုင်ပါတယ်။ မင်း အဲဒါကို ကျွမ်းကျင်သွားပြီဆိုရင် သိုင်းသူတော်စင် ဖြစ်သွားရင်တောင် ဒါက မင်းအတွက် အသုံးဝင်နေဦးမှာ။"

ဓားထိန်းချုပ်ခြင်းအနုပညာကို ပြီးပြည့်စုံသောအဆင့်ထိ လေ့ကျင့်အောင်မြင်ပါက အနည်းဆုံး ဓား ၁၀,၀၀၀ ကို ထိန်းချုပ်နိုင်၏။ သူက လိမ်ညာနေခြင်းမဟုတ်ပေ။

"နင်... နင် ငါ့ကို တကယ်သင်ပေးချင်နေတာလား။" ဖန်မုန့်က

မျက်လေးများ ပြူးကျယ်လာပြီး အံ့အားသင်
ြနေသံလေးဖြင့် ပြောလေသည်။ သူမ၏
အသံသည် အံ့သြစရာကောင်းပြီး
စိတ်လှုပ်ရှားမှုကို သယ်ဆောင်လာသည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"ဟုတ်ပါတယ်!"

ဖန်မုန့်က သူ့စကားကို ကြားသည့်အခါ
လက်ခုပ်လက်ဝါးတီးပြီး
ဝမ်းသာအားရအော်ဟစ်နေခဲ့သည်။

တစ်ချိန်တည်းမှာပင် ဖန်မုန့်သည်

သူမ၏မျက်နှာပေါ်တွင် ပျော်ရွှင်စွာ

ပြုံးနေခဲ့သည်။ နောက်ဆုံးတွင်

ပင်လယ်လှိုင်းစီးရင်စုရှိ စားနည်းစနစ်

အားလုံးသည် ရှေးဟောင်းစားကျောင်းတော်၏

လက်ထဲ၌သာ ရှိသည်။ အထူးသဖြင့်

တာအိုနည်းစနစ်၊ သူတော်စကက်နည်းနစ်များ

အပါအဝင် အခြားအဆင့်မြင့်နည်းစနစ်များပါ။

ဖန်းကလန်သည် ကြွယ်ဝသော်လည်း

ထိုစားနည်းစနစ်များကို မဝယ်ယူနိုင်ပေ။

ယန်ယဲ့ ထုတ်ဖော်လိုက်သည့် ဓားနည်းစနစ်က သိသိသာသာပင် ထူးခြားလှသည်။ ထို့ကြောင့် ယန်ယဲ့က ဖန်မုန့်ကို သင်ပေးမည်ပြောလာသဖြင့် ဖန်လီက ညီမဖြစ်သူအတွက် အလွန်ပျော်ရွှင်သွားသည်။

ယန်ယဲ့သည် ဖန်မုန့်အား ဓားထိန်းချုပ်ခြင်းအနုပညာကို သင်ပေးရင်း သူမ၏ ဓားတာအိုစွမ်းရည်ကအားနည်းလွန်းကြောင်း သတိပြုမိလိုက်သည်။ ထို့အပြင် အဆင့် ၄ ဓားစိတ်ဆန္ဒ ဖြင့် ရပ်တန့်နေသည့်

အကြောင်းရင်းမှာ အဓိကအားဖြင့် သူမသည်
တိုက်ပွဲအတွေ့အကြုံမရှိသောကြောင့်ပင်။

အမှန်ပင်၊ လှောင်အိမ်ထဲတွင် မွေးမြူထားသည့်
ကျားတစ်ကောင်ဟာ တောခွေးထက်ပင်
နိမ့်ကျသွားနိုင်သည်။

ဤအချက်ကို စဉ်းစားမိလိုက်သောအခါ
ယန်ယွဲ့သည် ဖန်လီ ကို
ရုတ်တရက်ကြည့်လိုက်ပြီး "ဒီကိုလာ!"

သူ့စကားကိုကြားသောအခါ
ဖန်လီ၏မျက်တောင်များ လှုပ်ယမ်းသွားသည်။
ထိုအချိန်တွင် ဖန်မုန့်သည် အစ်မဖြစ်သူ
ရိုက်နှက်ခံရမည်ကို စိုးရိမ်သွားကာ ယန်ယွဲ့အား
စိုက်ကြည့်နေသည်။

ယန်ယွဲ့က သူမ၏အမူအရာကို
သတိပြုမိသောအခါ မတတ်သာသွာ
သက်ပြင်းချလိုက်သည်။ ထို့နောက်
ခေါင်းခါရင်း "ဒါက မင်းကြောင့်ဖြစ်ရင်တောင်
ငါသူ့ကိုမထိတော့ဘူး! ငါ သူ့ကို
နည်းနည်းလောက် ပြောပြချင်သေးတာ!"

စကားစမြည်ပြောရင်း ဘေးနားကို လျှောက်သွားလိုက်သည်။ ဖန်လီက သူ့နောက်ကို မလိုက်ခင် ခဏလောက် တုံ့ဆိုင်းသွား၏။ ယန်ယဲ့က သူမကို တိုက်ခိုက်လာလျှင် ဘာမှပြန်လုပ်နိုင်မည်မဟုတ်ပေ။

ဖန်မုန့်က သူမ၏အစ်မဖြစ်သူကို စိုးရိမ်စိတ်အနည်းငယ်ဖြင့် စိုက်ကြည့်နေသည်။ သို့သော်လည်း သူမသည် ၎င်းတို့နောက်သို့ လိုက်ရန် မရွေးချယ်ခဲ့ပေ။

ယန်ယဲ့သည် မီတာ ၃၀ ကျော်အကွာထိ လျှောက်လာပြီးနောက် ရပ်လိုက်ပြီး " ဖန်မုန့်ရဲ့ ဓားတာအိုသဘာဝစွမ်းရည်က အတော်လေးကောင်းတယ်။ ဒါပေမဲ့ သူမရဲ့ စရိုက်က တကယ့်ကို ပျော့ညံ့သိမ်မွေ့လွန်းတယ်။ပြီးတော့ သူမက စစ်မှန်တဲ့တိုက်ပွဲအတွေ့အကြုံဆိုတာမသိဘူး။ ဒီအတိုင်းသာ ဆက်သွားနေမယ်ဆိုရင် သူမရဲ့ ဓားတာအိုသဘာဝစွမ်းရည်ကို လုံးဝ ဆုံးရှုံးသွားလိမ့်မယ်!”

"ကျေးဇူးပြုပြီး သူ့ကို တပည့်အဖြစ် ခေါ်သွားပါ!" ဖန်လီက ယန်ယဲ့ကို ရုတ်တရက် ဦးညွှတ်လိုက်သည်။

ယန်ယဲ့က ခေါင်းခါပြပြီး "ငါ သူ့ကို သင်ပေးမယ်၊ ဒါပေမဲ့ ငါက သူ့ကို ငါ့တပည့်အဖြစ် မခံယူဘူး။ ဒါ့ပြင် ဒီတောင်တန်းကို ကျော်ပြီးတာနဲ့ ငါ ထွက်သွားတော့မယ်။ ဒီကလေးမလေးကို ငါနဲ့အတူ ခေါ်သွားလို့မရဘူး။ ငါ့နောက်လိုက်ရင်

ဘယ်လောက်အန္တရာယ်ကြီးမယ်ဆိုတာ မင်းလည်းသတိထားမိမှာပါ!"

ဖန်လီက " ကောင်းကင်လေမြို့မှာ ဆက်နေမယ်ဆိုရင် သူ့အတွက် ပိုအန္တရာယ်များတယ်။ သူမကို ရှေးဟောင်းဓားကျောင်းတော်မှာ တက်စေချင်တဲ့ အကြောင်းရင်းက သူမကို အကာအကွယ်ရနိုင်လိမ့်မယ်လို့ မျှော်လင့်တာကြောင့်ပါ။ ကံမကောင်းစွာပဲ၊ မုန့်အာက ရှေးဟောင်းဓားကျောင်းတော်ကို

တက်ရောက်ဖို့ အနိမ့်ဆုံးလိုအပ်ချက်တောင် မပြည့်မီသေးဘူး။”

၉၉၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၃ - သိုင်းဧကရာဇ်ကို သတ်ဖြတ်ခြင်း

"ဒါက ရဲကလန် ကြောင့်လား?" ယန်ယဲ့သည် မျက်မှောင်ကြုတ်လိုက်သည်။

ဖန်လီက ခေါင်းညိတ်ပြပြီး “ဒါက ရဲကလန်

သာဆိုရင် ရဲကလန်က ငါတို့ ဖန်ကလန်ကို

သေတဲ့အထိ တိုက်ခိုက်ဖို့ တွေးရဲမှာတောင်

မဟုတ်ဘူး။ ဒါပေမဲ့ ရဲကလန်က

ကျိုးပျက်ခြင်းဆေဘာအိမ်တော်ကို ကို

တစ်နည်းနည်းနဲ့ ဆက်သွယ်ထားတယ်။ အဲဒါက

ငွေအဆင့်ဂိုဏ်းတစ်ခုပဲ။

ကျိုးပျက်ခြင်းဆေဘာကျေးရွာက

ပါဝင်လာပြီဆိုတော့ ဖန်ကလန်က ရဲကလန်ကို

ဘယ်လိုမှ မယှဉ်နိုင်တော့ဘူး။ ဒီနေ့

လီချင်ကျင်း နဲ့

ကောင်းကင်ပျက်စီးခြင်းတောင်တန်းကို
လိုက်လာတဲ့အကြောင်းအရင်းကတော့ သူမကို
ကျိုးပျက်ခြင်းဆေဘာ အိမ်တော်နဲ့
ဆွေးနွေးပေးစေချင်လို့ပါ။ ဒါပေမဲ့ ....”

"ရဲကလန် နဲ့
ကျိုးပျက်ခြင်းဆေဘာအိမ်တော်ကို ကိုင်တွယ်ဖို့
ငါ့ကို သုံးချင်နေတာလား။" ယန်ယဲ့သည်
အနည်းငယ်အေးစက်သောအကြည့်ဖြင့် သူမကို
ရုတ်တရက်ကြည့်လိုက်သည်။

ဖန်လီက ခေါင်းကို အလျင်စလို ခါယမ်းကာ “ငါ ဒီလိုမျိုး အိပ်မက်မမက်ရဲပါဘူး။ နင်က မုန့်အာကို ကူညီနိုင်မယ်လို့ ငါမျှော်လင့်ပါတယ်!”

ဂီး…ဂီး….ဂရား!

ရုတ်တရက် ကောင်းကင်ထက်ဆီမှ နားကွဲမတတ်အော်ဟစ်သံတစ်ခု ထွက်ပေါ်လာပြီးနောက် ရောမ

လင်းယုန်ငှက်ကြီး ၁၀ ကောင်ခန့်
ရင်းတို့အထက် ကောင်းကင်ယံ၌ ပေါ်လာသည်။

ထိုလင်းယုန်များထဲမှ တစ်ကောင်တိုင်းသည်
ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်တွင်
ရှိခဲ့သည်။

"ဒါက သားရဲထိန်းချုပ်ဂိုဏ်းပဲ!" လီချင်ကျင်းက
အလိုအလျောက် အော်ဟစ်လိုက်သည်။

"သိုင်းပညာဦးလေးရှု" ဇာတ်ရှင်းက အလွန်ပျော်သွားပြီး ဝမ်းသာအားရ အော်ဟစ်လိုက်လေသည်။

မကြာခင်မှာပဲ အဘိုးအိုတစ်ယောက်နှင့် လူလတ်ပိုင်း ၁၀ ယောက်က သူတို့ရှေ့မှာ ပေါ်လာကြသည်။

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ် ကျဉ်းမြောင်းလာပြီး ဖန်လီ၏

မျက်နှာသည်တော့ ချက်ချင်း
ဖျော့တော့သွားသည်။

အဘိုးအိုက သိုင်းကျောဇ်အဆင့်
တွင်ရှိနေသောကြောင့်ပါ။

အဘိုးအိုအပြင် အခြားလူလတ်ပိုင်း ၁၀
ယောက်စလုံးသည်
ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်အဆင့်
များ ဖြစ်ကြ၏။

သိုင်းကောရာဇ် နှင့် အဆင့်မြင့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
မြင်သောအခါ ဖန်လီနှင့် ဖန်မုန့် တို့နှစ်ဦးလုံး
ချက်ချင်းပင် စိတ်ပျက်အားငယ်သွားခဲ့သည်။
ယန်ယဲ့သည် အလွန်သန်မာကြောင်း
သူတို့သိသော်လည်း သိုင်းကောရာဇ် တစ်ဦးနှင့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၀ ဦးကို
တပြိုင်နက်တည်း အနိုင်ယူနိုင်မည်ဟု
မထင်ခဲ့ကြပေ။ လက်ရှိတွင် ယန်ယဲ့က
ဝိညာဉ်နယ်ပယ်သာ ရှိနေခဲ့သည်။

လီချင်ကျင်း၏ အမူအရာသည်လည်း
အတော်လေးကို ဆိုးရွားသွားသည်။
ကောင်းကင်ကြယ်မြို့နှင့်
သားရဲထိန်းချုပ်ဂိုဏ်းက သေခြင်း၊ရှင်ခြင်း
ရန်သူများ
ဖြစ်သည်။ ထို့ကြောင့် သားရဲထိန်းချုပ်ဂိုဏ်းက
သူမကို လွှတ်ပေးမည်မဟုတ်ပေ။ ထို့အပြင်
သူတို့လက်ထဲ ကျရောက်သွားပါက
ကြုံတွေ့ရမည့် အကျိုးဆက်များကို
မှန်းဆ၍ပင်မရပေ။

ယန်ယဲ့ နှင့် ဖန်လီ တို့လည်း တပြိုင်တည်း လှုပ်ရှားလိုက်ပြီး ယန်ယဲ့၏ လက်ထဲတွင် ရှေးဟောင်းနတ်ဓား ပေါ်လာကာ ဇီရှင်း၏ နံဘေးသို့ ချက်ချင်းရောက်သွားကြသည်။

သာမာန်ဓားစွမ်းအင်နှင့် နည်းစနစ်များက သိုင်းကျောရာဇ် များအတွက် လုံးဝအသုံးမဝင်ပေ။ကောင်းကင်ဘုံဖျက်ဆီးခြ င်းဓားကို ထုတ်ဖော်လိုက်ပါက အပြင်းအထန်ဒဏ်ရာရနိုင်သော်လည်း အခြေအနေနှင့် အချိန်အခါအရ ရွေးချယ်ရပေမည်။

အဘိုးအိုက ဇီရှင်းကို မကြည့်ခင် ယန်ယဲ့နှင့် အခြားလူများကို တစ်ချက်ကြည့်လိုက်သည်။ ဇီရှင်း၏ ညာလက်တစ်ဖက်လုံး မရှိတော့သည်ကို မြင်လိုက်ရသောအခါတွင် သူ့မျက်နှာသည် ချက်ချင်းပင် အေးစက်သွားခဲ့သည်။

"ငါ ဖြတ်လိုက်တာ!" ယန်ယဲ့က ချက်ချင်းပင် ရှေ့သို့ တိုးလာသည်။ နောက်ဆုံးတော့ လိမ်ဖို့မဖြစ်နိုင်သလို သူလည်း လုပ်စရာမလိုပေ။

"မင်းဘယ်လိုသတ္တိရှိလဲ! မင်းက ငါ့ရဲ့
သားရဲ့ထိန်းချုပ်ဂိုဏ်းက
အဖွဲ့ဝင်တစ်ယောက်ကို ဆန့်ကျင်ဖို့
သတ္တိရှိလိုက်တာ။" အဘိုးအိုထံမှ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကြိုးတစ်ချောင်း
ထွက်ပေါ်လာပြီး ယန်ယွဲ့နှင့်လူတိုင်းကို
ဖိနှိပ်လိုက်သည်။

သို့သော်လည်း သတ်ဖြတ်ခြင်းချီကြိုးက
ယန်ယွဲ့ ထံ မရောက်ခင် ထူးဆန်းစွာ
ပျောက်ကွယ်သွားခဲ့သည်။ရယ်စရာကောင်းလို
က်တာ..... ယန်ယွဲ့က သူ့စိတ်ထဲတွင်

လျှောင်ပြောင်လိုက်သည်။ အတိတ်တွင် သူ မည်မျှသတ်ဖြတ်ခဲ့သည်ကို မှန်းဆမရနိုင်ပေ။ အဘိုးအို၏ သတ်ဖြတ်ခြင်းစိတ်ဆန္ဒက သူ့အတွက် ဘာမှမဟုတ်ပေ။

ဤမြင်ကွင်းကို မြင်လိုက်ရာ အဘိုးအိုက အလွန်အံ့သြသွားသည်။ သူ၏ သတ်ဖြတ်ခြင်းစိတ်ဆန္ဒက ဝိညာဉ်နယ်ပယ်တွင်သာရှိနေသည့် ဤလူငယ် အပေါ်တွင်အသုံးမဝင် ဖြစ်လိမ့်မည်ဟု သူ မမျှော်လင့်ထားပေ။ ထိုအရာ သူ့ကို အရှက်ရစေသလို ဒေါသဖြစ်စေသည်။

ထိုအချိန်တွင် လီချင်ကျင်းက ရုတ်တရက်အော်ပြောလိုက်သည်။ " နင်တိုက်ခိုက်ဝံ့ရင် နင်တို့ရဲ့ဂျူနီယာက ဒီနေရာမှာ သေလိမ့်မယ်!"

အဘိုးအိုက လှမ်းကြည့်လိုက်ရာ လီချင်ကျင်းက ဇီရှင်း၏ လည်ပင်းအား ဆုပ်ကိုက်ထားကြောင်း တွေ့လိုက်ရသည်။

"မင်းလုပ်ဝံ့လား!" အဘိုးအိုက ဒေါသတကြီး ဖြစ်နေသည်။

လီချင်ကျင်းက အေးစက်စွာ အော်ဟစ်လိုက်ပြီး "ငါ့ကို ကြည့်စမ်းပါ!" ထိုစကားပြောရင်း သူမ၏လက်ကိုအနည်းငယ်တင်းလိုက်ရာ ဇီရှင်း၏မျက်လုံးများက  ချက်ချင်းပင် ပြူးကျယ်သွားလေသည်။

ရုတ်တရက် အဘိုးအိုက "ရွှေရောင်မြွေ!"

ယန်ယဲ့က အံ့ဩသွားသည်။ ထိုအချိန်တွင် ဇီရှင်းထံမှ ရွှေရောင်အလင်းတန်းများစွာ

ပေါက်ကွဲထွက်လာပြီး လီချင်ကျင်းကို ထိမှန်သွားသည်။

"အား!" လီချင်ကျင်းက ဇီရှင်းကို လွှတ်ချလိုက်ပြီး နောက်အဆက်မပြတ်ဆုတ်သွားရင် သူမ၏ညာလက်ဝါးကို လျင်မြန်စွာ ခါယမ်းလိုက်သည်။

ဤအချိန်တွင် ရွှေရောင်အလင်းတန်းများသည် လက်ချောင်းများကဲ့သို့ ထူထဲသော

ရွှေရောင်မြွေသေးသေးလေးများဖြစ်ကြောင်း
ကို ဤနေရာမှလူတိုင်း သတိပြုမိခဲ့သည်။

ဤအချိန်တွင် လီချင်ကျင်း၏ မျက်နှာသည်
ခရမ်းရောင်ပြောင်းသွားသည် ။

သူမက အဆိပ်မိသွားခြင်းပင်။

လီချင်ကျင်းက သူမ၏သိုလှောင်လက်စွပ်ထဲမှ
ဆေးပြားအနည်းငယ်ကို အမြန်ထုတ်ကာ
မျိုချလိုက်သည်။ ခဏအကြာတွင်

သူမ၏မျက်နှာက သိသိသာသာ
ပြောင်းလဲသွားသည်။ ထိုအချိန်တွင် ဇီရှင်းက
အဘိုးအို၏ အနားတွင် ရှိနေပြီဖြစ်သည်။

"ရွှေမြွေတွေရဲ့ အဆိပ်က
အဆင့်လွန်ယင်စွမ်းအင်ရှိလို့
သိုင်းကျောဇ်တွေတောင်
အဆိပ်ကိုမတားနိုင်ဘူး။" ဇီရှင်းက
စကားပြောနေရင်း ယန်ယွဲ့ကို ရုတ်တရက်
လက်ညှိုးထိုးကာ "ငါက သူ့ကို
အံ့အားသင့်စရာပေးဖို့ ရည်ရွယ်ထားတာ။
ကံမကောင်းစွာပဲ၊ သူငါ့ကို

ထိန်းချုပ်ပြီးတဲ့နောက်မှာတောင် သူက ငါ့အပေါ် အရမ်းသတိရှိခဲ့တယ်၊ ဒါကြောင့် ငါ့မှာ အခွင့်အရေးမရှိခဲ့ဘူး။ ဒီလိုမျိုးဆိုတော့ အလှမယ်လီ ကို ပျော်အောင်လုပ်ဖို့ကလွဲပြီး ရွေးချယ်စရာမရှိတော့ဘူး။ သနားဖို့ကောင်းလိုက်တာ! နင့်မှာ အဆိပ်ဖြေဆေးတွေ အများကြီးရှိနေတာပဲ။"

ယန်ယဲ့ က လက်ကို ဝှေ့ယမ်းလိုက်ရာ ဖန်မုန့်၏ဓားက သူ့လက်ထဲရောက်လာသည်။ ထို့နောက် ဖန်မုန့်ကို ကြည့်ပြီး “ဒီတောင်တန်းရဲ့

အနက်ဆုံးနေရာထိ
ထွက်ပြေးကြ"ဟုပြောလိုက်သည်။

ဖန်မုန့်က "နင်ကော ဘယ်လိုလဲ"

"ငါ မကြာခင် လိုက်ခဲ့မယ်!" စကားပြောနေစဉ် ဖန်လီကို မော့ကြည့်လိုက်သည်။ ဖန်လီက ခဏတာစဉ်းစားနေပြီး ရုတ်တရက် ဖန်မုန့်ကို ဆွဲခေါ်ကာ လီချင်ကျောင်းနှင့်အတူ တောင်တန်းအတွင်းပိုင်းဆီသို့ ပြေးဝင်သွားတော့သည်။

" ထွက်ပြေးတာလား?" အဘိုးအိုက
အေးစက်စွာ ရယ်မောရင်း
“တကယ်ရယ်စရာကောင်းလိုက်တာ!”
စကာပြောပြီးတာနဲ့ တိုက်ခိုက်ဖို့ပြင်လိုက်၏။

သို့သော်လည်း ဇီရှင်းက ရုတ်တရက်
သတိပေးသည်။ "သိုင်းပညာဦးလေးရှု!
အဲဒီလူကို သတိထား။ သူ့ရဲ့ခွန်အားက
နည်းနည်းထူးခြားတယ်။ သူက
ဓားတစ်ချက်တည်းနဲ့ ငါခေါ်လာတဲ့
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်က

နတ်ဆိုးသားရဲတွေကို သတ်ပစ်ခဲ့တယ်။
ပြီးတော့ ရှင်းအာရဲ့
အမှောင်သံချပ်ကာကြွံတောင်
လုံးဝမခုခံနိုင်ခဲ့ဘူး။"

သူက ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲတွေကို ခွေးတွေ၊ ဝက်တွေလို
သတ်လိုက်တာလား...

အဘိုးအို၏ မျက်ခွံများ လှုပ်ယမ်းသွားကာ၊
"မင်းက ဘယ်သူလဲ!" ဟု မေးလိုက်ရင်း

သူ့မျက်လုံးများတွင် အထင်အမြင်သေးမှုများ မရှိတော့ပေ။

ယန်ယဲ့သည် သူတို့စကားပြောနေသည်ကိုသာ ကြည့်နေပြီး ဘာစကားမှမပြောခဲ့ပေ။ သူ့လက်ထဲမှ ဓားကို ဓားအိမ်ထဲသို့ ဖြည်းညှင်းစွာ ထည့်လိုက်သည်။ ဓားသည် တာအိုအဆင့်မဟုတ်သော်လည်း အဆင့်မြင့်ကောင်းကင်အဆင့်တွင် ရှိနေသည်။ သို့သော်ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို တစ်ကြိမ်အသုံးပြုဖို့က ပြဿနာမရှိပေ။

၎င်း၏စွမ်းအားကတော့ တာအိုအဆင့်ဓား

ထက် များစွာနိမ့်ကျနေပေမည်။

ထို့အပြင် လက်ရှိသူက

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို

တစ်ကြိမ်သာအသုံးပြုနိုင်၏။

ဓားကို ဓားအိမ်ထဲထည့်ပြီးနောက် အဘိုးအိုကို

စိုက်ကြည့်ကာ "ရှေးဟောင်းဓားကျောင်းတော်၊

ကောင်းကင်ဓားတောင်ထိပ်။ ငါက

သိုင်းသူတော်စင်အဆင့် အောက်မှာ

အသန်မာဆုံးပဲ!" အကျိုးဆက်က

ဘာဖြစ်မည်ကို မသိနိုင်သောကြောင့်

ကောင်းကင်ဘုံဖျက်ဆီးခြင်းခံရသည်ကို
အသုံးမပြုလိုခဲ့ပေ။ ထို့ကြောင့်
ရှေးဟောင်းခံရကျောင်းတော်၏ နာမည်ကို
သုံးပြီး အဘိုးအိုအား
ဖြဲခြောက်ကြည့်နေခြင်းပင်။

အကောင်းဆုံးနည်းဗျူဟာမှာ ရန်သူကို
တိုက်ခိုက်စရာမလိုဘဲ သူ့အလိုလို
လက်နက်ချလာရန်ဖြစ်သည်။

"ရှေးဟောင်းခံရကျောင်းတော်....."

အဘိုးအိုနှင့် လူလတ်ပိုင်း ၁၀ ယောက်စလုံးသည် မျက်နှာအမူအရာများ သိသိသာသာ ပြောင်းလဲသွားကာ အဘိုးအိုက တုန်လှုပ်ခြောက်ခြားစွာဖြင့် “မင်း… မင်းက ဒီကို ဘာလာလုပ်တာလဲ။"

" ရှေးဟောင်းဓားကျောင်းတော်…”

ရှေးဟောင်းဓားကျောင်းတော်သည် ပလက်တီနမ်အဆင့်

မဟာဂိုဏ်းကြီးတစ်ခုဖြစ်ရာ
သားရဲထိန်းချုပ်ဂိုဏ်းကို ဖျက်ဆီးဖို့က
၎င်းတို့အတွက် လက်တစ်ချက်လှုပ်ရုံသာ။
ယန်ယွဲ့သည်
ရှေးဟောင်းဓားကျောင်းတော်မှဖြစ်ကြောင်း
ကြားလိုက်သောအခါ အဘိုးအိုနှင့်
အခြားသူများသည် ထိတ်လန့်သွားကြသည်။
နောက်ဆုံးတွင် ရှေးဓားကျောင်းတော်၏
တပည့်တစ်ဦးကို စော်ကားခြင်းသည်
ကိုယ့်ကိုယ်ကို သေလမ်းရှာသည်နှင့်
အတူတူပင်မဟုတ်လော။

တိုက်ခိုက်ဖို့ပြင်နေသော
အဘိုးအို၏လက်များပင် တုန်ရီလာသည်။

"သူက ရှေးဟောင်းဓားကျောင်းတော်က
မဟုတ်ဘူး!" ဇီရှင်းက သူတို့၏ တုံ့ပြန်မှုကို
သတိပြုမိလိုက်ရာ
"ရှေးဟောင်းဓားကျောင်းတော်ရဲ့တပည့်တွေက
သက်စောင့်ဓားကို
ကျောမှာလွယ်ထားလေ့ရှိတယ်။ ပြီးတော့
ရှေးဟောင်းဓားကျောင်းတော်ရဲ့သင်္ကေတကို
ဝတ်ဆင်ကြတယ်။ ရှိသေးတယ်၊
သူတို့ရဲ့တပည့်တိုင်းက အဆင့် ၆ ဓားစိတ်ဆန္ဒ

ဒါမှမဟုတ် အထက်ဆင့်တွေချည်းပဲ။ ဒီလူက အဲဒီအထဲကတစ်ခုမှမရှိဘူး။ ဒါကြောင့် သူက ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်မဟုတ်ဘူး!”

ဇီရှင်း၏ စကားကြောင့် လူတိုင်း နောက်တစ်ကြိမ် ငြိမ်သက်သွားကြသည်။

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၄ - လှည့်စားခြင်း

သူတို့သည် ယန်ယဲ့ကို စူးစူးရဲရဲကြည့်လိုက်ကြသည်။ အမှန်ပင် သူတို့ရှေ့မှလူက ရှေးဟောင်းဓားကျောင်းတော်၏ တပည့်တစ်ဦးနှင့် လားလားမျှမတူကြောင်း သတိပြုမိလိုက်ကြသည်။ ထိုအရာက အဘိုးအို၏မျက်နှာကို ချက်ချင်း အုံ့မှိုင်းသွားစေသည်။ "ကောင်းတယ်, အရမ်းကောင်းတယ်။ ဒီကမ္ဘာပေါ်မှာ

လူတစ်ယောက်က ရှေးဓားကျောင်းတော်ရဲ့ တပည့်တစ်ယောက်လို ဟန်ဆောင်ဝံ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး။ ပြောစရာမလိုအောင် မင်းက ငါထင်ထားတာထက် အများကြီး ရဲရင့်တယ်!”

ယန်ယဲ့က ဓာယလက်ကိုင်ရိုးကို ဆုပ်ကိုင်လိုက်ပြီး “အမှန်အတိုင်းပြောမယ်။ ငါ့ရဲ့ဒီတိုက်ခိုက်မှုက အရမ်းပြင်းထန်ပြီး တစ်ချိန်က ကောင်းကင်ကို ဖျက်ဆီးပစ်ခဲ့တယ်။ မင်းတို့အားလုံး ဘာလို့

ထွက်မသွားကြသေးတာလဲ။ ငါတောင်
ငါ့ဓားကို သိပ်ဆွဲမထုတ်ရဲဘူး။ ဒါမှ
အနာဂတ်မှာ ငါတို့ အချင်းချင်း ပြန်ဆုံနိုင်မယ် ။
မဟုတ်ရင် ငါ့ဓားကို ဆွဲထုတ်လိုက်တဲ့အခါ
ငါတို့က သေလွန်သူနဲ့ ရှင်သန်သူ
ဆိုပြီးကွာခြားသွားနိုင်တယ်။”

"အရမ်းသန်မာလား?
ကောင်းကင်ကြီးကိုတောင်
ကွဲကြေသွားနိုင်တယ်လား? ငါတို့
သေခြင်းတရားနဲ့ ရင်ဆိုင်ရတော့မှာလား။
ဟားဟားဟား!" အဘိုးအိုနှင့် အခြားလူများက

ရယ်မောကြသည်။ ဇီရှင်း သည်ပင် သူမ၏
မျက်နှာပေါ်တွင် အနည်းငယ်
ပြုံးနေခဲ့သည်။သေချာသည်ကတော့
သူပြောသည့်စကားကြောင့် သူတို့အားလုံး
လှောင်ပြောင်နေကြခြင်းပင်။

"ငါအမှန်တိုင်းပြောတိုင်း
ငါ့ကိုဘာလို့ဘယ်သူမှမယုံကြတာလဲ"
ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။ ဒီအချိန်မှာ
သူက အမှန်တကယ် ရှုံးနိမ့်သွားသလို
ခံစားရသည်။ အမှန်တော့ ဒီအချိန်က
သူ၏ရန်သူများကို စိတ်ရင်းမှန်ဖြင့်

ပြောဆိုခဲ့သည့် ရှားရှားပါးပါး
အခိုက်အတန့်ဖြစ်သည်။

"ကောင်းပြီ၊ ငါတို့ လီချင်ကျင်းကို မဖမ်းခင်
သူနဲ့ အမြန်ဖြေရှင်းလိုက်ရအောင်!" အဘိုးအိုက
ရယ်နေတာကို ရပ်လိုက်ပြီး ယန်ယဲ့ ဆီကို
လျှောက်သွားကာ "ဒီတစ်ခါတော့ ငါ
မောက်မာပြီး ပေါ့ပေါ့ဆဆပဲ သတ်ပေးမယ်။
လာ.... မင်းရဲ့နည်းစနစ်ကို ထုတ်ဖော်လိုက်။
ငါကြည့်ပါရစေ။ ကောင်းကင်ကြီးကိုတောင်
ဖြိုခွဲပစ်နိုင်တဲ့

ဘယ်လိုတိုက်ခိုက်မှုမျိုးလဲဆိုတာကို ငါအရမ်းသိချင်နေတယ်!”

"ငါပြောတာကို မင်းတကယ်စဉ်းစားမှာမဟုတ်ဘူးလား။" ယန်ယွဲ့က အဘိုးအိုကို စူးစိုက်ကြည့်မေးလိုက်၏။

အဘိုးအိုက ဒေါသတကြီးနဲ့ “မင်းရဲ့ခြားကို ဆွဲထုတ်ခိုင်းနေတာ။ ဘာလို့ အပိုစကားတွေ ပြောနေတာလဲ။"

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး “မင်းတို့ ကိုယ့်စိတ်ကို အသင်ပြင်ထားလို့ရအောင် ငါ သုံးအထိ ရေတွက်မယ်။ မဟုတ်ရင် ငါ မင်းတို့ကို တကယ် အနိုင်ကျင့်တယ်လို့ ထင်လိမ့်မယ်…”

"ကောင်းပြီ၊ မင်းရေတွက်စမ်း!" အဘိုးအိုက မျက်နှာတွင် အပြုံးမပျက်အပြုံးတစ်ခု ပေါ်လာပြီး သူ့လက်နှစ်ဖက်ကို နောက်ပစ်ထားလိုက်သည်။

“၃!”

အဘိုးအိုက ခေါင်းညိတ်သည်။ ယန်ယဲ့
တိုက်ခိုက်လာမည့်အချိန်ကို
စောင့်ဆိုင်းနေစဉ်မှာပဲ ဓားအူသံတစ်ချက်က
ကောင်းကင်သို့ ရုတ်တရက်
ပေါက်ကွဲသွားလေသည်။
ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာပြီးနောက် ကောင်းကင်ထက်ရှိ
ရောမလင်းယုန်ကြီး ၇ ကောင်သည်လည်း

လွတ်ရာကျွတ်ရာသို့
ထွက်ပြေးသွားကြတော့သည်။

တစ်ချိန်တည်းမှာပင် အဘိုးအိုသည် ယန်ယဲ့၏
ခါးအိမ်ထဲမှ စူးရှတောက်ပသော
အလင်းတန်းတစ်ခု ထွက်လာသည်ကို
အံ့သြထိတ်လန့်စွာဖြင့် ကြည့်နေပြီး
သူ့မျက်လုံးများရှေ့တွင်
ဖတ်ခနဲလင်းလက်သွားသည်ကို
သတိပြုမိခဲ့သည်။

အဘိုးအို၏ခန္ဓာကိုယ်သည် တင်းမာလာပြီး မျက်လုံးများ ပြူးကျယ်သွားကာ "မင်း.... မင်း ဘာဖြစ်သွားတာလဲ”

"ငါပြောခဲ့သားပဲ!"

ဖောင်း!

ယန်ယဲ့ ပြောပြီးသည်နှင့် အဘိုးအို၏ခန္ဓာကိုယ်ဟာ ပေါက်ကွဲသွားပြီး

မိုးရွာချသည့်လား
အပိုင်းပိုင်းဖြစ်သွားပါတော့သည်။

လူလတ်ပိုင်း အမျိုးသား ၁၀ ဦးနှင့် ဇီရှင်း တို့သည်လည်း နေရာတွင် ရပ်နေသည့်တိုင် ပြင်းထန်သောဒဏ်ရာများ ရသွားခဲ့သည်။ အားလုံးက မယုံကြည်နိုင်သောမျက်လုံးများဖြင့် ယန်ယဲ့ကို စူးစိုက်စိုက်စိုက်ကြည့်နေကြသည်။

" သိုင်းဧကရာဇ်ကို သတ်လိုက်တယ် ..."

အလယ်အလတ်အဆင့်
ဝိညာဉ်နယ်ပယ်ကျွမ်းကျင်သူက
သိုင်းဇောရာဇ်ကို တစ်ချက်တည်းနှင့်
သတ်ဖြတ်ပစ်ခဲ့သည်။

"သောက်ကျိုးနည်း။ ဒါအမှန်လား "

ဤအခိုက်အတန့်တွင် သူတို့အားလုံး
စိတ်လွတ်သွားကြသည်။ သူတို့ရှေ့မှာ
ဖြစ်ပျက်ခဲ့သည့် မြင်ကွင်းက အမှန်ပင်

ထိတ်လန့်စရာကောင်းပြီး အိပ်မက်တစ်ခုလို
အစစ်အမှန်မဟုတ်သောကြောင့်ပါ။

ယန်ယွဲ့သည် သူ့လက်ထဲရှိ ဓာအကျိုးပဲ့များကို
စိုက်ကြည့်ရင်း ခေါင်းယမ်းလိုက်သည်။
သူ့လက်ဖဝါးကို ခါယမ်းကာ
ထိုအပိုင်းအစများကို မြေပြင်ပေါ်သို့
ပစ်ချလိုက်သည်။ ထို့နောက် သူ့ညာလက်ကို
နောက်ကျောဖက် ပစ်ထားလိုက်သည်။

ထိုအချိန်တွင် လေပြင်းတိုက်ခတ်လာပြီး
ယန်ယဲ့၏ ဂတ်ရုံရှည်က လှုပ်ခတ်သွားကာ
သူ့မျက်လုံးများက လုံးဝကို
ငြိမ်သက်သွားခဲ့သည်။

အားလုံးက အလိုလို
နောက်ပြန်ဆုတ်သွားကြသည်။
ဤအခိုက်အတန့်တွင် ယန်ယဲ့သည်
ကောင်းကင်ကိုဖျက်ဆီးပစ်နိုင်သည့်
ဓားသမားတစ်ယောက်ဖြစ်ကြောင်း သူတို့
ယုံကြည်သွားကြပြီဖြစ်သည်။

ယန်ယဲ့သည် ရုတ်တရက် ကောင်းကင်ကို မော့ကြည့်လိုက်ပြီး “ကောင်းကင်ကြီးက သာယာလှပတယ်…. မင်းတို့အားလုံး ထွက်သွားနိုင်တယ်။ ပြန်သွားပြီး မင်းတို့ရဲ့ဂိုဏ်းချုပ်ကို နောင်တစ်ချိန်မှာ ငါကျိန်းသေလာရောက်လည်ပတ်မယ်လို့ ပြောလိုက်ကြ"

………။

လူလတ်ပိုင်း ၁၀ ယောက်နှင့် ဇီရှင်းတို့
ထွက်သွားပြီးနောက်
ယန်ယဲ့၏ခန္ဓာကိုယ်အတွင်းပိုင်းက
ကွဲအက်နေသော အသံများ ရုတ်တရက်
ထွက်ပေါ်လာသည်။ သူ့ခန္ဓာကိုယ်ထဲကနေ
သွေးများ အဆက်မပြတ်ပန်းထွက်လာကာ
ဝတ်ရုံရှည်တစ်ခုလုံး
အနီရောင်ပြောင်းသွားလေသည်။

ယန်ယဲ့လည်း သူ့ခန္ဓာကိုယ်
ကွဲအက်သွားသည်ကို သိလိုက်သည် ။

သူ့မျက်လုံးထဲတွင် ခါးသီးမှုများ ရှိနေသည်။ ယခုအခြေအနေတွင် ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို ထုတ်သုံးပါက ပြင်းထန်သော အကျိုးဆက်များ ကြုံတွေ့ရမည်ကို သိနေခဲ့၏။ သို့သော်လည်း ၎င်းသည် သူ့ခန္ဓာကိုယ်ကို အမှန်တကယ် ကွဲအက်သွားစေလိမ့်မည်ဟု သူ မမျှော်လင့်ထားပေ။

"ယန်ယဲ့!" ရုတ်တရက် ဖန်မုန့်၏အသံသည် သူ့နောက်မှ ထွက်လာသည်ကို ကြားလိုက်ရ၏။ ထို့နောက်တွင် လီချင်ကျင်း၊ ဖန်လီနှင့် ဖန်မုန့်တို့

သုံးယောက်လုံး သူ့မျက်စိရှေ့တွင် ပေါ်လာခဲ့ကြသည်။

"မင်းတို့အားလုံး ထွက်မသွားသေးဘူးလား" ယန်ယွဲ့က မျက်မှောင်ကြုတ်လိုက်သော်လည်း ဒီလုပ်ရပ်က သူ့နဖူးကနေ သွေးများ စီးကျလာစေသည်။

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၅ - ထင်းရှူးစီရင်စု၏ နတ်ဆိုးဘုရင် ၁၂ ပါး

ယန်ယဲ့၏အခြေအနေကို သတိပြုမိလိုက်သောအခါတွင် သူတို့ ၃ ယောက်လုံး အံ့အားသင့်သွားကြသည်။ ထိုအချိန်တွင် ယန်ယဲ့၏ဝတ်ရုံတစ်ခုလုံးဟာ သွေးနှင့်ဖန်တီးထားသည့်အလား နီရဲနေခဲ့သည်။ ထိုထက်ပို၍ကြောက်စရာကောင်းသည်မှာ ယန်ယဲ့၏ မျက်နှာက အက်ရာများ

ဖုံးလွှမ်းနေခြင်းပင်။ သူ့မျက်နှာပေါ် ရှိ နဂိုအမာရွတ်များနှင့် ထပ်ပေါင်းလိုက်သော သူ့မျက်နှာက သရဲတစ္ဆေထက်ပင် ပိုကြောက်စရာကောင်းနေလေသည်။

"ဘာ... နင် ဘာဖြစ်သွားတာလဲ"
ဖန်မုန့်၏မျက်နှာလေးဟာ မျက်ရည်များ ထိန်းမနိုင်သိမ်းမရ စီးကျလာပါသည်။

ယန်ယဲ့က ခေါင်းညိတ်ပြလိုက်ပြီး "ဒါကို လောလောဆယ်

လစ်လျူရှုထားလိုက်ရအောင်။ မကြာခင်
သူတို့ပြန်လာလိမ့်မယ်။ ငါတို့
ဒီကနေအရင်ထွက်သွားရအောင်!"

လီချင်ကျင်းက စကားတစ်ခွန်းမှ မပြောဘဲ
ယန်ယဲ့ကို ပွေ့ချီကာ ရှေ့ဆုံးကနေ ဦးဆောင်ပြီး
ခပ်ဝေးဝေး ဆီသို့ တဟုန်ထိုးပြေးထွက်သွား
သည်။

ဖန်မုန့် နှင့် ဖန်လီ တို့လည်း
တွန့်ဆုတ်မနေကြပေ။ နောက်ကနေ
အလျင်အမြန်လိုက်ပါလာကြသည်။

"မင်းတို့အားလုံး ဘာလို့ပြန်လာတာလဲ"
ယန်ယွဲ့က ရုတ်တရက် မေးလိုက်၏။

ဖန်လီက ဖန်မုန့်ကို တစ်ချက်ကြည့်လိုက်ပြီး
"သူမက နင့်ကို ထားခဲ့ဖို့ ငြင်းခဲ့တယ်။"

ယန်ယွဲ့က ဖန်မုန့်ကို ကြည့်လိုက်ရာ
ကလေးမလေးက ငိုနေသေးကြောင်း သူ
သတိထားမိလိုက်သည်။ ယန်ယွဲ့က စိတ်ထဲ
အတော်လေး ခံစားသွားရသည်။ “မငိုနဲ့တော့။

အရင်တုန်းက ဒဏ်ရာတွေ ပိုဆိုးလာရုံပဲ။
ဒီလိုဒဏ်ရာတွေက
ငါ့အတွက်ဘာမှမဟုတ်ဘူး!"

"ငါစိတ်မကောင်းပါဘူး။
ငါစိတ်မကောင်းပါဘူး။" ဖန်မုန့်က မျက်နှာပေါ်
မျက်ရည်များ မပြတ်စီးကျနေပြီး ခေါင်းကို
အကြိမ်ကြိမ်ခါယမ်းလိုက်သည်။

ယန်ယဲ့ ထိုအခြေအနေကို ရောက်သွားသည့်
အဓိက အကြောင်းအရင်းမှာ သူမသာလျှင်
ဖြစ်ကြောင်း သိသည်။

ထိုသို့မဟုတ်လျှင် ယန်ယဲ့၏ခွန်အားဖြင့်ဆိုပါက
ကောင်းကင်ပျက်စီးခြင်းတောင်တန်းကနေ
ထွက်ခွာသွားရန် ပြဿနာမရှိနိုင်ပါ။
သို့သော်လည်း ယန်ယဲ့ဟာ သူမကို ချန်ထားပြီး
တစ်ယောက်တည်းထွက်မသွားခဲ့ပေ။
တစ်နည်းပြောရသော် သူမ
အတွက်သာမဟုတ်ပါက ယန်ယဲ့ဟာ
ဤအခြေအနေထိ ရောက်သွားစရာမရှိပေ။

ထို့ကြောင့် သူမစိတ်ထဲ ထိုအကြောင်းကို တွေးလိုက်တိုင်း ပို၍အပြစ်ကြီးသလိုခံစားမိပြီး မျက်ရည်များ ပို၍ပင် စီးကျလာသည်။

ယန်ယဲ့သည် ဖန်မုန့်၏အပြုအမူကိုမြင်သောအခါ ယန်ယောင်အာ၊ ပေါင်အာ၊ လဲ့လင်၊ ယင်ယင် နှင့် ယန်နင်ရွဲ့ တို့အကြောင်းကို ရုတ်တရက် တွေးလိုက်မိသည်။

မူလစေတီက ပိတ်ထားသည်ဖြစ်ရာ မည်သို့ ပြန်ဖွင့်ရမည်ကို သူလည်း မသိပေ။ သို့သော်လည်း သူ့စိတ်ထဲတွင် သူ၏ ခွန်အား ပြန်မြင့်တက်လာပါက ၎င်းကို နောက်တစ်ကြိမ် ဖွင့်နိုင်ကြောင်း သိနေပါသည်။

ကောင်းကင်တာအိုမျက်လုံးကို ဖျက်ဆီးပစ်လိုက်သော အဖြစ်အပျက်ပြီးနောက်တွင် ယန်ယဲ့သည် သူ၏ ခွန်အားက အလွန်အားနည်းနေသေးသည်ကို သိလိုက်ရသည်။ ထို့ကြောင့် မူလစေတီကို

ပြန်၍ဖွင့်ပြီး အန်နန်ကျင်း နှင့် အခြားသူများကို ရှာဖွေခြင်းကလွဲ၍ ဤလောကရှိ မည်သူမျှ သူ့အား ခြိမ်းခြောက်မှုမပြုနိုင်သည်ထိ အစွမ်းထက်လာအောင် ကျင့်ကြံမည်ဟု ဆုံးဖြတ်လိုက်၏။

သန်မာသူများသာ လေးစားခံရသော ဤကမ္ဘာလောကတွင် ခွန်အားမရှိသောသူသည် ခွေးထက်အနည်းငယ်သာ သာလွန်သောဘဝကို ရနိုင်သည်။

၎င်းသည် ဆေဘာဓားဂိုဏ်းသို့
မဝင်ခင်အချိန်ကတည်းက သူနားလည်ခဲ့သော
လောကနိယာမပင် ဖြစ်သည်။ ကံမကောင်းစွာပဲ
သူ့ခွန်အားမြင့်တက်လာ
သည်နှင့်အမျှ သူ့စိတ်ထဲ ထိုနိယာမကို
တဖြည်းဖြည်း မေ့လျော့သွားခဲ့သည်။
သို့သော်လည်း ရောင်စဉ်ဖြာဒေသကို
ရောက်လာပြီးနောက် ခွန်အားနိမ့်ကျခြင်း၏
အကျိုးဆက်များကို မျက်ဝါးထင်ထင်
နားလည်ခဲ့သည်။

သို့ရာတွင် သူသည် အနန္တစကြာဝဠာကြီးတွင် အနိုင်းမဲ့ဖြစ်ရန် မကြိုးစားခဲ့ဘဲ သူ့အား မည်သူမျှ အနိုင်ကျင့်ဝံ့ခြင်းမရှိသော ခွန်အားကိုသာ ပိုင်ဆိုင်လိုခဲ့သည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး ဖန်လီကို တစ်ချက်ကြည့်ကာ "မင်းမှာ စွမ်းအင်ကျောက်တုံးတွေ ရှိသေးလား။ ရှိရင် ငါ့ကို ချေးပေးပါ!"

စွမ်းအင်ကျောက်တုံးများက သူ့ဒဏ်ရာများကို ကုသနိုင်သည့်အပြင် သူ့ခွန်အားကိုပါ မြှင့်တင်ပေးနိုင့်သောကြောင့် ယခုအချိန်တွင် သူက အရေးတကြီးလိုအပ်နေသည်ဟု ဆိုနိုင်သည်။

ဖန်လီက ခေါင်းခါပြီး "ဒါပေမဲ့ ငါနင့်ကို အကုန်ပေးလိုက်တာ။
ဆေးပြားတချို့ပဲရှိတော့တယ်။"

လီချင်ကျင်းကလည်း ထပ်ပြောလာသည်
"ငါယူလာတဲ့ စွမ်းအင်ကျောက်တုံးတွေ
အကုန်လုံးကို နင်စားလိုက်ပြီ။ ငါ့မှာလည်း
မရှိတော့ဘူး!"

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။
ယခုအချိန်တွင် သူသည် သာမန်လူကဲ့သို့
ဝိညာဉ်စွမ်းအင်ကို မစုပ်ယူနိုင်တော့ပေ။
ထို့ကြောင့် သူ့တွင် သားရဲအမြုတေ နှင့်
စွမ်းအင်ကျောက်တုံးများ မရှိပါက
သူ့ဒဏ်ရာများ ဘယ်အချိန်မှ
ပျောက်ကင်းမည်မသိနိုင်ပါ။

ဤအဆုံးမဲ့သော တောင်တန်းတစ်လျှောက်တွင် မရေမတွက်နိုင်သော နတ်ဆိုးသားရဲများ ရှိနေပြီး ၎င်းတို့ကို လိုက်ဖမ်းနေသည့် လူအုပ်စုနှင့် အတူ လက်ရှိအခြေအနေတွင် သူ့ကိုယ်သူ ကာကွယ်ရန်ပင် ခွန်အားမရှိပေ။

ဝေါင်း!

ရုတ်တရက် ကောင်းကင်ထက်မှ စူးရှသော အော်ဟစ်သံတစ်ခု ထွက်ပေါ်လာပြီး သူတို့၏

အမှုအရာများကအနည်းငယ်
ပြောင်းလဲသွားခဲ့သည်။

ယန်ယဲ့သည် ရှေ့ကို
စူးစိုက်ကြည့်ကာ"ညာဖက်ကို ဦးတည်ပြီး
အဲဒီချောက်ထဲကို ဆင်းလိုက်။"

လီချင်ကျင်း နှင့် အခြားနှစ်ယောက်သည်လည်း
တွန့်ဆုတ်ခြင်းမရှိ ယန်ယဲ့ ပြောသည့်အတိုင်း
လုပ်ဆောင်ကြသည်။

ချောက်ထဲကို ဆင်းလာကြရင်း ဖန်မုန့်က ရုတ်တရက်မေးလိုက်သည်"ဘာလို့ဒီကိုလာခိုင်းတာလဲ"

ယန်ယဲ့က "အစွမ်းထက်နတ်ဆိုးအော်ရာတွေကို ခုနလေးက ငါခံစားမိလိုက်တယ်။ အခု ငါတို့ရဲ့ ဘယ်ဖက်ခြမ်းမှာ ရောက်နေပြီ။ သူတို့က အနည်းဆုံးတော့ အထွတ်အထိပ် ချီးမြှောက်ခြင်းနယ်ပယ်အဆင့်မှာရှိတယ်။ အဲဒီလမ်းကြောင်းကို ဦးတည်သွားမယ်ဆိုရင် ခါးသီးတဲ့တိုက်ပွဲကို ရှောင်လွှဲလို့ မရနိုင်မှာ

သေချာတယ်။ ဒီလိုဖြစ်သွားရင် သူတို့က ငါတို့ကို ဖမ်းမိမှာပဲ။”

“အိုး၊” ဖန်မုန့်က ဆက်မပြောခင် ခဏလောက်တုံ့ဆိုင်းသွားပြီးမှ မေးလိုက်သည် " သိုင်းကောရာဇ်အဆင့်အဘိုးကြီး သေသွားပြီလား”

ဖန်လီကလည်း ယန်ယွဲ့ ကို စိုက်ကြည့်နေသည်။ ထိုအချိန်တွင် ယန်ယွဲ့ကို ကျောပေါ်တင် သယ်လာသော လီချင်ကျင်းလည်း

ထိုစကားကိုကြားပြီး နားရွက်များ
တုန်ခါလာသည်။ အဘယ်ကြောင့်ဆိုသော်
သူတို့ ပြန်သွားရန် ဆုံးဖြတ်လိုက်ချိန်တွင်
အဆိုးဆုံးအခြေအနေအတွက်ကြိုတင်ပြင်ဆင်
ထားလို့ပါ။သို့သော်လည်း သူတို့
ပြန်ရောက်သွားချိန်၌ သိုင်းကျောဇ်အဆင့်
အဘိုးအို အပါအဝင် ဇီရှင်းတို့တစ်ဖွဲ့လုံး
သဲလွန်စမရှိ ပျောက်ကွယ်နေခဲ့ကြသည်။

ထို သိုင်းကျောဇ်အဆင့် အဘိုးအိုက
သူတို့အား လိုက်ဖမ်းနေသည့် အဖွဲ့ထဲတွင်
မပါခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်

အဘိုးအိုသာ ရှိနေပါက သူတို့အားလုံး ချက်ချင်း အဖမ်းခံရပေလိမ့်မည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး “သူက အနောက်ဖက်ရောက်သွားပြီ!”

ထိုစကားကို သူပြောပြီးသည်နှင့် ဖန်လီနှင့် ဖန်မုန့် တို့က ယန်ယဲ့ကို အံ့သြစွာ စိုက်ကြည့်နေစဉ် လီချင်ကျင်း၏ ခန္ဓာကိုယ် အနည်းငယ် တောင့်တင်းသွားသည်ကို ရှင်းရှင်းလင်းလင်း ခံစားလိုက်ရသည်။

ယန်ယဲ့က ဖန်မုန့်ကို စိုက်ကြည့်ရင်း ပြုံးပြီး "အရမ်းမအံ့သြပါနဲ့။ အဲဒါက သိုင်းကျောဇ်လေးတစ်ယောက်ပဲလေ။ မင်းရဲ့ ကျင့်ကြံမှုကို ကြိုးကြိုးစားစား လုပ်ဆောင်ရင် မင်းလည်း ဒီလိုပဲ လုပ်နိုင်မှာပါ!"

ဖန်မုန့်က ခေါင်းညိတ်ပြသော်လည်း ယန်ယဲ့ မည်ကဲ့သို့ သတ်ခဲ့သည်ကို သူမ မမေးခဲ့ပေ။ သူမသည် များသောအားဖြင့် ပေါ့ပေါ့ပါးပါးရှိသော်လည်း သူမသည် အရူးမဟုတ်ပေ။

သူတို့ဘေးမှာ ယန်ယဲ့ရှိနေသဖြင့်
တောင်တန်းအနက်ပိုင်းဆီ သွားနေသော်လည်း
နတ်ဆိုး သို့မဟုတ် နတ်ဆိုးသားရဲ
တစ်ကောင်လေပင် မတွေ့ခဲ့ပေ။

သို့သော်လည်း သူတို့နောက်
လိုက်လာသူများကိုတော့ မျက်ခြေမပြတ်နိုင်ပါ။

လီချင်ကျင်းက ရုတ်တရက် ပြောခဲ့သည်။
သူတို့အဖွဲ့ဟာ
နောက်ကနေလိုက်ပါလာသူများကို
မျက်ခြေပြတ်လိုပါက ကီလိုမီတာအနည်းငယ်
ရေိယာထဲရှိ နတ်ဆိုးသားရဲအားလုံးကို

သတ်ပစ်ရန်လိုသည်ဟူ၍ပင်။
ထိုသို့မဟုတ်ပါက ဤတောင်တန်းအတွင်း
သားရဲထိန်းချုပ်ဂိုဏ်း၏ အဖွဲ့ဝင်များကို
ဖယ်ရှားရန် မဖြစ်နိုင်ပေ။

နောက်ဆုံးတွင် သူတို့ဟာ
ထိုနတ်ဆိုးသားရဲများအားလုံးကို
မသတ်နိုင်ပါက သားရဲထိန်းချုပ်ဂိုဏ်း၏
မျက်လုံးများနှင့် နားများဖြစ်သွားပါလိမ့်မည်။

"သားရဲထိန်းချုပ်ဂိုဏ်းက ဒီလိုစွမ်းရည်ကို ပိုင်ဆိုင်ထားတာတောင် ဘယ်လိုကြောင့် ငွေအဆင့်ဂိုဏ်းပဲ ဖြစ်ရတာလဲ?" ယန်ယဲ့က မေးလိုက်သည်။

လီချင်ကျင်းက "သူတို့ရဲ့ဒီစွမ်းရည်က တကယ်ကို ကြောက်စရာကောင်းပေမဲ့ အကန့်အသတ်တွေရှိတယ်။ သူတို့က သူတော်စင်တစ်ပိုင်းအဆင့်နဲ့ အောက်အဆင့် နတ်ဆိုးသားရဲတိုင်းကို မထိန်းချုပ်နိုင်ဘူးလေ။ ပင်လယ်လှိုင်းစီရင်စုမှာ နတ်ဆိုးတွေနဲ့ လူသားတွေက တစ်ဖက်နဲ့တစ်ဖက်

ယှဉ်တွဲနေထိုင်ကြတယ်။ ပြီးတော့
နတ်ဆိုးဘုရင်တွေက တကယ့်ကို
ထိပ်သီးပညာရှင်တွေချည်းပဲ။ ဒီတော့ သူတို့က
သူတော်စင်တစ်ပိုင်းအဆင့်နဲ့
အထက်ဆင့်နတ်ဆိုးတွေကို
လူသားတွေလက်အောက်
ရောက်ခွင့်မပြုကြဘူး။
အထူးအခြေနေမျိုးမဟုတ်ရင်!”

"နတ်ဆိုးဘုရင်တွေလား?" ယန်ယဲ့ဟာ
အတော်လေး အံ့သြသွားသည်။

သူမက “ထင်းရှူးစီရင်စုမှာ နတ်ဆိုးဘုရင် ၁၂ ပါးရှိတယ်။ သူတို့အားလုံးက သိုင်းသူတော်စင်တွေ။ ပြီးတော့ သူတို့လက်အောက်မှာ မရေမတွက်နိုင်တဲ့ နတ်ဆိုးဗိုလ်ချုပ်တွေနဲ့ နတ်ဆိုးတပ်မှူးတွေလည်းရှိသေးတယ်။ ပင်လယ်လှိုင်းစီရင်စုမှာရှိတဲ့ နတ်ဆိုးမျိုးနွယ်တောင် လူသားမျိုးနွယ်ထက် မနိမ့်ကျဘူးလို့ ပြောနိုင်တယ်။ ကံကောင်းစွာနဲ့ပဲ၊ မျိုးနွယ်စုနှစ်ခုကြားမှာ သဟဇာတဖြစ်အောင် လုပ်ထားတဲ့ သဘောတူညီချက်ရှိနေတာပဲ။ လူသားတွေနဲ့

နတ်ဆိုးတွေက

ခဏခဏသတ်ဖြတ်တယ်ဆိုပေမယ်လို့ အဲဒါက

အဆင့်မြင့်အာဏာပိုင်တွေ

မမြင်ယောင်ဆောင်ထားတဲ့

ပဋိပက္ခသေးသေးလေးတွေပါပဲ။

ဘာကြောင့်လဲဆိုတော့ နတ်ဆိုးတွေပဲဖြစ်ဖြစ်

ငါတို့လူသားတွေပဲဖြစ်ဖြစ်၊ အားလုံးက

သေခြင်း၊ ရှင်ခြင်း တိုက်ပွဲ ဖြစ်ကြမှာလေ။"

" သိုင်းသူတော်စင် ၁၂ ယောက်။ " ယန်ယွဲ့သည်

မျက်ခွံများပင် တဆတ်ဆတ်

လှုပ်ယမ်းသွားသည်။ သူသည်

ကောင်းကင်အဆင့် ၃ ခားစိတ်ဆန္ဒကို
ထပ်ပြီးလောင်ကျွမ်းခြင်းမပြုဘဲ
ကောင်းကင်ဘုံဖျက်ဆီးခြင်းခားကို မသုံးပါက
သိုင်းသူတော်စင်နှင့် တိုက်ခိုက်ရန်
အခွင့်အရေးရှိမည်မဟုတ်ပေ။
ဖန်တီးခြင်းခားနယ်မြေနှင့်
ပျက်သုဉ်းခြင်းဥပဒေသ တို့ကို
နားလည်ထားသည့်တိုင် သိုင်းသူတော်စင်ကို
ရင်ဆိုင်ရန်မဖြစ်နိုင်ပါ။

ယန်ယဲ့က ရုတ်တရက် တစ်ခုခုကို
တွေးနေပုံရပြီး "ဒီတောင်တန်းမှာ

နတ်ဆိုးဘုရင်တွေ ရှိသလား” ဟု အလျင်စလို မေးလိုက်သည်။

၉၉၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၆ - တဖန်ထိပ်တိုက်ရင်ဆိုင်

လီချင်ကျင်းက အနည်းငယ် အံ့အားသင့်သွားပြီး "ဘာမှ မရှိသင့်ဘူး" ဟု ပြောလိုက်သည်။

"မင်းဘာကိုဆိုလိုတာလဲ?
ဖြစ်သင့်လာမဟုတ်ဘူးလား?" ယန်ယဲ့က
မျက်မှောင်ကြုတ်လိုက်သည်။ သူသည်
ဤတောင်တန်း၌ရှိစဉ်တွင်
မထူးခြားသော်လည်း
ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်ကို မပြတ်ခံစားခဲ့ရသည်။
ၚင်းသည် သူတော်စင်တစ်ပိုင်းအဆင့်
ပိုင်ဆိုင်ထားသင့်သော အရာလည်း မဟုတ်ပေ။
သို့ရာတွင် ၚင်းသည် သိုင်းသူတော်စင်၏
အရှိန်အဝါနှင့်လည်း မတူပါ။
အဘယ်ကြောင့်ဆိုသော် ၚင်းသည်

သိုင်းသူတော်စင် ဖြစ်နေပါက သူ့အနေဖြင့် လုံးဝ အာရုံခံမိလိမ့်မည် မဟုတ်ပေ။

"ကောင်းကင်ပျက်စီးခြင်းတောင်တန်းက အရေးမပါတဲ့နေရာတစ်ခုပဲလေ။ နတ်ဆိုးဘုရင်တွေက ဒီလိုနေရာမျိုးကို ဘာလုပ်မှာတဲ့လဲ။" လီချင်ကျင်းက ဆက်ပြောသည် "သူတို့သာ လုပ်မယ်ဆိုရင် ကီလိုမီတာ ရာနဲ့ချီတဲ့ ဧရိယာမှာရှိတဲ့ လူသားအင်အားစုနဲ့ မျိုးနွယ်စုတွေက ရှေ့ရလိမ့်မယ်။ ပလက်တီနမ်အဆင့် မဟာဂိုဏ်း မဟုတ်ရင်တော့

နတ်ဆိုးဘုရင်တွေနဲ့ ဘယ်သူမှ
အေးချမ်းယှဉ်နေနိုင်မှာမဟုတ်ဘူး။"

"နတ်ဆိုးဘုရင်မဟုတ်ဘူးလား" ယန်ယဲ့သည်
အဝေးဆီသို့ လှမ်းကြည့်လိုက်သော်လည်း
သူ့အမြင်အာရုံထဲသို့ အဆုံးမဲ့သော
တောင်များသာ ရှိနေသေး၏။

အစွမ်းထက်အရှိန်အဝါက
တောင်တန်းများအတွင်း၌
နက်ရှိုင်းစွာရှိနေဆဲပင်။

သူ၏စိတ်အာရုံအသိနှင့်
နတ်ဘုရားစိတ်ဝိညာဉ်သာ သန်

မာနေသည်မဟုတ်ပါက ထိုအရာကို လုံးဝသတိထားမိမှာမဟုတ်ပေ။

" ဝိညာဉ်မျောက်ဝံတောင်တန်းက ရှေ့ဆို ရောက်ပြီ။" ဖန်မုန့်က ရုတ်တရက် ရပ်တန့်လိုက်ပြီး သူတို့ရှေ့က တောင်ကို ညွှန်ပြလိုက်သည်။

ဖန်လီက တောင်ကို မော့ကြည့်လိုက်ပြီးနောက် လီချင်ကျင်းကို စိုက်ကြည့်နေသည်။

ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ် မှိတ်သွားပြီး "မိန်းကလေးလီ! မင်းက တကယ်ကို အံ့သြစရာကောင်းတယ်။ မင်း ငါတို့ကို သတိမထားမိအောင်လုပ်ရင်း ဒီကို အရောက်လာနိုင်ခဲ့တာပဲ!”

လီချင်ကျင်းက ယန်ယဲ့ကို ဖန်မုန့်၏ လက်ထဲ လွှဲပေးလိုက်သည်။

ထို့နောက်တွင် ဖန်မုန့်က ယန်ယဲ့ကို ကျောပိုးကာ ဖန်လီကိုဘာအချက်ပြပြီး ခပ်ဝေးဝေးသို့ ထွက်သွားခဲ့သည်။

လီချင်ကျင်းက သူတို့ကို
တစ်ချက်ကြည့်လိုက်ပြီး "အစ်ကို ယန်၊
အလှမယ်ဖန်၊ ငါတောင်းပန်ပါတယ်။
ဒီကိုလာခဲ့ရတယ်။ အစ်ကိုယန်! ငါ့ကို
ဦးဆောင်ပြီး ဒုက္ခအများကြီးကို
ရှောင်ခွင့်ပေးလို့ ကျေးဇူးတင်ပါတယ်။”

ထိုစကားပြောပြီးနောက် ယန်ယဲ့ဆီကို
ဆေးပုလင်းတစ်လုံး ပစ်ပေးလိုက်ပြီး
"ဒါတွေက
စွမ်းအင်ပြန်လည်ဖြည့်တင်းတဲ့ဆေးလုံးတွေပါ။
အဲဒီအထဲမှာ ၃ လုံးရှိသေးတယ်။ သူတို့က နင့်ရဲ့

ဆန်းကြယ်ချီစွမ်းအင်တချို့တစ်ဝက်ကို ချက်ချင်းပြန်ယူနိုင်တယ်။ လမ်းကို ရှေ့ကနေ ဦးဆောင်ခဲ့လို့ ငါ့လျော်ကြေးအဖြစ် ယူလိုက်ပါ။ အခုတော့ နှုတ်ဆက်ပါတယ်။ !"

စကားပြောပြီးသည်နှင့် တပြိုင်နက် သူမ၏ပုံရိပ်က တဖျပ်ဖျပ်ဖျပ်ခတ်ကာ သူတို့၏အမြင်အာရုံရှေ့မှာပဲ ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင် ဇီရှင်း၏အဖွဲ့က သူတို့ရှေ့တွင် ပေါ်လာခဲ့လေသည်။

ယန်ယဲ့သည် သူ့လက်ထဲက ဆေးပြားများကို စိုက်ကြည့်ရင်း လှောင်ပြောင်ရယ်မောလိုက်သည်။ အနှီမိန်းကလေးက လမ်းပြခဲ့သောကြောင့် ဆေးပြားများ ပေးခဲ့ခြင်းမဟုတ်ချေ။ သူနှင့် သားရဲထိန်းချုပ်ဂိုဏ်းတို့ အချင်းချင်း ပြင်းထန်စွာ တိုက်ခိုက်စေလိုသည့် ရည်ရွယ်ချက်ကြောင့်ပင်။

“ဘယ်လို… သူ ဒါကို ဘယ်လိုလုပ်နိုင်ရတာလဲ….” ဖန်မုန့်က လီချင်ကျင်းကို မိတ်ဆွေအဖြစ်

သတ်မှတ်ထားခဲ့သည်ဖြစ်ရာ အတော်လေး
ဒေါသထွက်သွားခဲ့ပါသည်။

"နင်သေပြီ!" ထိုအချိန်တွင် ဇီရှင်းက
ပြင်းထန်စွာပြောလိုက်သည်။ အမှန်တွင်
တစ်ကြိမ်လှည့်ဖြားခြင်းကို ပေါ့လျော့မှုဟု
ယူဆနိုင်သော်လည်း
နှစ်ကြိမ်လှည့်ဖြားခံရခြင်းသည်
မိုက်မဲမှုသာဖြစ်သည်။ သူမရှေ့တွင်
ရပ်နေသောလူက သူမကို
နှစ်ကြိမ်လှည့်ဖြားခဲ့သည်။ ထိုအရာက သူမကို
အလွန်အရှက်ရစေသည်။

ယန်ယဲ့သည် ဆေးပြား ၁ ပြားကို မျိုချလိုက်ပြီးနောက် ဖန်မုန့် ထံသို့ လျှောက်သွားကာ "မင်းမှာ ဓားတစ်ချောင်းလောက် ရှိသေးလား"

ဖန်မုန့်က ကမန်းကတန်း ခေါင်းညိတ်လိုက်ပြီး နောက်ထပ် ဓားတစ်ချောင်း ထုတ်ယူကာ ယန်ယဲ့ကို ပေးလိုက်သည်။

ယန်ယဲ့သည် ဓားကို ယူကာ ရှေးဟောင်းဓားအိမ်ထဲထည့်လိုက်၏။

ထို့နောက် သူက တစ်ဖက်လှည့်၍
ဇီရှင်းနှင့်အဖွဲ့ကို စူးစိုက်ကြည့်ကာ “
ငါ့တိုက်ခိုက်မှုက ကောင်းကင်ကို
ခွဲထုတ်နိုင်တယ်။ ငါတကယ်မင်းတို့အားလုံးကို
ကြောက်အောင်
ခြိမ်းခြောက်နေတာမဟုတ်ဘူး။ မင်းတို့
ဘယ်ဟာကို စမ်းကြည့်ချင်လဲ။ ဟုတ်တယ်၊
အကျိုးဆက်က သိပ်ဆိုးမှာမဟုတ်ဘူး။
ပိုဆိုးတာက နည်းနည်းပဲ။ အဆိုးဆုံးအနေနဲ့
အဲဒီလူအိုကြီးလို အနောက်ဖက်သွားနိုင်တယ်။
ငါ မင်းတို့ ကြောက်သွားအောင်
လုပ်နေတာမဟုတ်ဘူးနော်"

ယန်ယဲ့က သူတို့ကို
တမင်ခြိမ်းခြောက်နေတာမဟုတ်ပါ။
စွမ်းအင်ပြန်လည်ဖြည့်တင်းဆေး ၁ လုံးကို
မျိုချပြီးနောက် သူ့ခန္ဓာကိုယ်ထဲတွင်
စွမ်းအင်အချို့ပြန်ရလာခဲ့သည်။ သို့သော်လည်း
သူ၏ဒဏ်ရာများ အကုန်လုံး ကုသဖို့က အချိန်
၁၅ မိနစ်လောက် လိုအပ်ပါဦးမည်ဖြစ်သည်။
ထို့အပြင် သူက ဒဏ်ရာကနေ
ပြန်သက်သာလာလျှင်ပင် ဓားကို
ဆွဲမထုတ်ရဲပေ။ အကြောင်းအရင်းမှာ
ဓားကိုဆွဲထုတ်လိုက်ပါက

သူ့ခန္ဓာကိုယ်တစ်ခုလုံး အပိုင်းပိုင်း
ပေါက်ကွဲသွားနိုင်သောကြောင့်ပါ။

ထို့ကြောင့် သူက တတ်နိုင်သမျှ
အစွမ်းကုန်ကြိုးစားပြီး အချိန်ဆွဲနေခြင်းပင်။

ယန်ယဲ့ ဓားဆွဲထုတ်ခါနီးတွင် ဇီရှင်း
နှင့်ကျန်လူများအားလုံး ခြေလှမ်းအနည်းငယ်
နောက်ပြန်ဆုတ်သွားကြသည်။ နောက်ဆုံးတွင်
ယန်ယဲ့၏ ဓားဆွဲထုတ်သည့်နည်းစနစ်ဟာ
မည်မျှကြောက်စရာကောင်းသည်ကို သူတို့
မြင်တွေ့ခဲ့ရသည်မဟုတ်လော။

သိုင်းကောရာဇ်အဆင့် ပညာရှင်တစ်ဦးသည်ပင် ချက်ချင်း အသတ်ခံရသည်။ သူတို့လို ချီးမြှောက်ခြင်းနယ်ပယ်အဆင့် များက မည်သို့ မကြောက်လန့်ဘဲ နေပါမည်နည်း။

ဇီရှင်းက ရုတ်တရက်ပြောလိုက်သည်။ “သူက ခွန်အားတွေပြနေပေမဲ့ တကယ်တမ်းကျတော့ အားနည်းတဲ့အခြေအနေမှာ ရှိနေတယ်။ ငါတို့ သူ့ကို ကြောက်စရာ မလိုဘူး!"

"ငါ အားနည်းတဲ့ အနေအထားမှာ ရောက်နေတာလား" ယန်ယဲ့က

အေးစက်စွာအော်လိုက်သည်။ သူ၏
ဘယ်ဖက်လက်က
အနည်းငယ်ရွေ့လျားသွားပြီးနောက်
ဓားတစ်ချောင်းကို ကောင်းကင်သို့
ပိုင်းချလိုက်သည်။ ထိုအချိန်တွင် ယန်ယွဲ့သည်
ရှေ့ကို ခြေတစ်လှမ်းတိုးကာ သူတို့ကို
အထင်အမြင်သေးစွာဖြင့် ကြည့်လိုက်ပြီး
"မင်းတို့အားလုံး တစ်ယောက်ပြီးတစ်ယောက်
တိုက်ခိုက်မှာလား ဒါမှမဟုတ် တပြိုင်တည်း
တက်လာမလား။"

ဇီရှင်း အပါအဝင် လူလတ်ပိုင်း ၁၀ ယောက်လုံး အမှုအရာများ အနည်းငယ် ပြောင်းလဲသွားကာ နောက်သို့ ခြေနှစ်လှမ်း ဆုတ်သွားခဲ့သည်။

သူတို့ဟာ သူရဲဘောကြောင်သူများ မဟုတ်ချေ။ ယန်ယွဲ့ဟာ ဓားတစ်ချက်လွှဲယမ်းရုံဖြင့် သိုင်းကျောဇ်တစ်ဦးကို သတ်လိုက်သည့်မြင်ကွင်းက အလွန်ကို ကြောက်စရာကောင်းလှ၏။

အတိအကျပြောရလျှင် ထိုမြင်ကွင်းသည် သူတို့ကိုအလိုလို ကြောက်ရွံ့စေပြီး ယန်ယွဲ့ ဆီက သေမင်း၏အငွေ့အသက် ထွက်ပေါ်နေသည်ဟုထင်ရသလိုပင်။

"သူက ငါတို့ကို ကြောက်အောင်
ခြောက်နေတာပဲ!" ဇီရှင်းက
လေးနက်စွာပြောလိုက်သည်။
ထိုစကားပြောလိုက်သော်လည်း
သူမ၏စိတ်ထဲမှာတော့
ချီတုံချတုံဖြစ်နေလေသည်။
အဘယ်ကြောင့်ဆိုသော် ယန်ယွဲ့
မည်မျှကြောက်စရာကောင်းပြီး
ရက်စက်ကြမ်းကြုတ်သည်ကို
သူမကိုယ်တိုင်ကြုံတွေ့ခဲ့ရသောကြောင့်ဖြစ်သ
ည်။

"ဒါဆို မင်းဘာလို့ လာမစမ်းတာလဲ"
ယန်ယဲ့သည် နေရာတွင် ရပ်နေပြီး ဘယ်လက်ကိုဆန့်ကာ ရှေးဟောင်းဓားအိမ်ကို ကိုင်ပြီး ညာလက်ဖြင့် ဓားလက်ကိုင်ရိုးကို ဆုပ်ကိုင်ထားသည်။ ရှေးဟောင်းဓားအိမ်က အဆက်မပြတ်တုန်ခါနေပြီး ဓားက အထဲကနေ အချိန်မရွေး ထွက်လာတော့မည်ဟုပင် ထင်ရသည်။

လူတိုင်း မျက်နှာပေါ်တွင် ချွေးအေးများ စီးကျလာပြီး အဘိုးအို သေဆုံးသည့်

မြင်ကွင်းကို ပြန်သတိရသောအခါ
ထွက်ပြေးရန် ကြံရွယ်ထားသော်လည်း
မထနိုင်ဘဲ မနေနိုင်ပေ။

ဇီရှင်းက ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်နေပြီး
အလွန်
ကြောက်လန့်နေသော်လည်း သူမ၏စိတ်ကို
တည်ငြိမ်အောင် ထိန်းချုပ်လိုက်ကာ “အဲဒါကို
စဉ်းစားကြည့်ပါ။တကယ်လို့ သူ့မှာ ငါတို့ကို
သတ်ဖို့အားရှိနေသေးရင် ဒီလို
အချိန်ဖြုန်းနေမှာတဲ့လား။ သူ့ရဲ့ခွန်အားက
သေချာပေါက် အားနည်းနေတာ သေချာတယ်။

ငါတို့တိုက်ခိုက်ဖို့ပဲလိုတယ်၊
ငါတို့သူ့ကိုသတ်နိုင်လိမ့်မယ်!”

လူလတ်ပိုင်းအဘိုးအိုသည် ဇီရှင်း၏
စကားကိုကြားသောအခါ
အကြည့်ချင်းဖလှယ်ကာ အဓိပ္ပါယ်ရှိကြောင်း
ခံစားလိုက်ရသည်။

ထိုအချိန်တွင် ယန်ယဲ့သည် သူတို့ဆီသို့
ဖြည်းညှင်းစွာ လျှောက်လာသည်ကို
မြင်လိုက်ရာ လူတိုင်း၏ အမူအရာများသည်
နောက်တစ်ကြိမ် ပြောင်းလဲသွားကြသည်။

ယန်ယဲ့က သူတို့ဆီ လျှောက်သွားနေသည်ကို မြင်လိုက်ချိန်တွင် ဖန်မုန့်က အလွန်ထိတ်လန့်သွားသည်။ နောက်ဆုံးတော့ သူမက ယန်ယဲ့၏လက်ရှိအနေအထားကို ကောင်းကောင်းသိထားခဲ့သည်။

သူမက ယန်ယဲ့ကို ဆွဲခေါ်ရန်ပြင်လိုက်သော်လည်း ဖန်လီက သူမကိုတားလိုက်သည်။

ယန်ယဲ့သည် ဇီရှင်း၏အဖွဲ့ကို ခြိမ်းခြောက်နေကြောင်း ဖန်လီက သတိပြုမိသဖြင့် ဖန်မုန့်သာ ယန်ယဲ့ကို

တားဆီးလိုက်ပါက
သူ၏ကြိုးစားအားထုတ်မှုများအလဟဿဖြစ်
သွားနိုင်ပေသည်။

"မင်းကိုသတ်နိုင်စွမ်းမရှိဘူးလို့ထင်လား"
ယန်ယွဲ့၏ အကြည့်များသည် ဇီရှင်း အပေါ်သို့
ကျဆင်းသွားကာ သူမဆီသို့ တစ်လှမ်းချင်း
လျှောက်လာခဲ့သည်။ သူ့ခြေလှမ်းက
အလွန်နှေးကွေးသော်လည်း ဇီရှင်း နှင့်
သူမနောက်ရှိလူတိုင်း
နှလုံးသားများအပေါ်ခြေထောက်ကြီးဖြင့်
တက်နင်းလိုက်သလို ခံစားလိုက်ကြရသည်။

ဇီရှင်းနှင့်အဖွဲ့က အဆက်မပြတ်
ဆုတ်ခွာသွားချိန်တွင် ယန်ယဲ့သည်
အဆက်မပြတ် တိုးလာခဲ့သည်။
ထိုသို့သောမြင်ကွင်းကြောင့် ဖန်လီ နှင့် ဖန်မုန့်
တို့နှစ်ယောက်လုံး အံ့အားသင့်သွားခဲ့သည်။

ဇီရှင်း နှင့်သူမ၏အဖွဲ့ဝင်များ
စိတ်ဓာတ်ပြိုလဲလုနီးပါးဖြစ်နေသည်ကို
ပြောစရာပင်မလိုပေ။ ယန်ယဲ့သည် သူတို့အား
ခြိမ်းခြောက်နေမှန်း သိထားသည့်တိုင်

တစ်ယောက်မျှ ရှေ့တက်ပြီး
မတိုက်ခိုက်ဝံ့ကြသေးပေ။
ဓားတစ်ချက်တည်းဖြင့် အဘိုးအိုအား ယန်ယဲ့
သတ်ပစ်လိုက်သောမြင်ကွင်းဟာ
သူတို့၏စိတ်ထဲ အထင်းသား ပေါ်လာခဲ့သည်။

“အား!” ဇီရှင်းက ရုတ်တရက် ဒေါသတကြီး
အော်ဟစ်လိုက်သည်။ ယန်ယဲ့သည်
ထိုအခြေအနေကြောင့် မျက်ခွံများ
လှုပ်ရမ်းသွားကာ ဤနေရာရှိလူတိုင်း လည်း
အံ့အားသင့်သွားကြသည်။ လူတိုင်း

မလှုပ်တော့ဘဲ ဇီရှင်း ရူးသွားပြီလားဟု
တွေးလိုက်မိကြသည်။

ထိုအချိန်မှာပဲ သူမ၏ခန္ဓာကိုယ်ဆီမှ
ပြင်းထန်သော အော်ရာတစ်ခု
ပေါက်ကွဲလာသည်။ သူမ၏ မျက်လုံးများက
သွေးရောင်အတိဖြစ်နေကာ ယန်ယဲ့ကို
စိုက်ကြည့်နေခဲ့သည်။
သိသာစွာပင် သူမဟာ ခြိမ်းခြောက်နေသည်ကို
လုံးဝမခံနိုင်တော့ပေ။ ထို့ကြောင့်
သူမ၏ဆန်းကြယ်ချီစွမ်းအင်ကို

အကန့်အသတ်ထိမြင့်တင်ကာ ယန်ယဲ့အား ဆွဲခေါ်သွားရန် ရည်ရွယ်လိုက်၏။

၉၉၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၇ - ကောင်းကင်ကြယ်မြို့၏ ပညာရှင်များ

ယန်ယဲ့၏ ပါးစပ်ထောင့်များ လှုပ်ယမ်းသွားသည်။ "သူမ တကယ်ကို ရှုံးနေတာပဲ။"

"ငါနင့်ကိုသတ်မယ်!" ဇီရှင်းက ဒေါသတကြီး အော်ဟစ်ကာ တိုက်ခိုက်တော့မည်ဖြစ်သည်။

သို့သော် ၎င်းတို့သည် ရုတ်တရက် မြေလျှင်လှုပ်ခါသွားသလို ခံစားရပြီး မြေပြင်တစ်ခုလုံးပြိုကျလုနီးပါး ခံစားလိုက်ရသည်။

အုန်း!

သူတို့နှင့် မဝေးလှသောနေရာမှ
တောင်ကြီးတစ်လုံးလုံး ပြိုကျသွားသည်။

ထိုမြင်ကွင်းကြောင့် သူတို့အားလုံး
အံ့သြသွားခဲ့ကြပြီး ယန်ယဲ့ပင်လျှင်
အံ့အားသင့်သွား၏။ "ဘာတွေဖြစ်နေတာလဲ?

ရုတ်တရက် လီချင်ကျင်းက ယန်ယဲ့ နှင့် အခြားသူများရှေ့တွင် ပေါ်လာသည်။ ဒီအချိန်တွင် သူမ၏မျက်နှာသည် ထိတ်လန့်မှုနှင့် စိုးရိမ်မှုတို့ဖြင့် ဖုံးလွှမ်းထားသည်။ ထိုခံစားချက် ၂ ခုအပြင် ယန်ယဲ့ဟာ လီချင်ကျင်း၏မျက်နှာဆီမှ ရောထွေးနေသော ပျော်ရွှင်မှုနှင့် စိတ်လှုပ်ရှားမှုကို သတိပြုမိလိုက်သည်။

"ထွက်သွားရအောင်! မြန်မြန်!" လီချင်ကျင်းက ယန်ယဲ့ကို သူမ၏နောက်ကျောပေါ်တင်ကာ

လေလှိုင်းတစ်ခုအလား အဝေးဆီသို့ ပြေးထွက်သွားပါတော့သည်။

ဖန်လီသာ် ထိတ်လန့်နေရာက သတိပြန်ဝင်လာချိန်တွင် ဖန်မုန့်၏လက်ကို ဆွဲကာ လီချင်ကျင်း နောက်သို့ အမြန်ဆုံး ပြေးလိုက်သွားခဲ့သည်။

ဘောင်း!

ဒီအချိန်မှာ မြေပြင်က ပြင်းပြင်းထန်ထန် တုန်လှုပ်သွားခဲ့လေသည်။

ဇီရှင်းနှင့်အဖွဲ့ဝင်များလည်း လှည့်ကြည့်လိုက်ရာ တောင်ကုန်းငယ်တစ်လုံး အရွယ်အစားခန့် ရောမမျောက်ဝံကြီးတစ်ကောင် ၎င်းတို့ ဆီသို့ ပြေးလာသည်ကို တွေ့လိုက်ရသည်။

ရောမမျောက်ဝံကြီးက အမြင့် ၃၀ မီတာနီးပါးရှိပြီး ၎င်း၏ခြေလက် ၄ ချောင်းစလုံးဟာ မြေကြီးထဲ နစ်ဝင်နေပြီး ခြေတစ်ချက်လှမ်းလိုက်တိုင်း မြေပြင်တစ်ခုလုံး အဆက်မပြတ်တုန်ခါသွားသည်။

"နတ်ဆိုးဗိုလ်ချုပ် လား!" ဇီရှင်း အပါအဝင်
လူတိုင်းလည်း မျက်နှာများ ဖြူဖျော့သွားကာ
တွန့်ဆုတ်မနေဘဲ နောက်လှည့်ကာ
ထွက်ပြေးကြတော့သည်။

သူတို့၏ သားရဲထိန်းချုပ်ဂိုဏ်းသည်
သားရဲများကို အမိန့်ပေးနိုင်သော်လည်း
သားရဲအပေါ်တွင်မူတည်သည်။ သူတို့က
နတ်ဆိုးဗိုလ်ချုပ် များကို မထိန်းချုပ်နိုင်ပေ။
ထို့အပြင် နတ်ဆိုးမျောက်ဝံက
အလွန်အမင်းဒေါသထွက်နေသည်မှာ
သိသာလှသည်။ ထိုအခြေအနေတွင် ၎င်းကို
ထိန်းချုပ်ရန်ကြိုးစားပါက

ငရဲကိုအလည်အပတ်သွားလာနေသည်နှင့်အတူ
တူပင်။ ထို့ကြောင့် အားလုံးက လုံးဝကို
တုံ့ဆိုင်း်မနေဘဲ ချက်ချင်းပင်
ထွက်ပြေးကြသည်။

ထိုအချိန်တွင် ယန်ယဲ့သည် ရောမ
နတ်ဆိုးမျောက်ဝံကြီး ၎င်းတို့နောက်ကို
လိုက်လာကြောင်း မြင်လိုက်ရပြီး
ပါးစပ်ထောင့်များ လှုပ်ယမ်းသွားလေသည်။

နတ်ဆိုးမျောက်ဝံက
သိုင်းကေရာဇ်အထွတ်အထိပ်အဆင့်သာမကဘဲ
၎င်း၏ခန္ဓာကိုယ်ဟာ

သံမဏိမြို့ရိုးကြီးတစ်ခုအလား
သန်မာလှသည်။ ၎င်း၏ခန္ဓာကိုယ်အရေပြားက
ထူထပ်ပြီး မာကျောသဖြင့်
သူ၏ဓားစွမ်းအင်ဖြင့်ပင်
ထိုးဖောက်မရကြောင်း သိလိုက်သည်။

ယန်ယဲ့က ဒေါသတကြီးဖြင့်
"မင်းဘာလုပ်လိုက်တာလဲ!"

လီချင်ကျင်းက နှုတ်ဆိတ်နေသော်လည်း
ဖန်လီက ရုတ်တရက် ပြန်ဖြေခဲ့သည်။ “အဲဒါ

နတ်ဆိုးဗိုလ်ချုပ် ပဲ။ သာမန်ဆိုရင်တော့ လူသားတွေက ရန်မစရင် လူတွေကို တိုက်ခိုက်မှာ မဟုတ်ဘူး။ အခုက အရမ်းရက်စက်ပြီး ဒေါသဖြစ်နေပြီ…” ထိုစကားပြောပြီးသည်နှင့် လီချင်ကျင်းကို စူးစူးစိုက်စိုက်ကြည့်ရင်း "အလှမယ်လီ၊ နင်က အဲဒီ မျောက်ဝံဘုရင်ရဲ့ မျောက်ဝိုင်ကို သွားခိုးတာလား?"

“ဟုတ်တယ်!” လီချင်ကျင်းက အမှန်တရားကို ဖုံးကွယ်မထားပေ၊ ချက်ချင်း ခေါင်းညိတ်လိုက်သည်။

ဖန်လီ၏မျက်နှာသည်
ချက်ချင်းဖြူဖျော့သွားသည်။

ယန်ယဲ့သည် အခြေအနေကို
သတိပြုမိသောအခါ "ဒါက ဘာလဲ"

ဖန်လီက စကားတစ်ခွန်းမှမပြောဘဲ ဖန်မုန့်က
ဝင်ပြောခဲ့သည်။ "ဒါက
နတ်ဆိုးမျိုးနွယ်တွေထဲမှာ
မျောက်မျိုးနွယ်တွေကို

အနှစ်သက်ဆုံးဖြစ်သလို သူတို့အတွက်
အရမ်းအရေးကြီးတယ်။ သူတို့ရဲ့ခွန်အားကို
မြှင့်တင်ပေးနိုင်တဲ့အပြင် သူတို့ရဲ့မျိုးနွယ်ထဲက
အမတွေကို မျိုးပွားအောင်
လုပ်ပေးနိုင်စွမ်းလည်း ရှိတယ်။ ဒါကြောင့်
မျောက်မျိုးနွယ်စု နတ်ဆိုးတိုင်းဟာ
မျောက်ဝိုင်ကို ချက်လုပ်ကြတယ်။
အဲဒါအတွက် ဒီတောင်တန်းတစ်ခုလုံးမှာရှိတဲ့
မရေမတွက်နိုင်တဲ့ရတနာတွေ၊
နတ်ရေစင်မျိုးစုံနဲ့ ဝိညာဉ်ဆေးပင်တွေကို
စုဆောင်းရတယ်။ ဒါ့အပြင် မျောက်ဝိုင်ကို
ချက်ဖို့က နှစ်ဒါဇင်လောက် ကြာတယ်။ ဒါပေမဲ့

သူမက...အဲဒီအရာကို သွားခိုးရဲတာ။
ငါတို့နောက်ကိုလိုက်လာတဲ့
နတ်ဆိုးမျောက်ဝံက သေချာပေါက်
အသေသတ်တော့မှာ။"

ထိုစကားကို ကြားလိုက်ချိန်တွင် ယန်ယဲ့လည်း
မျက်နှာပျက်သွား၏။ သူက
လီချင်ကျင်း၏လည်ပင်းကို ဖမ်းဆုပ်လိုက်ပြီး
“အခု မင်းမှာ ရွေးချယ်စရာ ၂ ခုရှိတယ်။
ပထမတစ်ခုက ဝိုင်ကို ပြန်ပေးလိုက်။
ဒုတိယအချက်က ငါ့ကို လွှတ်ချပြီး
ကိုယ့်ဘာသာကိုယ် ထွက်ပြေးဖို့ပဲ။”

အစပိုင်းတွင် လီချင်ကျင်းက သူ့အား
မိတ်ဆွေတစ်ယောက်လို
သဘောထားခဲ့သည်ဟု ထင်ခဲ့သည်။
ယခုအချိန်တွင်မှ သူမ၏
အတွင်းစိတ်သဏ္ဍာန်က ရုပ်လုံးပေါ်လာခဲ့ပါပြီ။
အနီမိန်းမပျိုက အားလုံးကို သူမနှင့်အတူ
သေဖို့ကြံစည်နေခြင်းပင်။

လီချင်ကျင်း၏ အမူအရာသည် တည်ငြိမ်နေပြီး
ယန်ယဲ့ကို ပြန်ပြောလိုက်သည်။ "ယန်ယဲ့!
နင့်မှာ ဝှက်ဖဲတစ်မျိုးမျိုး သေချာပေါက်
ရှိတယ်ဆိုတာ ငါသိပါတယ်၊ ပြီးတော့ နင်က

ဒီနတ်ဆိုးမျောက်ဝံနဲ့ သေချာပေါက်
ရင်ဆိုင်နိုင်နေပြီလေ။
နင်ငါ့ကိုဒီလိုလုပ်ဖို့ကူညီနေသရွေ့ ငါ့ရဲ့
ကောင်းကင်ကြယ်မြို့က နင့်ကို
ကြီးကြီးမားမားဆုချမှာ သေချာပါတယ်။"

"ဘယ်လိုတောင် ဉာဏ်များလိုက်သလဲ!
ငါဒီလိုအခြေအနေရောက်နေပြီ၊ ဒါတောင်
မင်းတကယ်ပဲ ဒီနတ်ဆိုးမိုလ်ချုပ်နဲ့
တိုက်ခိုက်စေချင်နေတာလား။" ယန်ယဲ့က
ကျိန်ဆဲလိုက်ပြီး "မင်းမျက်လုံးဖွင့်ပြီး

သေချာလေးကြည့်။ ငါ အခု လမ်းတောင်
မလျှောက်နိုင်ဘူး!”

"နင့်မှာ ဝှက်ဖဲတစ်ချပ်တော့
သေချာပေါက်ရှိတယ်" လီချင်ကျင်းက
တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

"မပါဘူး!

"ဒါဆို ငါတို့အတူတူသေမယ်!"
လီချင်ကျင်း၏အသံက ရုတ်တရက်

တင်းမာသွားသည် ။ တစ်ချိန်တည်းမှာပင် ယန်ယဲ့သည် သူမ်းလည်ပင်းကို ထပ်မံဖိညှစ်လိုက်သည်ကို ခံစားလိုက်ရသည်။ ဒီအချိန်မှာ ယန်ယဲ့သည် အားသုံးလိုက်သဖြင့် သူ့ခန္ဓာကိုယ်မှ သွေးများ စီးကျလာသည်ကို သတိပြုမိလိုက်လေသည်။

ယန်ယဲ့၏ မျက်လုံးများတွင် အေးစက်သော အလင်းရောင်တစ်ခု လင်းလက်လာသည်။ သူက ခေါင်းငုံ့ပြီး လီချင်ကျင်း၏နားနားကို ကပ်ကာ "မင်းကို ငါအရင်သတ်မယ်ဆိုတာ

ယုံလား၊ ပြီးတော့ ကောင်းကင်ကြယ်မြို့ကို အစုလိုက်အပြုံလိုက်သတ်ပေးမယ်။"

"ငါလုပ်ရဲတယ်!" လီချင်ကျင်း "နင်ဒီလိုအခြေအနေမျိုးမှာ ငါ့ကိုသတ်နိုင်တယ်ဆိုတာ ငါသိတယ်။ ပြီးတော့ နင်သာ လုံးဝပြန်ကောင်းလာရင် ကောင်းကင်ကြယ်မြို့က နင့်ကို ဘယ်လိုမှမခြိမ်းခြောက်နိုင်ဘူးဆိုတာလည်း သိတယ်။ ဒါပေမဲ့ နင်လွတ်မြောက်နိုင်ရင်တောင် ဖန်ကလန်က မိန်းကလေး ၂ ယောက်က

ထွက်ပြေးနိုင်မှာမဟုတ်ဘူးလို့
ငါအာမခံရဲတယ်!"

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား"
ယန်ယွဲ့သည် သူ့လက်ကို အားထပ်ထည့်ကာ
ပိုညှစ်လိုက်သည်။ လီချင်ကျင်းက ချက်ချင်းပင်
အသက်ရှူကျပ်သွားသလို သူ့မျက်နှာက
ခရမ်းရောင်ပြောင်းသွားသည်။

" အခုလောလောဆယ် ငါတို့ရှေ့က ပြဿနာကို
အရင်ဆုံး ဖြေရှင်းသင့်တယ်။" ဒီအချိန်မှာ

ဖန်လီက ရုတ်တရတ်ပြောလိုက်သည်။
လီချင်ကျင်း၏ အပြုအမူနှင့်
စကားလုံးများကြောင့် သူမ အတော်လေး
စိတ်ဆိုးနေသည့်တိုင် သူမကို
သေဆုံးခွင့်ပြုလို့မရကြောင်း
ရှင်းရှင်းလင်းလင်း သိထားသည်။
ထိုသို့မဟုတ်ပါက ဖန်ကလန်ဟာ
ကောင်းကင်ကြယ်မြို့၏ ဒေါသကို
သေချာပေါက် ရင်ဆိုင်ရပါလိမ့်မည်။

ယန်ယွဲ့သည် လက်ကို ခဏဖယ်လိုက်ပြီး
နောက်ဖက်သို့ တစ်ချက်ကြည့်လိုက်သည်။

ရောမမျောက်ဝံကြီးသည် ၎င်းတို့နှင့်
နီးကပ်လာသည်နှင့်အမျှ မရေမတွက်နိုင်သော
နတ်ဆိုးသားရဲများ နေရာပေါင်းစုံမှ
ထွက်ပေါ်လာပြီး တောင်တန်းတစ်ခုလုံး
တုန်ခါသွားသည်ကို သတိပြုမိလိုက်သည်။

“ အဲဒီနတ်ဆိုးမျောက်ဝံက
ကောင်းကင်ပျက်စီးခြင်းတောင်တန်းရဲ့နတ်ဆိုး
ဗိုလ်ချုပ် ဆိုတော့ သူ့ထက်အားနည်းတဲ့
နတ်ဆိုးတွေအားလုံးကို အမိန့်ပေးနိုင်တယ်။
ငါတို့… ငါတို့ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး…

” ဖန်မုန့် ပတ်ဝန်းကျင်ကို ထိတ်လန့်စွာ ကြည့်နေပြီးနောက် လီချင်ကျင်း၏ နံဘေးသို့ လျှောက်သွားကာ ယန်ယဲ့၏လက်တစ်ဖက်ကို ကြောက်လန့်တကြား ဆုပ်ကိုင်လိုက်သည်။

"ငါ ကောင်းကင်ကြယ်မြို့က ပညာရှင်တွေကို အကြောင်းကြားထားပြီ။ မကြာခင် ရောက်လာလိမ့်မယ်။" ဒီအချိန်မှာ လီချင်ကျင်းက "ငါတို့က ခဏလောက် အချိန်ဆွဲထားဖို့ပဲလိုတယ်။"

ယန်ယဲ့က သူမကို အေးစက်စက်စိုက်ကြည့်ပြီး "မင်း သူတို့ကို ဘာလို့ စောစောက အကြောင်းမကြားတာလဲ"

“ဘာလို့လဲဆိုတော့ အဲဒီတုန်းက မျောက်ဝိုင်မရသေးဘူးလေ။ ငါသူတို့ကို ကြိုအကြောင်းကြားခဲ့မယ်ဆိုရင် ငါ့ကောင်းကင်ကြယ်မြို့ရဲ့ရန်သူတွေက ဒီနေရာကို သေချာပေါက် လိုက်လာလိမ့်မယ်။ အဲဒီအချိန်မှာ သူတို့က နတ်ဆိုးမျောက်ဝံကို သေချာပေါက် ရန်စမှာပဲ။ ဒါဆိုရင် ငါက မျောက်ဝိုင်ကို ခိုးယူဖို့ နည်းနည်းလေးမှ

အခွင့်အရေးရှိမှာ မဟုတ်ဘူး။” ထိုစကားကို ပြောရင်း သူမ၏ အနီးပတ်ပတ်လည်တွင် နတ်ဆိုးများ ဆက်တိုက် ပေါ်လာသည်ကို မြင်ပြီး ထွက်မပြေးတော့ဘဲ ရပ်လိုက်သည်။ ထိုအချိန်တွင် နတ်ဆိုးများက ရှေ့တိုးလာကြပြီး သူတို့အုပ်စုကိုဝိုင်းရံထားသည်။

"လူသား! မျောက်ဝိုင်ကို ပြန်ပေးလိုက်။ မင်းရဲ့အလောင်းကို နဂိုအတိုင်းချန်ထားခဲ့မယ်!” ရုတ်တရက် ကြံ့ခိုင်သန်မာသော သက်လတ်ပိုင်း အမျိုးသားတစ်ဦးသည် နတ်ဆိုးအုပ်စုကြားထဲမှ ဖြည်းညှင်းစွာ ထွက်လာခဲ့သည်။

အသေအချာပင်၊ ထိုလူက နတ်ဆိုးမျောက်ဝံပင်ဖြစ်လေသည်။

လီချင်ကျင်းက ယန်ယဲ့ကို ကြည့်ကာ "ငါတို့ အခု ဘာလုပ်မှာလဲ" ဟုမေးလိုက်သည်။

ယန်ယဲ့က "နည်းနည်းသက်သာသွားပြီ!"

လီချင်ကျင်းက ဝမ်းသာသွားသည်။ သို့သော် ထိုအခိုက်တွင် သူမလည်ပင်းကို တစ်စုံတစ်ရာ

ညှစ်ချလိုက်သလို ခံစားလိုက်ရသည်။ ယန်ယဲ့က လီချင်ကျင်း၏ လည်ပင်းကိုဖြစ်ညှစ်ထားပြီး "အသုံးချခံရတာနဲ့ မြိမ်းခြောက်တာကို မကြိုက်ဘူး။ မင်းရဲ့ ရည်မှန်းချက်က ဘယ်လိုပဲ ဖြစ်နေပါစေ ဒီမှာပဲ အဆုံးသတ်လိုက်။"

ထိုစကားပြောပြီးနောက် ရုတ်တရက် လန့်သွားသည်။

"ရပ်လိုက်!" ရုတ်တရက် ကောင်းကင်ထက်မှ
ဒေါသတကြီး အသံတစ်သံ
ထွက်ပေါ်လာပြီးနောက်
ရွှေရောင်အလင်းတန်းများ
လင်းလက်လာသည်။

ယန်ယဲ့သည် သူ၏ဘယ်လက်ကို
လက်ချောင်းများကို ပွတ်ဆွဲကာ
ရွှေရောင်အလင်းတန်းကို ဖမ်းကိုင်လိုက်သည်။
သူ့လက်ချောင်းများကြားတွင်
ရွှေအပ်တစ်ချောင်းကို ညှပ်ထားသည်။

ယန်ယဲ့သည် သူ့လက်ထဲမှ ရွှေအပ်ကို စူးစူးစိုက်စိုက်ကြည့်ရင်း အမှန်တကယ်ပင် ဖမ်းမမိနိုင်သောကြောင့် တုန်လှုပ်သွားမိသည်။ ထို့အပြင် ၎င်းက စွမ်းအင်များ ပြန့်ထွက်မသွားကြောင်းကို သတိပြုမိခဲ့သည်။ ၎င်းကိုလွှတ်လိုက်ပါက ရပ်တန့်မနေဘဲ ဆက်၍ပစ်လွှတ်သွားပေမည်။

၉၉၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၉၉၈ - ခြိမ်းခြောက်ငွေညှစ်ခြင်း

ထိုအချိန်မှာပဲ အဖြူရောင်ဝတ်ရုံ လူငယ်လေးတစ်ယောက်နှင့် အဘိုးအို ၅ ယောက် ပေါ်လာကြသည်။

ထိုလူငယ်သည် အသက် ၂၀ ဝန်းကျင်ဖြစ်သည်။ လူငယ်က ထူးထူးခြားခြား ချောမောပြီး သူ၏ရုပ်ရည်သွင်ပြင်ဟာ လီချင်ကျင်း နှင့် ၇၀ ရာနှုန်းနီးပါးတူညီသည်။

သို့သော် သူ့မျက်နှာက ဖြူဖျော့နေပြီး သာမန်လူတစ်ယောက်၏ မျက်နှာနှင့်

လုံးဝမတူပေ။ ညာဖက်လက်တွင် အနက်ရောင်
သားရေလက်အိတ်ကို ဝတ်ဆင်ထားပြီး
၎င်းပေါ်တွင် ရွှေအပ် ၁၀ ချောင်းပါရှိသည်။

ထိုလူငယ်၏နောက်တွင် လူအိုကြီး ၅
ယောက်ရှိပြီး အားလုံး
သိုင်းကျောင်းအဆင့်တွင် ရှိနေကြသည်။

"လူသား၊ မင်း ငါ့နတ်ဆိုးမျိုးနွယ်ကို တိုက်ခိုက်ဖို့
စဉ်းစားနေတာလား။" ဝိညာဉ်မျောက်ဘုရင်က
အဖြူရောင်ဝတ်ရုံနှင့်လူငယ်အုပ်စုကို

လှောင်ပြောင်သော မျက်လုံးများဖြင့်
စိုက်ကြည့်နေသည်။

အဖြူရောင်ဝတ်ရုံလူငယ်က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
ဝိညာဉ်မျောက်ဘုရင်ကို စိုက်ကြည့်ရင်း
"ငါ့ရဲ့ကောင်းကင်ကြယ်မြို့က မှားတာပါ။
ဝိညာဉ်မျောက်ဝံဘုရင်ကို သေချာပေါက်
ရှင်းပြချက်ပေးပါ့မယ်။"

"ဒါက အကောင်းဆုံးဖြစ်မှာပါ။ မဟုတ်ရင်
ကောင်းကင်ကြယ်မြို့ဟာ ဒီနေ့ကစပြီး

တည်ရှိနေတော့မှာမဟုတ်ဘူး။”
ဝိညာဉ်မျောက်ဝံဘုရင်က အေးစက်စွာ
ပြောလိုက်သည်။

အဖြူရောင်ဝတ်ရုံလူငယ်က အသာ
ခေါင်းညိတ်ပြပြီးနောက် ယန်ယဲ့ကို
စိုက်ကြည့်ကာ "အစ်ကို၊ ငါ့ညီမလေးကို
လွှတ်ပေးနိုင်မလား"

"နင် လီမိုကျန်း လား !" တစ်ချိန်တည်းမှာပင်
ဖန်မုန့်က အံ့သြထိတ်လန့်မှုအပြည့်

မျက်လုံးများနှင့် အဖြူရောင်ဝတ်ရုံလူငယ်ကို ညွှန်ပြလိုက်သည်။

" လီမိုကျန်း?" ယန်ယဲ့သည် အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

ယန်ယဲ့ ဘေးတွင် ရပ်နေသည့် ဖန်လီက "လီမိုကျန်းက ဒီကီလိုမီတာ ၁၅၀,၀၀၀ ဧရိယာအတွင်းမှာရှိတဲ့ နှာမြေတွေအားလုံးမှာ ထိပ်ဆုံးရောက်ပါရမီရှင်တစ်ယောက်ပဲ။ ဘာကြောင့်လဲဆိုတော့ သူက အသက် ၂၀ အရွယ်မှာ သိုင်းဧကရာဇ်အဆင့်ကို

ပထမဆုံးတက်လှမ်းနိုင်သူဖြစ်ခဲ့တယ်။
အရေးကြီးဆုံးကတော့ သူက
တိမ်ပင်လယ်အကယ်ဒမီက
ခေါ်ယူစာတစ်စောင်ကို ရရှိခဲ့တာပဲ။
တိမ်ပင်လယ်အကယ်ဒမီက
ရှေးဟောင်းဓားကျောင်းတော်ထက်
နည်းနည်းလေးသာတဲ့ ပလတ်တီနမ်အဆင့်
မဟာဂိုဏ်းတစ်ခုပါ။ ပြီးတော့ သူတို့ရဲ့
တပည့်စုဆောင်းတဲ့အခါ လိုအပ်ချက်တွေက
ရှေးဟောင်းဓားကျောင်းတော်နဲ့ အတူတူပဲ။"

" သိုင်းကေရာဇ် လား " ယန်ယွဲ့သည် လီမိုကျန်းကို စိုက်ကြည့်ကာ "ငါ့အထင် သူက အခုအချိန်မှာ အဆင့်နိမ့်ချီးမြှောက်ခြင်းနယ်ပယ်ပဲ။ ပြီးတော့ သူ့ရဲ့ကျင့်ကြံမှုက ယိုင်နဲ့နေပြီ၊ အချိန်မရွေး ဝိညာဉ်နယ်ပယ်ကို ပြန်ကျသွားနိုင်တယ်။"

"မင်းရဲ့အကြည့်တွေက တကယ်ကို စူးရှတာပဲ အစ်ကို!" လီမိုကျန်းက အကြိမ်အနည်းငယ်ခန့် ချောင်းဆိုးပြီး " ချင်ကျင်း မင်းကို ဘာစော်ကားလိုက်တာလဲဆိုတာ ငါမသိဘူး။

ဒါပေမဲ့ ကျေးဇူးပြုလို့ သူ့ကို လွှတ်ပေးပါ။ ငါ သူလုပ်ခဲ့သမျှအတွက် အကုန်တာဝန်ယူမှာပါ"

“အစ်ကိုကြီး….” လီချင်ကျင်း၏ မျက်လုံးများက မှုန်ဝါးဝါး ဖြစ်လာသည်။

လီမိုကျန်းက ခေါင်းကို ညင်သာစွာ ခါလိုက်ပြီး "ချင်ကျင်း! မင်း အကြီးအကဲလင်း နဲ့ တခြားသူတွေက ငါ့ကို ကယ်တင်ချင်နေတာ ငါသိတယ်။ ဒါပေမဲ့ အဲလိုလုပ်တာက ကောင်းကင်ကြယ်မြို့အတွက် ကပ်ဘေးကို ဖိတ်ခေါ်လိုက်သလိုပဲဖြစ်မှာလေ။

မျှောက်ဝိုင်ကို မျှောက်ဘုရင်ထံ ပြန်ပေးလိုက်ပါ
”

“မဟုတ်ဘူး!” လီချင်ကျင်း၏ မျက်နှာလေးက ရုတ်တရက် ညှိုးလာပြီး "အစ်ကိုကြီး၊ နင့်ခန္ဓာကိုယ်ထဲက အဆိပ်တွေကို ဖယ်ရှားပြီးတာနဲ့ နင့်ရဲ့ခွန်အားကို ပြန်ရနိုင်ပြီ။ ဒါဆို နင်က တိမ်ပင်လယ်အကယ်ဒမီကို ဝင်နိုင်မှာပါ" ဟု ပြောလိုက်ပါသည်။ "နင် တိမ်ပင်လယ်အကယ်ဒမီကို ဝင်လိုက်တာနဲ့ နတ်ဆိုးတပ်မှူးတစ်ယောက်တောင် နင့်ကို ဘာမှလုပ်နိုင်တော့မှာမဟုတ်ဘူး။"

ထိုအချိန်တွင် လီမိုကျန်း၏နောက်တွင် ရပ်နေသော အဘိုးအိုတစ်ဦးက " သခင်လေး! သခင်မလေး ပြောတာ မှန်တယ်။ မင်း အသက်ရှင်နေသရွေ့ ကောင်းကင်ကြယ်မြို့က ဒီနေ့ ဖျက်ဆီးခံရရင်တောင် အနာဂတ်မှာ ပြန်ပြီး ထလာနိုင်တယ်။ အဲဒီမျောက်ဝံဘုရင်က သိုင်းကျောအထွတ်အထိပ်အဆင့် ဖြစ်နေရင်တောင် ငါတို့ ၅ ယောက်ပူးပေါင်းလိုက်ရင် သူ့ကိုကြောက်စရာမလိုပါဘူး။”

"ဟုတ်လား?" ဝိညာဉ်မျောက်ဝံဘုရင်သည် ပါးစပ်ထောင့်တွင် အထင်အမြင်သေးသောအပြုံးနှင့် အေးစက်စွာ ရယ်မောလိုက်သည်။

လီမိုကျန်းက ခေါင်းခါလိုက်ပြီး “ငါ့ရဲ့ အရည်အချင်းတွေ ပြန်ရဖို့အတွက် မင်းတို့အားလုံးကို စွန့်လွှတ်အနစ်နာခံခဲ့မယ်ဆိုရင် ငါ့တစ်သက်တာလုံး လွယ်လွယ်ကူကူ အနားယူနိုင်မှာ မဟုတ်ဘူး။ နှလုံးသား မတည်ငြိမ်နိုင်ရင် တာအိုကို ဘယ်လိုရှာရမလဲ။

ဒါ့အပြင် ငါ့အမြင်အရ ငါ့ပင်ကိုယ်စွမ်းရည်နဲ့
အရည်အချင်းတွေက အနာဂတ်မှာ
မင်းတို့အားလုံးရဲ့အရေးပါမှုထက်
နိမ့်ကျမှာစိုးရိမ်မိတယ်။ ချင်ကျင်း!
ငါ့ဆုံးဖြတ်ချက်တွေကို ဘယ်သူမှ
မပြောင်းလဲနိုင်ဘူးဆိုတာ မင်းသိသင့်တယ်။
ဒီတော့ မျောက်ဝိုင်ကို ပြန်လွှဲပေးလိုက်ပါ။"

"အစ်ကိုကြီး၊ ဒါ နင့်ရဲ့တစ်ခုတည်းသော
အခွင့်အရေးပဲ!" လီချင်ကျင်းက
နှလုံးသားထဲတွင် နာကျင်စွာဖြင့်
မျက်လုံးများကိုမှိတ်ထားသည်။

"မင်းတို့အားလုံးသေသွားရင် ငါ့ဘ၀က အဓိပ္ပါယ်ရှိမှာလား။" လီမိုကျန်းက ခေါင်းယမ်းလိုက်သည်။

လီချင်ကျင်းသည် စကားမပြောဘဲ အချိန်အကြာကြီး တိတ်ဆိတ်သွားသည်။ အဆုံးတွင် သူမ၏လက်ဝါးကိုလှန်လိုက်ရာ ဖရဲသီးအရွယ်အစားရှိသည့် အဖြူရောင်အိုးတစ်လုံး ပေါ်လာသည်။ ထိုအိုးပေါ်လာသည်နှင့် တပြိုင်နက်

လန်းဆန်းသောရနံ့များ ထွက်လာပြီး ဤနေရာရှိ လူတိုင်း၏ စိတ်ကို လန်းဆန်းသွားစေသည်။

အထူးသဖြင့် ယန်ယဲ့အတွက် အတော်လေးကောင်းမွန်နေလေသည်။ သူ၏မျက်လုံးများက ချက်ချင်းပင် အရောင်တောက်လာသည်။ သူသာ မျောက်ဝိုင်ကို သောက်လိုက်ပါက ချီးမြှောက်ခြင်းနယ်ပယ်သို့ ချက်ချင်းတက်လှမ်းနိုင်ပြီး သူ၏ရုပ်ခန္ဓာကို နဂိုအဆင့် ပြန်ရောက်အောင်လုပ်နိုင်သည်ဟု ယုံကြည်သည်။

အကယ်၍ သူ၏ရုပ်ခန္ဓာကို
နောက်တစ်ဆင့်မြှင့်တင်နိုင်ပါက
သိုင်းကျောဇ်အဆင့် နတ်ဆိုးသားရဲများနှင့်
ထိပ်တိုက်ယှဉ်နိုင်သည့်အဆင့်သို့
ရောက်ရှိသွားနိုင်ပေသည်။ သူ့စိတ်ထဲ
လီချင်ကျင်း၏လက်ထဲမှ မျောက်ဝိုင်ကို
လုယူရကောင်းမည်လားဟုပင်
တွေးမိလိုက်သည်။

သို့သော်လည်း လက်တွေ့တွင်မူ
ထိုသို့မလုပ်နိုင်ပေ။ သူသာ လုပ်လိုက်ပါက
ဖန်မုန့်ကို ကွယ်နိုင်မည်မဟုတ်ပါ။ အကယ်၍

သူသာ တန်ကြေးတစ်ခု ပေးပါက
အသာလေးလွတ်မြောက်နိုင်သော်လည်း
ဖန်မှုန့်ကတော့
လုံးဝလွတ်မြောက်နိုင်မည်မဟုတ်ပေ။

ဝိညာဉ်မျောက်ဝံဘုရင်က သူ့လက်ကို
ဝှေ့ယမ်းလိုက်ရာ မျောက်ဝိုင်အိုးက
သူ့လက်ထဲကို ချက်ချင်းပြန်ရောက်သွားသည်။
သူက မျောက်ဝိုင်အိုးကို ငေးကြည့်ရင်း
သက်ပြင်းချမိပုံရပြီး ခဏအကြာတွင်
သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လီချင်ကျင်း
ကို ရုတ်တရက် ကြည့်လိုက်ကာ "လူသား၊

မင်းက ငါအိပ်နေတဲ့အချိန်ကို
အခွင့်ကောင်းယူပြီး ဝင်ခိုးခဲ့တာ။
ငါဖန်တီးထားတဲ့ မျောက်ဝိုင်ကို ခိုးရဲလို့
ဒီအတိုင်းပြန်လွှတ်ပေးလိုက်ရင်
ငါ့မျက်နှာဘယ်သွားထားတော့မလဲ။"

ဝိညာဉ်မျောက်ဝံဘုရင်က
တိုက်ခိုက်ရန်ပြင်လိုက်သည့်မှာပဲ လီမိုကျန်း
နှင့်အဘိုးအို ၅ ယောက်က ရှေ့တက်လာပြီး
လီချင်ကျင်း၏ ရှေ့တွင် ပိတ်ရပ်လိုက်ကြသည်။

တစ်ချိန်တည်းမှာပဲ လီမိုကျန်းက "မျောက်ဝံဘုရင်၊ ဒီကိစ္စမှာ ငါ့ကောင်းကင်ကြယ်မြို့အများပါ။"

ထိုစကားပြောပြီးသည်နှင့် သူ့လက်ကိုဝှေ့ယမ်းလိုက်ရာ ဝိညာဉ်မျောက်ဝံဘုရင်ရှေ့တွင် “အဆင့်လွန် စွမ်းအင်ကျောက်တုံး ၅၀၀၀ နဲ့ သိုင်းကျေရာဇ်အဆင့် သားရဲအမြုတေ တစ်ခုပါတယ်။ အဲဒါတွေက ငါ့ရဲ့ လက်ဆောင်တွေပါ။ ဒါကို လက်ခံမယ်လို့ မျှော်လင့်ပါတယ်!"

"ငါမလုပ်ရင် ဘာဖြစ်လဲ"
ဝိညာဉ်မျောက်ဝံဘုရင်၏ မျက်လုံးများတွင် သတ်ဖြတ်ရန် ရည်ရွယ်ချက်က လုံးဝမလျော့ပါ။ နောက်ဆုံးတွင် သူ၏မျောက်ဝိုင်ကို လူသားတစ်ဦးက ခိုးယူသွားခဲ့ပြီး ထိုလူသားဟာ အဆင့်နိမ့်ချီးမြှောက်ခြင်းနယ်ပယ်သာလျှင် ရှိခဲ့သည်။ ထိုသတင်းသာ အပြင်ပြန့်သွားပါက သူ့အတွက် လုံးဝကို အရှက်တကွဲအကျိုးနည်းသွားပေမည်။

လီမိုကျန်းက ခေါင်းညိတ်ကာ "ဒါဆို ငါတို့
အချင်းချင်း သေတဲ့အထိ တိုက်ခိုက်မယ်!"

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား"
ဝိညာဉ်မျောက်ဘုရင်ဝံ၏ မျက်လုံးများတွင်
သတ်ဖြတ်ခြင်းအငွေ့အသက်များ
ပေါက်ကွဲလုနီးပါးဖြစ်သည်။

လီမိုကျန်းက "ငါတို့ မင်းကို မသတ်နိုင်ပေမဲ့
မင်းနဲ့ မင်းကာကွယ်ထားတဲ့ ဒီတောင်တန်းကို
ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင်
လုပ်ဖို့ဆိုတာ လုံးဝ ဖြစ်နိုင်တယ်။တကယ်လို့

မင်း ဒဏ်ရာရသွားရင် လူသားမျိုးနွယ်နဲ့ နတ်ဆိုးမျိုးနွယ်နှစ်ခုလုံးက မရေမတွက်နိုင်တဲ့ ပညာရှင်တွေ မင်းကို သေချာပေါက် လာရှာမယ်ဆိုတာ သိထားမယ်ထင်ပါတယ်။ အဲဒီအချိန်ရောက်ရင် ... ဟဲ….”

ဝိညာဉ်မျောက်ဝံဘုရင်က လီမိုကျန်း ကို စိုက်ကြည့်နေသည်။ "လူသား၊ ငါ မင်းကို သတိရနေမှာပါ" ဟု ပြောပြီး နောက်ပြန်လှည့်ကာ ရာချီသော နတ်ဆိုးများကို အမိန့်ပေးရင်း ထွက်သွားခဲ့သည်။

ယန်ယဲ့သည် ဝိညာဉ်မျောက်ဝံဘုရင်
ထွက်ခွာသွားသည်ကို ကြည့်ရင်း အတွေးများ
ပျောက်ဆုံးသွားပုံရသည်။

ဝိညာဉ်မျောက်ဝံဘုရင် နတ်ဆိုးများနှင့်အတူ
ထွက်ခွာသွားပြီးနောက် လီမိုကျန်းက ယန်ယဲ့ကို
လှည့်ကြည့်ကာ “အစ်ကို၊ မင်း အခု ချင်ကျင်းကို
လွှတ်ပေးနိုင်မလား” ဟု ပြောလိုက်သည်။

"အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁၀၀၀!"
ယန်ယဲ့က လက်ညိုးတစ်ချောင်းထောင်ပြပြီး
ပြောသည်။

"မင်းကဘယ်သူလို့ထင်လဲ"
လီမိုကျန်း၏နောက်ကွယ်မှ အဘိုးအိုတစ်ဦးက ဒေါသတကြီး ဖြစ်နေသည်။

ယန်ယဲ့သာ် လီချင်ကျင်း၏လည်ပင်းကို ဖိကိုင်ကာ မြေပြင်ပေါ်မှ ဆွဲမြှောက်လိုက်သည်။ ထို့နောက် လီမိုကျန်းနှင့် အဘိုးအို ၅ ယောက်ကို စိုက်ကြည့်ရင်း “ဒီအမျိုးသမီးက ငါ့ကို အကြိမ်ကြိမ် သတ်လုနီးပါးပဲ။

သူက ငါ့ကို အသုံးချပြီး အခုလေးတင် ခြိမ်းခြောက်ခဲ့သေးတယ်။ ဟီးဟီး။

အခုချက်ချင်းလွှတ်လိုက်ရင် သူ့ကို
လွယ်လွယ်နဲ့
လွှတ်လိုက်သလိုပဲမဟုတ်ဘူးလား။
တကယ်တော့ သူက ဖန်းကလန်ကို
ဒုက္ခပေးမှာကို မကြောက်ဘူးဆိုရင်တော့
ဟိုးအရင်ကတည်းက သူ့ခေါင်းကို
လည်ပင်းကနေ ဖြုတ်ပေးမိလိမ့်မယ်။"

"မင်းလုပ်ဝံ့သလား!" ထို အဘိုးအိုက
ဒေါသတကြီး အော်ဟစ်လိုက်သည်။

ယန်ယဲ့၏ပါးစပ်ထောင့်တွင် ရက်စက်သော အပြုံးတစ်ခု ပေါ်လာပြီး "မင်း အဲဒါကို စမ်းကြည့်ချင်လား"

လီမိုကျန်းက အဘိုးအိုကို တားလိုက်ပြီး သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။ ယန်ယဲ့ရှေ့တွင် သိုလှောင်လက်စွပ်တစ်ကွင်း ပေါ်လာသည်။ ယန်ယဲ့က တုံ့ဆိုင်းမနေဘဲ သိုလှောင်လက်စွပ်ကို ချက်ချင်းဖမ်းယူလိုက်လေသည်။ ထို့နောက် အထဲမှ စွမ်းအင်ကျောက်တုံးများကို ထုတ်ယူကာ စတင်ဝါးစားလိုက်သည်။

ထိုမြင်ကွင်းကို မြင်လိုက်ချိန်တွင် လူတိုင်း ပါးစပ်ထောင့်များ တဆတ်ဆတ်တုန်သွားကြသည်။ သိသာစွာပင် လီမိုကျန်းနှင့် အဘိုးအိုတို့ဟာ ယန်ယဲ့က အဆင့်လွန်စွမ်းအင်ကျောက်တုံးများကို အလွယ်တကူဝါးစားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြပေ။

၉၉၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၉၉၉ - ရှေးဟောင်းဓားကျောင်းတော်၏ တပည့် ရောက်လာ

"မင်း
အဆင့်လွန်စွမ်းအင်ကျောက်တွေရပြီဆိုတော့
ငါတို့ရဲ့အလှမယ်လေးကို
ပြန်လွှတ်မပေးသင့်ဘူးလား" အဘိုးအိုက
မျက်လုံးထဲတွင် သတ်ဖြတ်ချင်စိတ်အပြည့်ဖြင့်
အေးစက်စက် ပြောလိုက်သည်။

"ငါက အရူးတစ်ယောက်လို့ မင်းထင်လား" ယန်ယွဲ့က ဆက် ပြောလိုက်၏။ "ငါ သူ့ကို အခုချက်ချင်းလွှတ်ပေးလိုက်ရင် မင်းတို့အားလုံး ငါ့ကို အုပ်စုလိုက် တိုက်ခိုက်မှာလေ။"

အဘိုးအိုက သတ်ဖြတ်ချင်စိတ်ကို ထိန်းချုပ်လိုက်ပြီး “ဒါဆို မင်းဘာလိုချင်လဲ!”

"ငါ့ကို ၁၅ မိနစ်အချိန်ပေး!" စကားပြောနေစဉ်မှာပဲ ယန်ယွဲ့ဟာ

အဆင့်လွှန်စွမ်းအကျကျော်ကျောက်တုံးများကို
အဆက်မပြတ်ထုတ်ယူပြီး
ဝါးစားလိုက်ပါသည်။

လီမိုကျန်းက ရုတ်တရက်ပြောလိုက်သည်
"အစ်ကို၊ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလို
ထူးကဲတဲ့ ခွန်အားတွေ ပိုင်ဆိုင်ထားတယ်။
မင်းက ဒီဒေသမှာ
အရမ်းနာမည်ကြီးနေသင့်ပေမဲ့ မင်းကို
ငါတစ်ခါမှမမြင်ဖူးဘူး။ မင်း
အပြင်လောကကလား"

ယန်ယဲ့က လီမိုကျန်းကို ပြန်စိုက်ကြည့်ကာ "မင်းရဲ့ ခွန်အားနဲ့ သဘာဝစွမ်းရည်တွေက တကယ်ကောင်းပါတယ်။ ကံမကောင်းစွာပဲ၊ မင်းရဲ့နေ့ရက်တွေကို ရေတွက်နေရပြီ။ အရင်တုန်းကဖြစ်ခဲ့ရင် မင်းကို ငါကယ်နိုင်လိမ့်မယ်။ ပြီးတော့ မင်းကငါ့ကိုတော်တော်လေး သဘောကျစေတယ်။ ဒါပေမဲ့ မင်းကို ကယ်ဖို့နေနေသာ ငါ့ကိုယ်ငါတောင် မကာကွယ်နိုင်သေးဘူး။ ဒါဆို မင်းကံကောင်းပါစေလို့ပဲ ဆုတောင်းပေးလိုက်ပါတယ်။”

သူက လိမ်ညာနေခြင်းမဟုတ်ပေ။ အကယ်၍ အတိတ်ကဖြစ်ခဲ့လျှင် သူပိုင်ဆိုင်သည့် မူလခရမ်းရောင်စွမ်းအင်ဖြင့် လီမိုကျန်း၏ အဆိပ်အနည်းငယ်ကို ဖယ်ရှားပစ်ရန်မှာ ပြဿနာမဟုတ်ပေ။

ထိုစကားကို ကြားသောအခါ လီမိုကျန်း နှင့် သူ့နောက်မှ အကြီးအကဲများ၏ အမူအရာများသည် အနည်းငယ် ပြောင်းလဲသွားကြသည်။ တစ်ဖက်တွင်၊ လီချင်ကျင်း၏ခန္ဓာကိုယ်လေးက အနည်းငယ်

တုန်လှုပ်သွားပြီး “နင်… ငါ့အစ်ကိုကြီး ခန္ဓာကိုယ်ထဲကအဆိပ်တွေကို ဖြေရှင်းနိုင်တာလား”

ယန်ယွဲ့က "ငါအရင်တုန်းကဆိုရင် ဖြစ်နိုင်တယ်!"

"ကျေးဇူးပြုပြီး ငါ့အစ်ကိုကို ကယ်ပါ!" လီချင်ကျင်းသည် မျက်လုံးထဲတွင် တောင်းပန်သည့်အမူအရာများရှိနေကာ "ငါ့ရဲ့

ကောင်းကင်ကြယ်မြို့က

ဘယ်လိုတန်ကြေးမဆို ပေးဆပ်ဖို့ အသင့်ပဲ။"

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ငါ အခု

ကိုယ့်ကိုယ်ကိုတောင် မကာကွယ်နိုင်တော့ဘူး!"

လီချင်ကျင်းက ဆက်ပြောရန် ပြင်သော်လည်း

လီမိုကျန်းက "ချင်ကျင်း! မေ့လိုက်ပါ။

ကံတရားပဲ!"

ယန်ယဲ့က "မင်းရဲ့ကံကြမ္မာကို
မင်းလက်ခံထားပုံရတယ်!"

လီမိုကျန်းက ခေါင်းညိတ်ကာ "ဘာပဲဖြစ်ဖြစ်
ငါသေရမှာပဲ။  ငါ့ရဲ့နေ့ရက်တွေကို
နာကျင်မှုတွေနဲ့ ကုန်ဆုံးဖို့
ဘာကြောင့်ရွေးချယ်ရမှာလဲ? နောက်ဆုံးတော့
ငါ့မှာ အချိန်သိပ်မကျန်တော့ဘူးလေ။
ငါ့ကိုကန့်သတ်ထားတဲ့ အချိန်တွေကို
နာကျင်အောင် ဖြုန်းခဲ့မယ်ဆိုရင် ငါတကယ်ကို
လူမိုက်ဖြစ်သွားမှာ မဟုတ်ဘူးလား။

ယန်ယဲ့က ခေါင်းညိတ်သည်။ "တကယ်ပါပဲ၊ မင်းမှန်တယ်!"

သူပြောသည့်အတိုင်း လီချင်ကျင်းကို လွှတ်ပေးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ယခုအချိန်တွင် အဆင့်မြင့်ဝိညာဉ်နယ်ပယ်သို့ရောက်သွားယပြီ ဖြစ်သည်။ သူပိုင်ဆိုင်သည့် ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ဖြင့် သူ၏ခန္ဓာကိုယ်ကို အဆက်မပြတ်သန့်စင်နေခဲ့သည်။

ယန်ယဲ့က လီချင်ကျင်းကို
လွှတ်ပေးလိုက်ချိန်တွင် အဘိုးအိုက
တိုက်ခိုက်ရန်ပြင်သည်။

သို့သော်လည်း လီချင်ကျင်းက အဘိုးအိုကို
ကမန်းကတန်း တားလိုက်ပြီး "စောစောက
ဓားတစ်ချက်တည်းနဲ့ သိုင်းကေရာဇ်အဆင့်
ပညာရှင်ကို သတ်ခဲ့တယ်!"

သူမ ပြောလိုက်သည့် စကားကို
ကြားသောအခါ လီမိုကျန်း နှင့် အဘိုးအို ၅
ယောက်လုံး အမူအရာများ

ကိုယ်စီပြောင်းလဲသွားကာ ယန်ယွဲ့ကို စိုက်ကြည့်လိုက်ကြသည်။

ရှစ်!

ရုတ်တရက် ကောင်းကင်ယံထက်တွင် အလင်းတန်းများ လင်းလက်သွားပြီးနောက် အစိမ်းရောင်ဝတ်ရုံရှည်နှင့် အနက်ရောင်သက်စောင့်ဓားယတစ်ချောင်း ကိုင်ထားသည့် လူငယ်တစ်ယောက်ဟာ လူတိုင်းရှေ့တွင် ထွက်ပေါ်လာခဲ့သည်။

ဖန်မုန့်က ထိတ်လန့်တကြား
ရေရွတ်လိုက်သည်။
"ရှေးဟောင်းဓားကျောင်းတော်!"

“အခုဆို နှစ်ဒါဇင်လောက်ရှိပြီ။
ထင်းရှူးစီရင်စုက ငါ့ရဲ့
ရှေးဟောင်းဓားကျောင်းတော်ကို
တစ်စုံတစ်ယောက်က ဟန်ဆောင်ရဲလိမ့်မယ်လို့
မမျှော်လင့်ထားဘူး။ မင်းက
ဓားသမားတစ်ယောက်လို့တော့ ကြားဖူးတယ်။

ဘယ်လောက်စိတ်ဝင်စားစရာကောင်းလိုက်လဲ။ မင်း အရမ်းမညံ့ဘူးလို့ ငါမျှော်လင့်တယ်။ မဟုတ်ရင် ငါ့အချိန်တွေ တကယ် ဖြုန်းတီးနေလိမ့်မယ်။ ဒါကိုယူ!” လူငယ်က စကားပြောပြီးတာနဲ့ ကောင်းကင်တစ်ခုလုံးအား လွှမ်းခြုံထားသည့် ဓားပုံရိပ်များကို လူတိုင်းမြင်လိုက်ရသည်။

" အဆင့် ၈ ဓားစိတ်ဆန္ဒ၊ အလယ်အလတ် ချိုးမြှောက်ခြင်းနယ်ပယ်။" လူငယ်၏ ခွန်အားကို သတိပြုမိသောအခါ

ဖန်မုန့်၏မျက်နှာသည်
ချက်ချင်းဖြူဖျော့သွားခဲ့သည်။

ဓားအရိပ်များသည်
ရောမလေမုန်တိုင်းကြီးတစ်ခုအလား
ယန်ယဲ့ဆီသို့ လွှမ်းခြုံထားသည်။

သို့သော်လည်း ဤဓားအရိပ်များသည်
ဟန်ပြသက်သက်သာဖြစ်ပြီး
စစ်မှန်သောသတ်ဖြတ်ခြင်းအကွက်က

၎င်းတို့ကြားတွင် ဝှက်ထားသည်ကို
လူတိုင်းသိနေကြသည်။
သို့သော် ဤမျှလောက် သိပ်သည်းသည့်
ဓားအရိပ်များကြားတွင် မည်သည်က
စစ်မှန်သော တိုက်ခိုက်မှုဖြစ်ကြောင်း
မည်သို့ဆုံးဖြတ်နိုင်မည်နည်း။

ယန်ယွဲ့သည် ရှေ့ကို ခြေတစ်လှမ်းတိုးကာ
သူ့လက်ညိုးနှင့် လက်ခလယ်ကိုပူးပြီး
ဓားစွမ်းအင်မုန်တိုင်းအလယ်တည့်တည့်ကို
ထိုးချလိုက်သည်။

အောင်း!

နားကွဲမတတ် ဓားအူသံတစ်ချက် ထွက်ပေါ်လာပြီးနောက် ဓားအရိပ်များက ချက်ချင်းပင် ပြန့်ကျဲသွားခဲ့သည်။ လူတိုင်း ထိုမြင်ကွင်းကို အံ့ဩစွာ ကြည့်နေပြီး လက်နှစ်ချောင်းက ဓားထိပ်ဖျားကို ညှပ်ထားကြောင်း မြင်လိုက်ကြရသည်။

ရှေးဟောင်းဓားကျောင်းတော်မှ
အစိမ်းရောင်ဝတ်လူငယ် အပါအဝင် လူတိုင်း
အံ့သြသွားကြသည်။

ယန်ယဲ့၏ လက်ချောင်းများက
အနည်းငယ်လှုပ်သွားပြီးနောက် ဓားက
ပြင်းထန်စွာ တုန်ခါသွားသည်။ ထို့နောက်တွင်
အစိမ်းရောင်ဝတ်လူငယ်၏မျက်လုံးများသည်
ပြူးကျယ်လာကာ "မင်း… မင်း ငါနဲ့
အစိမ်းရောင်နေခြည်ကြားက ဆက်သွယ်မှုကို
တကယ် ဖယ်ရှားပစ်လိုက်ပြီ!"

သူ၏ခြံအတွင်း
ကိုယ်ပိုင်အသိစိတ်ဝိညာဉ်ရှိသည်။
ရှေးဟောင်းခြံကျောင်းတော်၏
တပည့်များသည်
အတွင်းစည်းတပည့်များဖြစ်လာပြီးနောက်တွင်
ခြံသခင်ချင်းမှ ခြံတစ်ချောင်းစီကို
ရွေးချယ်ခွင့်ရကြသည်။

သူတို့နှင့် လိုက်ဖက်သည့် ခြံတစ်ချောင်းကို
ရှာတွေ့ပြီး ထိုခြံက သူတို့နောက်ကို လိုက်ဖို့

ဆန္ဒရှိနေသရွေ့တော့ သူတို့၏ မူလဒန်တျန်ထဲ၌
သိမ်းဆည်းထားနိုင်ပါသည်။

ထို့နောက် ဓားဝိညာဉ် သန်မာလာစေရန်
သူတို့၏ ဆန်းကြယ်ချီစွမ်းအင်ကို
အသုံးပြုနိုင်သည်။

ထိုနည်းအတိုင်း ၎င်းတို့သည်
ဓားဝိညာဉ်နှင့်သဘောတူညီချက် သို့မဟုတ်
စိတ်ဝိညာဉ်ချင်း ဆက်သွယ်နိုင်မည်ဖြစ်သည်။

လူတစ်ယောက်သည် ဓားနှင့်
စိတ်ဝိညာဉ်အသိချင်းဆက်သွယ်နိုင်ပါက

၎င်းသည် ထိုဓား၏ အစိတ်အပိုင်းတစ်ခုဟု
ယူဆနိုင်သည်။ ထို့နောက်တွင်
သူ၏စွမ်းအားက
နဂိုထက်ပိုမြင့်လာပါလိမ့်မည်။

အစိမ်းရောင်ဝတ်လူငယ်
တုန်လှုပ်သွားရသည့်အကြောင်းရင်းဟာ
ဓားနှင့်သူ့သခင်ကြားက ဆက်နွယ်မှုကို
ဖယ်ရှားဖို့ အလွန်ခက်ခဲသောကြောင့်ပင်။

ထိုအရာကို ပြီးမြောက်ဖို့က နည်းလမ်း ၂ ခုသာရှိသည်။ ပထမအချက်မှာ ဓားပိုင်ရှင်၏ အစွမ်းထက် အဆပေါင်းများစွာ သာလွန်နေခြင်းပင်။ ဒုတိယအချက်က ဓားနှင့် သူ့သခင်ကြားရှိ ဆက်နွယ်မှုကို လိုလိုလားလား ဖယ်ရှားပစ်နိုင်ရန်ပါ…။

ယန်ယွဲ့သည် သူ့လက်ထဲက ဓားကို စိုက်ကြည့်နေသည်။ ဓားက အရှည်တစ်မီတာကျော် လက်တစ်ချောင်းစာသာရှိပြီး အေးစက်စက်အငွေ့အသက်များနှင့်

တဖျပ်ဖျပ်တောက်ပနေသည်။ သူမြင်ဖူးသမျှ
ဓားများအနက်
အကောင်းဆုံးမဟုတ်သော်လည်း
အလွန်နိမ့်ကျနေခြင်းတော့မရှိပေ။
အနည်းဆုံးတော့ လက်ရှိ သူ့အတွက်
အတော်လေးအသုံးဝင်ပေသည်။ ဓားအဆင့်က
တာအိုရတနာလက်နက် ဖြစ်နေ၏။

"မင်းဘယ်သူလဲ!" အစိမ်းရောင်ဝတ်လူငယ်က
ယန်ယွဲ့ကို စိုက်ကြည့်နေသည်။
သူ့မျက်လုံးများတွင် အထင်အမြင်သေးမှုများ
မရှိတော့ဘဲ လေးနက်မှု

အရိပ်အယောင်များသာ
အစားထိုးဝင်လာခဲ့သည်။

ရုတ်တရက် "သူက ရှေးဓားကျောင်းတော်ရဲ့
တပည့်တစ်ယောက်လို့ ပြောနေတယ်!"

ဤနေရာမှလူတိုင်း အသံ၏လာရာဆီသို့
လှမ်းကြည့်လိုက်ရာ လူလတ်ပိုင်းအမျိုးသား
၁၀ ယောက်နှင့် ဇီရှင်းက သူတို့ဆီသို့
ဖြည်းညှင်းစွာ လျှောက်လာနေသည်ကို
တွေ့လိုက်ရသည်။ ဇီရှင်းက ယန်ယဲ့ကို

စူးစူးစိုက်စိုက်စိုက်ကြည့်နေသည်။
အကြည့်များက လူသတ်နိုင်ပါက ယန်ယဲ့ဟာ
ဒီအချိန်တွင် အကြိမ်ကြိမ်
အသတ်ခံနေရလောက်ပါပြီ။

အစိမ်းရောင်ဝတ်လူငယ်က ယန်ယဲ့ ကို
စူးစိုက်ကြည့်ပြီး "မင်းက
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်မဟုတ်ဘူး!"

"ဟားဟား!!" ဇီရှင်းက ရုတ်တရက်
ရယ်မောလိုက်သည်။ သူမက လီချင်ကျင်း နှင့်
ဖန်လီ တို့အဖွဲ့ကို လက်ညှိုးထိုးပြီး
"ဒါကိုကြားလား? ယန်ယဲ့က
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်တစ်ဦးလို ဟန်ဆောင်ခဲ့တယ်။ အခု
သက်သေရှိတော့ သူနဲ့ ပတ်သက်သူတွေ
အားလုံး သေရလိမ့်မယ်။ အထူးသဖြင့်
လီကလန် ပဲ။ ကောင်းကင်ကြယ်မြို့ဟာ
ဒီနေ့ကစပြီး တည်ရှိတော့မှာမဟုတ်တဲ့အပြင်
ဖန်ကလန် လည်း
လွတ်မြောက်နိုင်မှာမဟုတ်ဘူး။”

ကောင်းကင်ကြယ်မြို့၏ အဖွဲ့ဝင်များနှင့်
ဖန်ကလန်ညီအစ်မနှစ်ဦး၏ မျက်နှာပေါ်တွင်
ကြမ်းတမ်းသောအမူအရာများကို
ထုတ်ဖော်ပြသခဲ့ကြသည်။ရှေးဟောင်းဓား
ကျောင်းတော်၏ ခွန်အားသည်
တမင်အလှပြရုံသက်သက်မဟုတ်ပေ။
၎င်းတို့ကို ဖျက်ဆီးလိုလျှင်
ကိုယ်တိုင်လုပ်ဆောင်စရာပင် မလိုပေ။
စကားတစ်ခွန်း ပြောလိုက်ရုံသာ။

"ငါ့ရဲ့ ဖန်ကလန်က သူနဲ့ ဘာမှမပတ်သက်ဘူး။ သူက ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်တစ်ယောက်လို ဟန်ဆောင်နေတယ်ဆိုတာ ငါတို့ မသိလိုက်ဘူး။" ထိုအချိန်တွင် ဖန်လီက ရုတ်တရုတ်ပြောလိုက်သည်။ ဖန်မုန့်က တစ်ခုခုပြောချင်သော်လည်း ဖန်လီက သူမကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားပြီး ပြင်းပြင်းထန်ထန် စိုက်ကြည့်နေသည် ။

ယန်ယွဲ့က သူတို့ကို စိုက်ကြည့်နေသည်။ ဖန်လီက သူ့ကို လှမ်းကြည့်သော်လည်း

စကားတစ်ခွန်းမှ မပြောပေ။ ဖန်မုန့်ကတော့ ယန်ယဲ့ကို ဝမ်းနည်းသည့် အမူအရာနှင့် စိုက်ကြည့်ရင်း မျက်လုံးများတွင် တောင်းပန်မှု၊ အကူအညီမဲ့မှုများ ပြည့်နှက်နေပါသည်။

ယန်ယဲ့က သူ့အတွက် စိုးရိမ်စရာမလိုကြောင်း ဖန်မုန့်ကို ပြုံးပြလိုက်ပြီး လီချင်ကျင်းကို စိုက်ကြည့်လိုက်သည်။

ရုတ်တရက် ယန်ယဲ့က အစိမ်းရောင်ဝတ်လူငယ်ကို စိုက်ကြည့်ပြီး

"မင်းက ဘယ်တောင်ထိပ်ကလဲ" ဟုမေးလိုက်
သည်။

လူငယ်က "ငါက
စိမ်းလမ်းသောတောင်ထိပ်ရဲ့တပည့် !"

ယန်ယဲ့က ခပ်လျှောင်လျှောင်ပြုံးလိုက်ပြီး
"ငါဘယ်တောင်ထိပ်ကလာတာလဲ မင်းသိလား"

၁၀၀၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၀၀ - တာအိုသခင်ဂူ

၏အနှစ်သက်ဆုံးတပည့်

လူငယ်က စကားမပြောခင်

သူ့မျက်လုံးများကိုအနည်းငယ်

မှိတ်ထားလိုက်သည် " မင်းက ငါ့ကို

လှည့်စားပြီး မင်းက ငါ့ရှေးဓားကျောင်းတော်ရဲ့

တပည့်တစ်ယောက်လို့ ပြောဖို့ ကြံနေတာလား။

ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ!"

"ဘယ်လောက်တောင် မောက်

မာနေတဲ့ကောင်လဲ!" ယန်ယဲ့က ရုတ်တရက်

အော်ငေါက်လိုက်သည်။ "ငါက ကောင်းကင်ဓား

တောင်ထိပ်ရဲ့ တောင်သခင်ရဲ့ တိုက်ရိုက်တပည့်

ပဲ။ အတင့်အတန်းအရဆို မင်းက ငါ့ကို

သိုင်းပညာဦးလေး ဒါမှမဟုတ် စီနီယာအစ်ကို

လို့ ခေါ်ရမယ်။ ဒါပေမဲ့ မင်းငါ့ကို မရိုမသေ

အမြဲပြောနေတာပဲ။ မင်းရဲ့နေရာကိုသိဖို့

မင်းရဲ့သခင်ကိုယ်စား

ငါသင်ခန်းစာတစ်ခုသင်ပေးရလိမ့်မယ်!”

စကားပြောနေရင်း ယန်ယဲ့က ရှေ့သို့
ခြေတစ်လှမ်းတိုးလိုက်ကာ အစိမ်းရောင်လူငယ်
ရှေ့ကို ချက်ချင်းရောက်သွားသည်။
ထို့နောက်တွင် အလင်းတန်းတစ်ခုသည်
လျှပ်စီးတန်းတစ်ခု သက်ဆင်းလာသကဲ့သို့
အစိမ်းရောင်ဝတ်လူငယ်၏ နဖူးတည့်တည့်
တိုးဝင်သွားလေသည်။

အစိမ်းရောင်ဝတ်လူငယ်က အံ့သြသွားပါသည်။
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
သူ့လက်ထဲတွင်

ဓားတစ်ချောင်းပေါ်လာပြီး ယန်ယဲ့၏ဓားကို ရိုက်ထုတ်လိုက်သည်။

သို့သော် ဓားချင်း ရိုက်မိခါနီးတွင် ယန်ယဲ့၏ဓားသည် ဘေးဖက်သို့ အနည်းငယ်ရွေ့လျားသွားသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့၏ဓားက ကွေ့ဝိုက်တိုးဝင်သွားကာ အစိမ်းရောင်ဝတ်လူငယ်၏ ဓားဖျားကို ရိုက်ချခဲ့သည်။

ချွမ်!

အစိမ်းရောင်ဝတ်လူငယ်၏လက်ထဲမှဓားက
အနည်းငယ် တုန်ခါသွားပြီး သူ့လက်ကနေ
လွတ်ထွက်မတတ်ပင်။ ဤအရာက
အစိမ်းရောင်ဝတ်လူငယ်ကို လုံးဝ
ထိတ်လန့်သွားစေသည်။ ထိုအချိန်တွင်
ယန်ယွဲ့၏ဓားက အဆိပ်ပြင်းသော
မြွေတစ်ကောင်အလား သူ့ရင်ဘတ်ကို
တည့်တည့်ထိုးသွင်းလိုက်တော့သည်။

အစိမ်းရောင်ဝတ်လူငယ်က
မျက်လုံးများကျဉ်းမြောင်းလာပြီး
သူညာဖက်ခြေကို

မြေပြင်ပေါ်ဆောင့်နင်းလိုက်ကာ “ နတ်အရိပ်ခြေလှမ်း!”

သူပြောပြီးသည်နှင့် ရုတ်တရက် ချက်ချင်း ပျောက်သွားပြီး မီတာ ၁၀၀ ကျော်အကွာတွင် ပြန်ပေါ်လာသည်။

သို့သော် ထိုနေရာတွင် ပေါ်လာသောအခါတွင် သူ့ရင်ဘတ်ရှေ့တွင် ဓားတစ်ချောင်း ရုတ်တရက်ပေါ်လာခဲ့သည်။

အစိမ်းရောင်ဝတ်လူငယ်က အလွန်အမင်း ထိတ်လန့်သွားသည်။ သူ၏ညာခြေကို မြေပြင်ဆီ အပြင်းဆောင့်ကာ နောက်တစ်ကြိမ် ပျောက်ကွယ်သွားပါသည်။ သို့သော်လည်း ဤတစ်ကြိမ်တွင် သူရပ်နေသည့်နေရာက သွေးများ စီးကျနေခဲ့လေသည်။

ယန်ယွဲ့သည် သူ၏ဓားကို ပြန်ရုတ်လိုက်ပြီး နောက်ထပ် မတိုက်ခိုက်ခဲ့ပေ။ မီတာ ၂၀၀ အကွာရှိ အစိမ်းရောင်ဝတ်လူငယ်ကို အေးစက်စွာ စိုက်ကြည့်ရင်း "ဒါဆို

ငါတို့ကြားက အဆင့်အတန်းချင်း ကွာခြားတာ
မင်းသဘောပေါက်သွားလောက်ပြီထင်တယ်!"

ဤနေရာရှိလူတိုင်း
အံ့သြတုန်လှုပ်သွားကြလေသည်။ အထူးသဖြင့်
ဇီရှင်း၏အဖွဲ့ပင်၊ သူတို့အားလုံး အလွန်
အံ့အားသင့်သွားကြသည်။
ရှေးဓားကျောင်းတော်၏ တပည့်က ယန်ယဲ့နှင့်
လုံးဝမယှဉ်နိုင်ဟု သူတို့ မထင်ထားခဲ့ပေ။
ထို့အပြင် ယန်ယဲ့ဟာ နဂိုထက်
ပိုအားကောင်းလာပုံရသည်။

" သောက်ကျိုးနည်း၊ သူက နတ်ဆိုးလား!"

လီချင်ကျင်းနှင့် အခြားသူများလည်း ထိတ်လန့်သွားကြသည်။ နောက်ဆုံးတွင် အစိမ်းရောင်ဝတ်လူငယ်ကရှေးဟောင်းဓား ကျောင်းတော်မှဖြစ်သည်။ သူသည် အလာ်အလတ် ချီးမြှောက်ခြင်းနယ်ပယ်သာဖြသ်သော်လည်း အဆင့် ၈ ဓားစိတ်ဆန္ဒကို ပိုင်ဆိုင်ထားသည်။ ထိုအရာအားလုံးကို ထည့်ပေါင်းပါက လူငယ်ဟာ အဆင့်နိမ့် သိုင်းဧကရာဇ်အချို့ကို အနိုင်ယူရန်ပင် လုံလောက်ပါသည်။

သို့သော်လည်း ယန်ယဲ့က သူ့ကို လွယ်လွယ်နှင့် အနိုင်ယူခဲ့၏။ ထိုအရာက ယန်ယဲ့၏ အစစ်အမှန်ခွန်အားပင်လော။

အစိမ်းရောင်ဝတ်လူငယ်နှင့် လီချင်ကျင်း တို့အဖွဲ့နှင့် မတူသည်က ဇီရှင်း တို့ပင်။ ဒီအချိန်မှာ သူတို့အားလုံး အကြီးအကျယ် ထိတ်လန့်နေကြသည်။

အဘယ်ကြောင့်ဆိုသော် ယန်ယဲ့သည် အမှန်တကယ်ပင် ကြောက်စရာကောင်းလွန်းနေသည်မဟုတ်ပါ

လား။ သူက ရှေးဟောင်းဓားကျောင်းတော်၏
တပည့်မဟုတ်လျှင်ပင်
လက်ရှိသူပြသခဲ့သောခွန်အားက တပည့်တစ်ဦး
ဖြစ်ရန် မခက်တော့ပေ။

ထိုအချိန်တွင် ယန်ယဲ့သည်
အစိမ်းရောင်ဝတ်လူငယ်ဆီသို့ လှမ်းလာပြီး
"မင်းဟာ အဆင့်အတန်းကို ဂရုမစိုက်ဘဲ
အမှားအမှန်ကို ပိုင်းခြားနိုင်စွမ်း မရှိခဲ့ဘူး။
ဒါဟာ အမှားတစ်ခုလို့ သိထားတာတောင်
အခုထိ ကျူးလွန်နေတုန်းပဲ။ ဒီနေ့
ငါ့ရှေးဓားကျောင်းတော်ကိုယ်စား ငါရှင်းမယ်!"

"မင်းက...တကယ်ပဲ
ငါ့ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်တစ်ယောက်လား။"
အစိမ်းရောင်ဝတ်လူငယ်၏ မျက်နှာပေါ် ရှိ
အမူအရာမှာ အတော်လေးကို ဆိုးရွားလှသည်။

"ထင်းရှူးစီရင်စုမှာရှိတဲ့ ဘယ်သူမဆို
ဓားတာအိုမှာ ငါတို့
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်တွေထက်သာတယ်လို့
မင်းထင်သလား။" ယန်ယွဲ့သည်

အစိမ်းရောင်ဝတ်လူငယ် ဆီသို့ တစ်လှမ်းချင်း တိုးလာရင်း သူ့ဓားကို အဆက်မပြတ်ယမ်းလိုက်ရာ စူးရှသော ဓားအူသံများစွာ ဆက်တိုက်ပင် ထွက်ပေါ်လာပါသည်။

လူငယ်က "ဒါဆို မင်းရှေးဟောင်းဓားကျောင်းတော်ရဲ့ သင်္ကေတကို ဘာလို့ ယူမလာရတာလဲ!"

"မင်း သောက်ရူးလား!" ယန်ယဲ့က အေးစက်စွာ ရယ်မောရင်း “ငါတို့

ရှေးဟောင်းဓားကျောင်းတော်ရဲ့တပည့်တွေက
သူတို့ရဲ့ဓားတွေပဲလိုတယ်။ ကျောင်းတော်ရဲ့
ဓားသင်္ကေတ လား? ဘာအတွက်လဲ?
သူများတွေအပေါ်မှာ လွှမ်းမိုးဖို့လား။
ဒါမှမဟုတ် ငါတို့ကျောင်းတော်ရဲ့တပည့်တွေကို
လူတိုင်းလေးစားအောင်
ကျော်ထောက်နောက်ခံလား။ ဒါက
ဘယ်လောက်ရယ်စရာကောင်းလဲ။
ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်တစ်ဦးအနေနဲ့ ငါတို့ရဲ့အကြီးမားဆုံး
ကျော်ထောက်နောက်ခံက ဓားပဲ
ဖြစ်သင့်တယ်။"

အစိမ်းရောင်ဝတ်လူငယ်က ယန်ယဲ့ကို အနည်းငယ် ဦးညွှတ်ပြီး "ဒါသာ အမှန်ဆိုရင် ပြီးတာနဲ့ စီနီယာအစ်ကိုယန် ကို ငါသေချာတောင်းပန်ပါမယ်။"

ထိုစကားပြောပြီးသည်နှင့် သူညာလက်ကို ဝှေ့ယမ်းပြီး ရွှေရောင်အဆောင်တစ်ခုကို လေထဲသို့ ပစ်လွှတ်လိုက်သည်။ ရွှေရောင်အဆောင်က လေထဲတွင် တဖြည်းဖြည်း ကျယ်ပြန့်လာပြီး စွမ်းအင်လှိုင်းများ ဖြာထွက်လာကာ

အာကာသဟင်းလင်းပြင်ကို
တုန်ခါသွားစေသည်။

ယန်ယဲ့သည် ရှေးဟောင်းဓားကျောင်းတော်၏
တပည့်တစ်ဦးဟုတ်မဟုတ်ကို မကြာမီ
သိရှိနိုင်သောကြောင့် လူတိုင်းက
ရွှေရောင်အဆောင်ကို
စူးစိုက်ကြည့်နေကြသည်။

ခဏအကြာတွင် ရွှေရောင်အဆောင် အတွင်းမှ
အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။
အသံက "လင်းရှင်း! မင်းမေးတာကို

ငါသိပါတယ်။ ငါ့ရဲ့
ကောင်းကင်ဓားတောင်ထိပ်မှာ ယန်ယဲ့ လို့
ခေါ်တဲ့ တပည့်တစ်ယောက်မှ မရှိဘူး။”

လင်းရှင်း၏ အမူအရာသည်
ချက်ချင်းပြောင်းသွားပြီး
သတ်ဖြတ်လိုစိတ်အပြည့်ဖြင့် ယန်ယဲ့ကို
စိုက်ကြည့်လိုက်သည်။

ထိုအချိန်တွင် ဇီရှင်းက ဟက်ဟက်ပက်ပက်
ရယ်မောကာ "ယန်ယဲ့! နင်သေသွားပြီ။
နင်တင်မကဘူး၊

နင်နဲ့ပတ်သက်တဲ့လူတိုင်းလည်း သေပြီ။

ဟားဟား!"

ထိုအချိန်တွင် လူတိုင်းက ယန်ယဲ့ကို

မယုံကြည်နိုင်စွာ စိုက်ကြည့်နေကြသည် ။

ယန်ယဲ့သည်လည်း စကားမပြောတော့ဘဲ

ဓားလက်ကိုင်ရိုးကို တင်းတင်းကြပ်ကြပ်

ဆုပ်ကိုင်လိုက်ပြီး တိုက်ခိုက်ရန်ပြင်လိုက်၏။

ရုတ်တရက်ဆိုသလိုပင် ရွှေရောင်အဆောင်

တွင်းမှ အသံတစ်သံ ထပ်မံထွက်ပေါ်လာသည် "

ငါ့ရဲ့ကောင်းကင်ဓားတောင်ထိပ်မှာ ယန်ယွဲ့ လို့ ခေါ်တဲ့ တပည့်တစ်ယောက်မှမရှိပေမဲ့ မကြာသေးမီက တာအိုသခင်ဂူ က တပည့်တစ်ယောက်ကို လက်ခံခဲ့တယ်။အဲဒါက မင်းပြောနေတဲ့ ယန်ယွဲ့ ဟုတ်မဟုတ်တော့ ငါမသိဘူး"

ထိုစကားကိုကြားသောအခါ ယန်ယွဲ့၏ ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်များ ငြိမ်သက်သွားပြီး ရွှေရောင်အဆောင်ကို စိုက်ကြည့်မိသည်။ ထိုအချိန်တွင် ဇီရှင်း၏နှလုံးသားထဲတွင်

ထိတ်လန့်တကြားခံစားချက်များပေါ်လာခဲ့သည်။ သူမ၏စိတ်ထဲ၌ မကောင်းသောအရာတစ်ခု ဖြစ်ပျက်လာတော့မည်ကို သိနေသည့်အလား ရွှေရောင်အဆောင်ကို စူးစိုက်ကြည့်နေသည်။

" တာအိုသခင်ဂူ က တပည့်အသစ် လက်ခံလိုက်တာလား " လင်းရှင်းက မေးလိုက်သည်။

“ဟုတ်တယ်၊ တာအိုသခင်ဂူ က သိပ်မကြာခင်က တောင်ထိပ်ကနေ ဆင်းသွားပြီး ပြန်လာတဲ့ အချိန်မှာ ထူးခြားတဲ့

ပါရမီရှင်ကို တွေ့ခဲ့တယ်လို့ ပြောခဲ့တယ်။ သူတွေ့ခဲ့တဲ့ ပါရမီရှင်က ဂျူနီယာညီမလု ထက် နိမ့်ကျတာမဟုတ်ဘူးလို့တောင် ပြောသေးတယ်။ ကံမကောင်းစွာပဲ သူက ဘယ်သူလဲဆိုတာတော့ ထည့်မပြောခဲ့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဒီတပည့်သစ်ကို အရမ်းသဘောကျနေတယ်ဆိုတာပဲ။ သူ့တပည့်အတွက် တာအိုအထွတ်အထိပ်အဆင့်ဓားတစ်ချောင်းကို တောင် ကိုယ်တိုင်ဖန်တီးထားသေးတယ်။ ပြီးတော့ သူက ကျောင်းတော်ကို ဝင်ပြီးတာနဲ့ နှစ်အနည်းငယ်လောက်

တံခါးပိတ်ကျင့်ကြံလိုက်ရင်
ကမ္ဘာကိုကိုင်လှုပ်နိုင်တဲ့ ဓားသမားတစ်ယောက်
ဖြစ်လာမယ်လို့တောင် ပြောခဲ့တယ်…။”

"ကျေးဇူးတင်ပါတယ် ဆရာ!" ယန်ယွဲ့သည်
မျက်လုံးထဲတွင် ဝမ်းသာဝမ်းနည်းမှုနှင့်
ကျေးဇူးတင်လိုသောအမူအရာများပေါ်လာကာ
ပြောလိုက်သည်။

" ယန်ယွဲ့! နင့်ရဲ့အလိမ်အညာစကားတွေကို
ရပ်လိုက်။ " ဇီရှင်းက ဒေါသတကြီး
အော်ဟစ်လိုက်သည်

"နင်က တာအိုသခင်ဂူ ရဲ့တပည့်လို့ ဘယ်သက်သေအထောက်အထားနဲ့ ပြောတာလဲ။ နင့်ရဲ့သက်သေကဘာလဲ"

"အိုး…ဟုတ်ပါရဲ့။. မေ့နေလိုက်တာ… ငါ အခုမှသတိရတယ်!" ဒီအချိန်မှာ ရွှေရောင်အဆောင်ထဲရှိအသံက နောက်တစ်ကြိမ်ထပ် ပြောလာသည်။ “သူက တာအိုသခင်ဂူ ရဲ့တပည့်ဟုတ်မဟုတ် မသိပေမယ်လို့ တာအိုသခင်ဂူ က သူ့တပည့်မှာ ဉာဏ်အလင်းရခြားနှလုံးသားကို ပိုင်ဆိုင်ထားတယ်လို့ ပြောခဲ့တာ ငါကြားတယ်။

သူသာ ဉာဏ်အလင်းရခြားနှလုံးသားကို ပိုင်ဆိုင်ထားရင် သူက တကယ်ပဲဖြစ်သင့်တယ်!”

"ဟားဟား!" ဇီရှင်းက မျက်လုံးထဲ ရှုံးသွပ်မှုအပြည့်နှင့် ရယ်မောလိုက်လေသည်။ သူမက "ယန်ယွဲ့! နင်က ဉာဏ်အလင်းရခြားနှလုံးသား ကို ပိုင်ဆိုင်ထားလို့လား။ နင် ... ပြောကြည့်လေ။ နင် ... ပြောလေ။ ဟားဟား!"

"မင်းမှန်တယ်၊ ငါ့မှာ
ဉာဏ်အလင်းရခြားနှလုံးသားရှိတယ်!"
ယန်ယဲ့က အမှန်အတိုင်းပြောလိုက်သည်။

" နင် လိမ်နေတာ.....!" ဇီရှင်းက ဒေါသတကြီး
အော်ဟစ်ရင်း "သေခါနီးမှာတောင်
မဟုတ်တမ်းစကားတွေ
ပြောချင်နေသေးတာလား။ ဘဝဆိုတာ
ပြဇာတ်တစ်ခုလိုပါပဲ၊ သရုပ်ဆောင်မှုတွေနဲ့
ပြည့်နှက်နေတယ်လို့ ပြောကြတယ်။ ယန်ယဲ့!
နင့်ရဲ့သရုပ်ဆောင်ချက်က တကယ်ကို
အကောင်းဆုံးပဲ !"

ယန်ယဲ့သည် ဇီရှင်းကို ဂရုမစိုက်ပေ။ သူက လင်းရှင်းကို စိုက်ကြည့်ကာ "မင်း အဲဒါကို စမ်းကြည့်ချင်သလား" ဟု ပြောလိုက်သည်။

မမျှော်လင့်ပါဘဲ လင်းရှင်းက ခေါင်းယမ်းပြီး ယန်ယဲ့ကို လေးစားမှုအပြည့်ဖြင့် ဦးညွှတ်ကာ "လင်းရှင်းက စီနီယာအစ်ကိုယန် ကို နှုတ်ဆက်ပါတယ်!"

အစောပိုင်းက တိုက်ခိုက်ရာတွင် ယန်ယဲ့ဟာ သူ၏အစွမ်းထက်နည်းစနစ်များကို

ချေဖျက်ပစ်လိုက်သဖြင့် သူ့စိတ်ထဲ

အတော်လေး အံ့သြမိခဲ့ပါသည်။

ယခုအချိန်တွင်တော့ သူ့စိတ်ထဲမှာ

အရာအားလုံးကို နားလည်သွားပြီဖြစ်သည်။

ယန်ယဲ့သည် ဉာဏ်အလင်းရခြားနှလုံးသားကို

ပိုင်ဆိုင်ထားသောကြောင့်

သူ၏နည်းစနစ်များကို

အသာလေးချိုးဖျက်ပစ်ခဲ့ခြင်းပင်မဟုတ်ပါလား

။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၀၁ -

ရှေးဟောင်းဓားကျောင်းတော်၏ တပည့်

ယန်ယဲ့က ဓားကို ရင်ဘတ်ကပ်ကာ

ညာလက်ကို နောက်ကျောပစ်ထားလိုက်ပြီး

လင်းရှင်းကို စိုက်ကြည့်ရင်း "ငါ့ရဲ့

အထောက်အထားကို အခုနတုန်းက

ထုတ်မပြချင်တာ မင်းနားလည်လား"

လင်းရှင်းက ခေါင်းညိတ်ရင်း အကူအညီမဲ့စွာ ရယ်မောလိုက်သည်။ နောက်ဆုံးတော့ သူ ဘယ်လိုမှ နားမလည်နိုင်ပေ။

ကောင်းကင်တောင်ထိပ်၏ ထိုလူက ပြောခဲ့သည်မဟုတ်ပါလား။ တာအိုသခင်ဂူ ဟာ ယန်ယဲ့၏ အစစ်အမှန်ပုံရိပ်ကို ဖုံးကွယ်ပေးထားခဲ့သည်။ ယခုမူ ရဲရှိဝမ်သည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ပြကွက်ကို ပြသနိုင်ခဲ့သည်။

သို့သော်လည်း သူသည် ယန်ယဲ့၏အထောက်အထားကိုထုတ်ဖော်ရန် အတင်းအကျပ်ခိုင်းစေခဲ့သည်။

ထိုသတင်းကိုသာ တာအိုသခင်ဂူ
သိလိုက်သည်နှင့်
နောက်ဆက်တွဲဆိုးကျိုးများမည်မျှကြောက်စ
ရာကောင်းသည်ကို မှန်းဆ၍ပင်မရပေ။

ဤအခိုက်အတန့်ကို တွေးလိုက်သောအခါတွင်
သူ့မျက်လုံးများက အေးစက်သော
အလင်းရောင်တစ်ခု တောက်ပလာပြီး
သက်စောင့်ဓားက အလင်းတန်းတစ်ခု
ထွက်လာသည်။ ဟုတ်ပေသည်။ ဒါက
ယန်ယဲ့ကို ရည်ရွယ်ခြင်းမဟုတ်ဘဲ
ဇီရှင်းနှင့်တစ်ဖွဲ့လုံးကိုပါ။

“ပြေး!” တစ်ချိန်တည်းမှာပင်
ဇီရှင်း၏နောက်တွင်ရပ်နေသော
သက်လတ်ပိုင်းလူလတ်ပိုင်းတစ်ဦးသည်
ဒေါသတကြီးအော်လိုက်သည်။ သို့သော်လည်း
သူမပြောခင်မှာပဲ ဇီရှင်း နှင့်ကျန်လူများက
အဝေးသို့ ထွက်ပြေးသွားပြီ ဖြစ်သည်။

"နတ်အရိပ်ခြေလှမ်း!" လင်းရှင်းက
ဒေါသတကြီးဖြင့် အော်ဟစ်ရင်း နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

အချိန် ၁၀ မိနစ် မပြည့်ခင်မှာပင် လင်းရှင်းက လက်ထဲတွင် ခေါင်းအနည်းငယ်နှင့် ပြန်ရောက်လာခဲ့သည်။

လင်းရှင်းက ခေါင်းပြွတ်များကို မြေပြင်ပေါ် ပစ်ချကာ "တောင်းပန်ပါတယ်။ ဇီရှင်း လို့ ခေါ်တဲ့ အဲဒီအမျိုးသမီးကိုတော့ ငါမိအောင်မဖမ်းနိုင်လိုက်ဘူး။ သူမက ကျပန်းတည်နေရာပို့လွှတ်ခြင်းအဆောင်ယူလာမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဘူး!"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး လင်းရှင်းကို တစ်ချက်ကြည့်လိုက်ရင်း "ဂိုဏ်းတူညီလေး! မင်းမှာ အဆင့်လွန်နံ့တန်းစားတဲ့ စွမ်းအင်ကျောက်တုံးတွေ ရှိသလား။ များများရှိရင် ပိုကောင်းတယ်!"

လင်းရှင်းက အနည်းငယ် အံ့အားသင့် သွားပြီး၊ ထို့နောက် သိုလှောင်လက်စွပ်တစ်ကွင်းကို ထုတ်ယူကာ ယန်ယဲ့ထံ ပစ်ပေးလိုက်ပြီး "အဲဒီမှာ အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁,၂၀၀၀ ရှိတယ်။ ဂိုဏ်းတူအစ်ကိုကြီးကို ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်။”

ယန်ယဲ့က လက်ခံယူရင်း ပြုံးလိုက်သည်။
“ကျေးဇူးတင်ပါတယ်။ နောင်ကျရင်
သေချာပေါက် ပြန်ပေးပါ့မယ်။”

“ငါတို့ရဲ့ ရှေးဟောင်းဓားကျောင်းတော်ကို
တောင်ထိပ် ၉ လုံး ပိုင်းခြားထားပေမဲ့
နောက်ဆုံးတော့ ငါတို့က မိသားစုတွေပဲလေ။
ဂိုဏ်းတူအစ်ကိုမှာ
အခက်အခဲတချို့ရှိတယ်ဆိုတော့ ငါက
ဂိုဏ်းတူအစ်ကိုကို ကူညီသင့်တာ သဘာဝပဲ။"

လင်းရှင်းက ဆက်ပြောလိုက်သည်။ “ဒါက နားလည်မှု လွဲနေလို့ အခု နှုတ်ဆက်စကား ပြောရတော့မယ်။ ဂိုဏ်းတူအစ်ကို၊ မင်းအချိန်ရရင် စိမ်းလန်းသောတောင်ထိပ်နဲ့ ငါ့ဆီလာလည်ပါ။"

“တွေ့တာနဲ့ ပတ်သက်ပြီးတော့….” ယန်ယဲ့ စကားမဆုံးခင် လင်းရှင်းက ခေါင်းညိတ်ပြီး "ငါ နားလည်ပါတယ်။ စိတ်မပူပါနဲ့ အစ်ကိုကြီး။ ဒီနေ့ ဖြစ်ပျက်ခဲ့တာကို ဘယ်သူ့ကိုမှ ပြန်မပြောဘူး!"

ယန်ယဲ့သည် ခဏတာတုံ့ဆိုင်းသွားပြီး
“ဂိုဏ်းတူညီလေးလင်း မှာ တာအိုအဆင့်
ဓားတွေ ရှိမရှိ သိနိုင်မလား။
အခုလောလောဆယ် ဆရာက ငါ့ကိုပေးဖို့
ဓားတစ်ချောင်း လုပ်နေတုန်းပဲ။ ဒါဆို….

လင်းရှင်းက ခဏတာတုံ့ဆိုင်းသွားရင်း
သူ့နောက်ကျောက သက်စောင့်ဓားကို
ဖြုတ်ယူလိုက်ရာ

အထဲမှ ဓား ၂ ချောင်း ပစ်ထွက်လာပြီး ယန်ယွဲ့ရှေ့ ရောက်လာသည်။ သူက “ဓား ၂ ချောင်းလုံးက အလယ်အလတ်တာအိုအဆင့်ဓားတွေ။ ငါ သူတို့နဲ့ အဆက်အသွယ် မလုပ်ရသေးဘူး။ ဒီတော့ သူတို့က ဂိုဏ်းတူအစ်ကိုကြီးကို ပေးကမ်းဖို့ သင့်တော်တယ်…”

ယန်ယွဲ့သည် မျက်နှာပေါ် ရှိ အပြုံးများ ပိုတောက်ပလာပြီး ဓား ၂ ချောင်းလုံးကို သိမ်းယူလိုက်ကာ "ဂိုဏ်းတူညီလေးလင်း! ငါလည်း လိုအပ်တယ်…."

ထိုအချိန်တွင် ဖန်မုန့်က ဆက်ပြီး
ကြည့်မနေနိုင်တော့ပေ။

နောက်ဆုံးတွင် ယန်ယွဲ့သည် လင်းရှင်း ထံမှ
နောက်ထပ် သက်စောင့်ဓား ၂ ချောင်းကို
လုယူခဲ့သည်။ မှန်ပါသည်။ သက်စောင့်ဓားက
သူ့အတွက် သိပ်အရေးမကြီးပေ။
သို့သော်လည်း လင်းရှင်း၏ သက်စောင့်ဓားက
ရှေးဟောင်းဓားကျောင်းတော်မှ ဖြစ်ပြီး
၎င်း၏တပည့်တစ်ဦးအဖြစ်
သက်သေတစ်ရပ်ထားခြင်းနှင့် ညီမျှပါသည်။

ဒီအချိန်မှာ သူ လိမ်ညာခဲ့သမျှကို
ပြန်ရုတ်သိမ်းရန်က
နောက်ကျသွားပြီဖြစ်သည်။ အဆုံးထိ
ဆက်လုပ်နေဖို့သာ ရွေးချယ်လိုက်၏။

မည်သို့ပင်ဆိုစေကာမူ ရနိုင်သော
အကျိုးအမြတ်များကို မဖြုန်းတီးဘဲ
သိမ်းယူရပေမည်။

“ဂိုဏ်းတူအစ်ကို၊ ငါ သားရဲ့ထိန်းချုပ်ဂိုဏ်းကို ကိုယ်တိုင်ကိုယ်ကျ ရင်ဆိုင်လိုက်မယ်။ နှုတ်ဆက်ခဲ့ပါတယ်။” စကားပြောနေစဉ်တွင် လင်းရှင်းက ယန်ယွဲ့ထံမှ နောက်ထပ်တောင်းဆိုလာမည်ကို ကြောက်ရွံ့နေပုံရပြီး ချက်ချင်းနောက်လှည့်၍ ကောင်းကင်ထက်သို့ ပျောက်ကွယ်သွားခဲ့သည်။

"ငါက အဲ့လောက်ထိကြောက်စရာကောင်းနေတာလား ?" ယန်ယွဲ့သည် အလျင်အမြန်ထွက်ပြေးသွားသော လင်းရှင်း

ကိုကြည့်ရင်း ခေါင်းယမ်းလိုက်ပြီး ဖန်မုန့်ထံသို့
လှည့်ကြည့်လိုက်သည်။
အလယ်အလတ်တာအိုအဆင့်
ဓားတစ်ချောင်းကို သူမလက်ထဲ
ပစ်ပေးလိုက်ပြီး "ဒါက မုန့်အာအတွက်ပဲ…
ယူလိုက်!"

"ကျေးဇူးတင်ပါတယ်!"  ဖန်မုန့်ကမငြင်းဘဲ
ဓားကိုကိုင်လိုက်ပြီး သူမ၏မျက်နှာတွင်
ပျော်ရွှင်မှုများ ဖုံးလွှမ်းသွားသည်။

"ဒါဆို မင်းက တကယ်ပဲ ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်ဖြစ်နေတာပေါ့။ မှန်တယ်၊ ရှေးဟောင်းဓားကျောင်းတော်ကပဲ မင်းလို ဓားတာအိုပါရမီရှင်တစ်ယောက်ကို မွေးထုတ်ပေးနိုင်တာပါ။" တစ်ချိန်တည်းမှာပဲ လီမိုကျန်းက ရုတ်တရက်ပြောခဲ့သည်။

"မင်းတို့နှစ်ယောက်ကြားက ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေကို ချင်ကျင်းက ပြောပြခဲ့တယ်။ တကယ်ကတော့ အားလုံးက သူမအပြစ်တွေချည်းပဲ!"

ထိုစကားပြောရင်း ယန်ယဲ့ ဆီသို့
သိုလှောင်လက်စွပ်တစ်ကွင်း ပစ်ပေးလိုက်ပြီး
"အဲဒီမှာ အဆင့်လွန်စွမ်းအင်ကျောက်တုံး
၁,၀၀၀ ရှိတယ်။ ကျေးဇူးပြုပြီး လက်ခံပေးပါ!"

ယန်ယဲ့က ၎င်းကိုယူပြီးနောက် လီချင်ကျင်းကို
တစ်ချက်ကြည့်လိုက်ပြီး
နောက်ပြန်ပစ်ပေးလိုက်သည်။
သိုလှောင်လက်စွပ်က လီမိုကျန်း ထံ
ပျံတက်သွားပြီး "ငါ ဒါကို လက်မခံပါဘူး။
တစ်ခုခုလုပ်ရအောင် ကူညီပြီး
ဖြေရှင်းပေးပါ့မယ်။"

လီမိုကျန်းက "မင်း ဘာလိုသေးလဲ" ဟု မပြောခင် အချိန်အတော်ကြာအောင် လေးလေးနက်နက် စဉ်းစားနေလေသည်။

ယန်ယဲ့က ဖန်မုန့်ကို လက်ညှိုးထိုးပြပြီး "ကံကြမ္မာက ငါတို့ကို ပေါင်းစည်းပေးခဲ့တယ်၊ ပြီးတော့ သူ့မျိုးနွယ်စုက ပြဿနာတချို့နဲ့ ကြုံနေတယ်လို့ကြားတယ်။ အကြောင်းပြချက်အချို့ရှိလို့ ငါကိုယ်တိုင် ရှေ့ထွက်ပြီး မဖြေရှင်းနိုင်ဘူး။ ဒါကြောင့်

ညီအစ်ကိုလီက သူ့ကို ဂရုစိုက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။”

လီမိုကျန်းက ခေါင်းညိတ်ပြီး "ဒါက ပြဿနာမဟုတ်ဘူး!"

“ယန်ယဲ့….” ဖန်မုန့်က ရုတ်တရက် ပြောလိုက်သည် "နင်ထွက်သွားပြီလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "ငါ့မှာ ဖြေရှင်းစရာတွေရှိတယ်။ စိတ်မပူပါနဲ့၊ ငါပြီးတာနဲ့ မင်းကိုလာခေါ်မယ်။"

ဖန်မုန့်က စကားတစ်ခွန်းမျှမပြောဘဲ ယန်ယဲ့ကို စိုက်ကြည့်နေသည်။

ယန်ယဲ့သည် ခေါင်းညိတ်လိုက်ပြီး သူမဆီ လျှောက်လာပြီး ခေါင်းကို ပွတ်သပ်လိုက်သည်။ သူက ဖန်မုန့်ကို စိုက်ကြည့်ရင်း ယန်ယောင်အား၊

လဲ့လင် နှင့် အခြားသူများကို ပို၍ပင်
လွမ်းဆွတ်နေခဲ့သည်။

၎င်းတို့အပြင် ရှောင်ယုရှိ၊ အန်နန်ကျင်း နှင့်
အခြားသူများကိုပါ သတိရနေခဲ့သည်။ သူ
ဒီကိုရောက်လာစဉ်ကတည်းက နာမည်အစစ်ကို
အသုံးပြုထားသည့်အကြောင်းအရင်းမှာ
အန်နန်ကျင်း နှင့် အခြားသူများ
သူရောက်လာပြီကို
သတိထားမိစေလိုသောကြောင့်ပင်။

သို့သော်လည်း ထိုအရာက
အလွန်အန္တရာယ်များကြောင်း သူလည်း
သိပေသည်။ လုယန်ဟောင်က
ရောင်စဉ်ဖြာဒေသတွင်
ရှိနေသည်မဟုတ်လော။ သူရောက်လာကြောင်း
သတင်းကိုသာ လုယန်ဟောင် သိသွားပါက
သူ့အနေဖြင့်
အကြီးအကျယ်ဒုက္ခများသွားပေမည်။
ထို့ကြောင့် ယခုအချိန်တွင် အရေးကြီးဆုံးက
သူ့ခွန်အားကို တတ်နိုင်သမျှ အမြန်ဆုံး
မြှင့်တင်ဖို့သာ။

ယန်ယဲ့သည် ခေါင်းယမ်းလိုက်ပြီး အတွေးများကို ထိန်းကာ နောက်လှည့်ထွက်ခွာသွားခဲ့သည်။

ဖန်မုန့်က ရုတ်တရက် "ယန်ယဲ့..."

ယန်ယဲ့သည် မလှုပ်မယှက်ရပ်လိုက်သော်လည်းနောက်ပြန်မလှည့်ပေ။

"ငါ သေချာပေါက်
ရှေးဟောင်းဓားကျောင်းတော်ကို ဝင်မယ်။
ငါသေချာပေါက်လိုက်လာခဲ့မယ်!" ဖန်မုန့်၏
မျက်နှာသည် တင်းမာသော အမူအရာဖြင့်
ဖုံးလွှမ်းသွားသည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး သူတို့ရှေ့မှာပဲ
ပျောက်သွားသည်။

လီချင်ကျင်းက ယန်ယွဲ့
ထွက်သွားပြီးသည့်နောက် လီမိုကျန်းကို

ရုတ်တရက် မေးလိုက်သည်။ "အစ်ကိုကြီး၊ သူက ရှေးဟောင်းဓားကျောင်းတော်ကဆိုတာ တကယ်လား"

"အရေးမကြီးပါဘူး!" လီမိုကျန်း က “သူ့ရဲ့ သဘာဝစွမ်းရည်က ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်တော်တော်များများကို ကျော်လွန်သွားပြီ။ သူက အဲဒီနေရာက တပည့်မဟုတ်ရင်တောင် ပါဝင်ဖို့ဆိုတာ မခက်ခဲတော့ဘူး။ ပြီးတော့ ငါ သူ့ဆီကနေ အရမ်းကြောက်စရာကောင်းတဲ့

အငွေ့အသက်တချို့ထွက်လာတာကို
ခံစားမိတယ်။ သေချာတာကတော့
အရင်တုန်းက အဲဒီလူဟာ
ရက်စက်ကြမ်းကြုတ်တဲ့လူပဲ။”

လီချင်ကျင်းက ခေါင်းညိတ်သဘောတူလိုက်ပြီး
"ခုနတုန်းက သူက ငါ့ကို သတ်ဖို့ တကယ်
ရည်ရွယ်ခဲ့တာ!"

လီမိုကျန်းက "ချင်ကျင်း! မင်း နောင်အခါမှာ
ဒီလူနဲ့တွေ့ရင် သူနဲ့မိတ်ဆွေ ဖြစ်ရင်ဖြစ်

ဒါမှမဟုတ် သူနဲ့ဝေးဝေးမှာနေပါ။ ငါတို့က တစ်ယောက်ယောက်ကို စော်ကားဖို့ မတတ်နိုင်ရင် ငါတို့က သူတို့ကို အောက်ကျို့ထားရမယ်!”

"အစ်ကိုကြီး၊ နင်သာအဆိပ်မမိရင် သူ့ထက်နိမ့်ကျမှာမဟုတ်ဘူး!" အစောပိုင်းက ယန်ယဲ့၏ မောက်မာမှုကို ပြန်တွေးပြီး လီချင်ကျင်းက မကျေမနပ်ပြောလိုက်လေသည်။

လီမိုကျန်းက တဟားဟားရယ်ပြီး
တိတ်ဆိတ်နေခဲ့သည်။ သို့သော်လည်း
သူ့မျက်လုံးများတွင် မလိုလားအပ်သော
အရိပ်အယောင်များ ရှိနေသည်...။ အတိတ်မှာ
သူက ပါရမီရှင်တစ်ယောက်ဖြစ်ခဲ့သည်။
ယခုအချိန်တွင် သူက
ဒုက္ခိတတစ်ယောက်သာဖြစ်နေသည်။ သူ၏
ကံကြမ္မာကို ဘယ်လိုလက်ခံနိုင်ပါမည်နည်း။

...

ယန်ယဲ့သည် ထွက်ခွာလာပြီးနောက်တွင်
တိတ်ဆိတ်သော နေရာတစ်ခုကို
ကျပန်းရွေးချယ်ပြီး ထိုနေရာမှာ
တင်ပျဉ်ခွေလျက်ထိုင်ချလိုက်သည်။အစောပိုင်း
က သူသည်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများစွာ
ရထားသည်ဖြစ်ရာ ၎င်းတို့အားလုံးကို စုပ်ယူပြီး
သူ့ခွန်အားကို မြှင့်တင်ရန် ရည်ရွယ်ခဲ့သည်။

သူတို့ကို ထားခဲ့သည့် အကြောင်းအရင်းက
သူ၏ခွန်အားကို အမြန်ဆုံး
မြှင့်တင်လိုသောကြောင့်ပါ။ အခြားသော

အကြောင်းအရင်းတစ်ခုလည်း ရှိပါသေးသည်။
နောက်ဆုံးတွင် သူသည်
ရှေးဟောင်းစားကျောင်းတော်၏
တပည့်တစ်ဦးအဖြစ်
ဟန်ဆောင်နေခြင်းဖြစ်သည်။
သူလိမ်ညာနေသည်ကို ဖော်ထုတ်ခံလိုက်ရပါက
ဖန်မုန့် နှင့် အခြားသူများကို
ဆွဲခေါ် မိသလိုဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့်
ဒီအချိန်ကတည်းက သူတို့နှင့်
ခပ်ခွာခွာနေလိုက်ခြင်းပင်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၀၂ - မဟာဂိုဏ်းကြီး ၅ ဂိုဏ်း

ယန်ယဲ့သည် လီမိုကျန်း နှင့် လင်းရှင်းထံမှ

ရလာသော

စွမ်းအင်ကျောက်တုံးများအားလုံးကို

မျိုချလိုက်သည့်နောက် သူ၏ကျင့်ကြံမှုက

နောက်ဆုံးတွင် ချီးမြှောက်ခြင်းနယ်ပယ် သို့

တက်လှမ်းသွားခဲ့သည်။

ချိုးမြောက်ခြင်းနယ်ပယ် သို့
တက်လှမ်းပြီးနောက်တွင် သူ့ခန္ဓာကိုယ်ထဲ၌
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင် အနည်းငယ်
ရှိနေသည်။ သို့သော် ယန်ယွဲ့သည် အားလုံးကို
မသိမ်းထားဘဲ သူ့ခန္ဓာကိုယ်ကို ပြုပြင်ဖို့
အသုံးချလိုက်သည်။
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်က
သူ၏ခန္ဓာကိုယ်သွေးကြောများကို
ပြန်လည်တည်ဆောက်နိုင်စွမ်းမရှိသော်လည်း
၎င်းတို့သည် သူ၏ခန္ဓာကိုယ်ကို
ပြန်လည်ပြုပြင်နိုင်သည်။ယခုအချိန်တွင်

သူသည် ဆန်းကြယ်ချီစွမ်းအင်ကို
အသုံးမပြုနိုင်သောကြောင့် သူ၏
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်အားလုံးကို
သူ့ခန္ဓာကိုယ်ကို ပြန်လည်ပြုပြင်ဖို့အတွက်သာ
အသုံးပြုခဲ့သည်။

အမှန်စင်စစ် သူ့ခန္ဓာကိုယ်က သန်မာနေသရွေ့
သူ့ကိုယ်သူ ကာကွယ်ဖို့က
လုံလောက်ပေသည်။

ယခုအချိန်တွင် ချီးမြှောက်ခြင်းနယ်ပယ်သို့
တက်လှမ်းပြီးနောက် သူ၏ခန္ဓာကိုယ်မှ
ဒဏ်ရာများ မည်မျှပြင်းထန်သည်ကို

နောက်ဆုံးသဘောပေါက်သွားခဲ့သည်။
သူ၏စိတ်အာရုံအသိကို ထုတ်လွှတ်ပြီး
စစ်ဆေးကြည့်လိုက်ရာ
ခန္ဓာကိုယ်ကြွက်သားထဲမှများတစ်ရှူးများပင်
ကွဲထွက်သွားသည်ကို သိရှိခဲ့ရသည်။

"အဲဒီနေ့က သတိလစ်သွားပြီးတဲ့နောက်မှာ
ငါဘာဖြစ်သွားတာလဲ။" ယန်ယဲ့သည်
မျက်ခုံးများ တွန့်ကွေးနေအောင်
စဉ်းစားနေသည်။ နောက်ဆုံးတွင်
သူ့ခန္ဓာကိုယ်က သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးထက်တောင်

ပိုသန့်မာသည်မဟုတ်ပါလား။
ထိုသို့သောအခြေအနေမျိုးတွင်
သာမန်ထိခိုက်ဒဏ်ရာများဟာ သူ့အတွက်
ဘာပြဿနာမှ မရှိပေ။ သို့သော်လည်း
ရောင်စဉ်ဖြာဒေသတွင် နိုးထလာသောအခါ
သူ့တစ်ကိုယ်လုံး ဒုက္ခိတဖြစ်သွားသည်ကို သူ
သတိပြုမိလိုက်သည်။

"ငါ ဒီအခြေအနေထိ
ဘယ်လိုရောက်သွားတာလဲ " ယန်ယွဲ့၏
စိတ်ထဲတွင် မေးခွန်းများစွာ
ထွက်ပေါ်လာသော်လည်း အဆုံးတွင် ဘာကိုမှ

ရှင်းမပြနိုင်ခဲ့ပေ။ ထို့ကြောင့် သူသည်
ထိုအကြောင်းကို တွေးမနေတော့ဘဲ
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကို
အသုံးချကာ သူ့ခန္ဓာကိုယ်ကို
ပြန်လည်ပြုပြင်ရန်သာ အာရုံစိုက်ထားခဲ့သည်။

တစ်နာရီလောက်ကြာသည့်နောက် ယန်ယွဲ့သည်
မတ်တပ်ထရပ်ပြီး သူ့လက်သီးကို
ရှေ့ထိုးချလိုက်၏။ လက်သီးချက်က
အားကောင်းသောစွမ်းအားတစ်ခုကို
သယ်ဆောင်လာပြီး သူ့ရှေ့မှ
အာကာသဟင်းလင်းပြင်သည်တုန်ခါသွားကာ

လေပြင်းများပင် တိုက်ခတ်လာလေသည်။
ထိုအရာ လုံးဝကို ထိတ်လန့်စရာ မြင်ကွင်းပင်။

ယန်ယဲ့၏ ပါးစပ်ထောင့်တွင်
အပြုံးအနည်းငယ်ဖြင့် ကွေးသွားကာ "ငါ့ရဲ့
လက်ရှိ ရုပ်ခန္ဓာက အဆင့်နိမ့်သိုင်းကျော်ဇ
နတ်ဆိုးသားရဲနဲ့ ယှဉ်နိုင်တယ်။ ဟီးဟီး...အခု
ဓားမသုံးဘဲနဲ့တောင် ဝိညာဉ်မျောက်ဝံဘုရင်ကို
အနိုင်ယူနိုင်ပြီ!"

ထိုသို့စကားပြောနေရင်း ရုတ်တရက်
သူ့စိတ်ထဲ၌ အတွေးတစ်ခု ပေါ်လာသည်
“ဒီမျောက်ဝိုင်က တော်တော်လေးတော့
ထူးခြားသားကလား။ ငါသာ ဒါကို
သောက်နိုင်ရင် အလယ်အလတ်အဆင့်
ချီးမြှောက်ခြင်းနယ်ပယ်ကိုတောင်
တက်နိုင်လိမ့်မယ်….”

ချီးမြှောက်ခြင်းနယ်ပယ်ကို
တက်လှမ်းပြီးသည့်နောက် ပြဿနာတစ်ခုကို
သတိထားမိခဲ့သည်။ ထိုအရာက သူ့ခွန်အားကို
တိုးမြှင့်ရန် အဆင့်လွန်စွမ်းအင်ကျောက်တုံး

၁၀,၀၀၀ ထက်မနည်း လိုအပ်နေခြင်းပါ။ မှန်သည်၊  ၎င်းသည် သူ၏ နောက်ဆုံး အဆင့်ချိုးဖျက်စဉ်ကထက် အဆများစွာ ပိုများခဲ့သည်။

သူ့ခန္ဓာကိုယ်သွေးကြောများအား ဒုက္ခပေးနေသည့် ပြဿနာကို ဖြေရှင်းလို့မပြီးမချင်း သူလုပ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းက အဆင့်လွန်စွမ်းအင် ကျောက်တုံးများ သို့မဟုတ် အခြား စွမ်းအင်ရတနာများကို ဝါးမြိုရန်သာ။ မျောက်ဝိုင်သည် ထိုကဲ့သို့

အဆင့်မြင့် ရတနာတစ်ခုဖြစ်သည်မှာ
သေချာပါသည်။

ယန်ယဲ့သည် စဉ်းစားပြီးသည်နှင့် ထိုအရာကို
လုပ်ဆောင်ရန် ချက်ချင်းဆိုသလိုပင်
ဝိညာဉ်မျောက်ဝံတောင်ပေါ်သို့
ပြေးတက်သွားခဲ့သည်။

သိပ်မကြာလိုက်ပေ၊
ဝိညာဉ်မျောက်ဝံတောင်ပေါ်သို့
ရောက်လာခဲ့သည်။ သို့ရာတွင် ယန်ယဲ့က

လူမိုက်မဟုတ်ပေ။ ချက်ချင်းမလှုပ်ရှားဘဲ
တစ်နေရာတွင်ပုန်းကွယ်ကာ
တိတ်တဆိတ်စောင့်ကြည့်နေသည်။ သူသည်
ဝိညာဉ်မျောက်ဝံဘုရင်ကို
အနိုင်ယူနိုင်သော်လည်း
လက်ရှိအခြေအနေမျိုးတွင် သေခြင်း၊ရှင်ခြင်း
တိုက်ပွဲ မလုပ်နိုင်ပေ။ အကယ်၍
သူ၏ခွန်အားကို
အကန့်အသတ်ထိထုတ်ဖော်လိုက်ပါက
တန်ပြန်ရိုက်ခတ်မှုကို ခံရပေမည်။

ထို့ကြောင့် လီချင်ကျင်း လုပ်ခဲ့သည့်အတိုင်း မျောက်ဝိုင်ကို ခိုးယူတာကသာ အကောင်းဆုံးနည်းလမ်းဖြစ်သည်။

သူသည် ယခု ချီးမြှောက်ခြင်းနယ်ပယ်သာ ဖြစ်သော်ငြား သူ၏စိတ်အာရုံအသိနှင့် ဝိညာဉ်စွမ်းအားက အဆင့်မြင့်သိုင်းကျောဇ်များထက် မနိမ့်ကျပေ။ မကြာခင်မှာပဲ ယန်ယွဲ့သည် ဝိညာဉ်မျောက်ဝံဘုရင် နေထိုင်သည့်နေရာကိုရှာတွေ့သွားခဲ့သည်။

ဂိညာဥ်မျောက်ဝံဘုရင်က သာမန်ဂူထဲတွင်
မနေထိုင်ဘဲ ရောမနန်းတော်ကြီးထဲတွင်
လူသားကေရာဇ်တစ်ပါးလို နေထိုင်ခဲ့သည်။
ထို့အပြင် ၎င်းသည် အလွန်သာယာလှသော
နေရာတစ်ခုဖြစ်သည်။ ယန်ယွဲ့သည်
မျောက်ဝံနန်းတော် ပတ်ပတ်လည်ရှိ
နတ်ဆိုးအစောင့်များကို
သတိမထားမိသော်လည်း အစွမ်းထက်အော်ရာ
တစ်ဒါဇင်ကျော်ကို ခံစားမိလိုက်သည်။ သူ၏
ကနဦးခန့်မှန်းချက်အရ
ထိုနတ်ဆိုးများအားလုံးက အနည်းဆုံး

အဆင့်မြင့်
ချိုးမြှောက်ခြင်းနယ်ပယ်များဖြစ်သည်။

တစ်နည်းပြောရလျှင် နန်းတော်က
အစောင့်အကြပ် တင်းကြပ်လွန်း၏။ ထို့ကြောင့်
မျောက်ဝိုင်ကို နန်းတော်၏ ဗဟိုနေရာတွင်
သိမ်းထားနိုင်ခြေများကြောင်း
ယူဆလိုက်သည်။ ထိုသို့မဟုတ်လျှင်လည်း
အထဲတွင် ရတနာတစ်ခုခုရှိနေနိုင်သည်။
ယန်ယွဲ့သည် သိတ်ထဲ အတွေးပေါင်းစုံ
ဖြစ်နေသည်။ တစ်ချိန်တည်းမှာပင်
နန်းတော်ထဲသို့ဝင်ရန် နည်းလမ်းရှာနေစဉ်မှာပဲ

သူ့အကြည့်များက ပတ်ဝန်းကျင်ကို ကျသွားသည်။

နန်းတော်ဝင်ပေါက်ကို တင်းတင်းကြပ်ကြပ် ပိတ်ထားသောကြောင့် အင်အားသုံး ဖြိုခွင်းရန် လုံးဝမဖြစ်နိုင်ပေ။ အင်အားကို မသုံးနိုင်သောကြောင့် ဉာဏ်ကို အသုံးပြုရတော့သည်။ ယန်ယဲ့သည် အချိန်တော်တော်ကြာသည်ထိ နန်းတော်ထဲ ခိုးဝင်နိုင်မည့်နည်းလမ်းကို စဉ်းစားနေသည်။

သို့သော် ဆန်းကြယ်ချီစွမ်းအင်ကို
အသုံးပြုရသောကြောင့် ထိုနည်းလမ်းက
အလွန်နာကျင်ရပေမည်။

ယန်ယဲ့သည် အရိပ်ထဲတွင် ပုန်းအောင်းနေပြီး
နေ့မှ ညရောက်သည်ထိ
စောင့်ဆိုင်းနေခဲ့သည်...။

နောက်ဆုံးတွင် နောက်တစ်နေ့
ညသန်းခေါင်ယံ၌ နန်းတော်တံခါးက
ရုတ်တရက်ပွင့်လာပြီး ယန်ယဲ့သည်

နန်းတော်ထဲမှာ အိပ်စက်နေသော
မျောက်ဝံဘုရင်ကို တွေ့လိုက်ရသည်။
ထို့နောက်တွင်တော့ ဝိညာဉ်မျောက်ဝံဘုရင်က
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရင်း
သူ့ပုံရိပ်သည် ကောင်းကင်ထက်သို့
လွင့်မျောကာ ပျောက်ကွယ်သွားသည်။

ဝိညာဉ်မျောက်ဘုရင်
ပျောက်ကွယ်သွားပြီးနောက်
နန်းတော်တံခါးပိတ်ခါနီးအချိန်တွင် ယန်ယဲ့က
ရုတ်တရက် "မိုးကောင်းကင်ခွဲခြေလှမ်း ...."

သူပြောပြီးသည်နှင့် ချက်ချင်းပင် နေရာတွင်ပင် ပျောက်ကွယ်သွားပြီး နန်းတော်တံခါးလည်း ပိတ်သွားခဲ့သည်။

ရုတ်တရက် လူလတ်ပိုင်းအရွယ် အမျိုးသား ၂ ဦးက အဝင်ဝတွင် ပေါ်လာသည်။

သူတို့ထဲက တစ်ယောက်က မျက်မှောင်ကြုတ်ပြီး "ခုနက တစ်ခုခု ဝင်သွားသလို ခံစားရတယ်!"

အခြားတစ်ယောက်က မေးလိုက်သည်

“မင်းသေချာလား”

“ငါမဟုတ်ဘူး။ ခဏလေးပဲ၊ ဒါပေမဲ့ လူသားတစ်ယောက်ရဲ့အရှိန်အဝါကို ခံစားလိုက်ရတယ်ထင်တယ်…”

"အင်း လုံခြုံလား မလုံခြုံလား သွားကြည့်ရအောင်..."

စကားပြောနေရင်း နန်းတော်တံခါးကိုဖွင့်ကာ ဝင်သွားကြသည်။

"မင်းတို့ဘယ်လိုသတ္တိရှိလဲ! မင်းတို့ ချောက်က ဘယ်သူတွေလဲ?" နန်းတော်တွင်းမှ ဒေါသတကြီးအသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီးနောက် တောင်တန်းကြီး တစ်ခုလုံးတုန်ခါသွားသည် ။

ယန်ယွဲ့သည် ခန်းမထဲသို့ဝင်လိုက်သည်နှင့် ပုန်းနေရန် ပြင်လိုက်၏။ သို့သော်လည်း

အဝေးမှ ပုံရိပ်တစ်ခု ရုတ်တရက်
ထွက်ပေါ်လာသည်။ ပုံရိပ်သည် မပြတ်
တုန်ခါနေပြီး အကွာအဝေးတစ်ခုကို
ရွေ့လျားပြီးနောက် အဆက်မပြတ် ပုံရိပ်များစွာ
ပေါ်လာပြီး ထူးဆန်းစွာပင်
ပျောက်ကွယ်သွားသည်။ သူနှင့်ထိုပုံရိပ်က
မီတာရာအနည်းမျှ ကွာဝေးသော်လည်း စက္ကန့်
၃၀ လောက်အတွင်း ထိုပုံရိပ်က
သူ့ရှေ့သို့ရောက်လာခဲ့သည်။

ထိုပုံရိပ်က အနားရောက်လာပြီးနောက် လက်ကိုဆန့်၍ နှစ်ဖက်ပူးကပ်ပြီး ယန်ယွဲ့ကို ညွှန်လိုက်သည်။

ထူးဆန်းသော စွမ်းအင်ကြိုးတစ်ချောင်း ထွက်ပေါ်လာပြီး ယန်ယွဲ့ ရှေ့ရှိ နေရာအား ချက်ချင်း တုန်လှုပ်သွားစေသည်။

ယန်ယွဲ့က အတော်လေး အံ့သြသွားမိသည်။ အဘက်ကြောင့်ဆိုသော် သူ၏စိတ်ဝိညာဉ်နှင့် အသွေးအသားများအားလုံး သူ့ခန္ဓာကိုယ်ထဲကနေ ထွက်သွားတော့မည်ဟု

ခံစားလိုက်ရလို့ပါ။ အလွန်
ထိတ်လန့်စရာတိုက်ခိုက်မှုပင်ဖြစ်ခဲ့သည်။

ယန်ယဲ့၏ မျက်နှာသည် လေးနက်သွားကာ
ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း မရှိပေ။ သူ့ကိုယ်သူ
အလျင်အမြန် တည်ငြိမ်အောင်ထိန်းလိုက်ကာ
သူ၏စိတ်အာရုံအသိကို ထုတ်လွှတ်ပြီး
သူ့ခန္ဓာကိုယ်ကို ကာလိုက်သည်။
တစ်ချိန်တည်းမှာပင် သူ့ညာလက်ကို
ဆုပ်ကိုင်ထားပြီး ရှေ့သို့ ရိုက်ချိုးလိုက်သည်။

အုန်း!

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက် ယန်ယဲ့၏ခန္ဓာကိုယ်က ပိုတည်ငြိမ်လာပြီး ရှေ့ကို ရွေ့လျားသွားသည်။

သူ့ခေါင်းကိုမော့ကာ ပုံရိပ်ကိုကြည့်လိုက်သည်။ သူ့ရှေ့မှပုံရိပ်က အရိပ်တစ်ခုလိုဖြစ်နေသဖြင့် အတော်လေးကို ထူးဆန်းနေခဲ့သည်။ ထိုအရာက အရိပ်ကဲ့သို့ လုံးဝ မည်းမှောင်ပြီး အလွန်ပါးလွှာသည်။

"ဟမ်?" အရိပ်မည်းကြီးက တိုးတိုးလေးအော်ပြီး နောက်တစ်ကြိမ် တိုက်ခိုက်ရန် ပြင်လိုက်၏။ သို့သော် လည်း ရုတ်တရက် တံခါးပွင့်လာပြီး လူလတ်ပိုင်းအရွယ် အမျိုးသား၂ယောက် သူတို့ရှေ့တွင် ပေါ်လာသည်။

"မင်းဘယ်လိုသတ္တိရှိလဲ! မင်းတို့၂ယောက်က ဘယ်သူလဲ...!" သူတို့ထဲမှ တစ်ယောက်က အော်ငေါက်လိုက်သည်။ သို့သော် စကားပင်မဆုံးနိုင်သေး

အနီရောင်အလင်းတန်းတစ်ခု ပေါ်လာပြီး သူ့အသံက ရုတ်တရက် ရပ်တန့်သွားသည်။

ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်မှ သွေးများ စီးကျလာသော်လည်း လူလတ်ပိုင်းအရွယ်၏ရုပ်အလောင်းအစိတ်စိတ်အမွှာမွှာကွဲထွက်သွားသည်ကို စူးစိုက်ကြည့်လိုက်သည်။

" တာအိုအမိန့်တော် ! မင်းက တာအိုအမိန့်တော် (မဟာတာအိုဂိုဏ်း) က လူပဲ ။ မင်း….”

ကျန်လူလတ်ပိုင်းအဘိုးအိုသည်
အခြားလူလတ်ပိုင်းလူလတ်ပိုင်းကဲ့သို့ပင်
စကားပက်မဆိုးဘဲ ခန္ဓာကိုယ်တစ်ခုလုံး
ပိုင်းဖြတ်ခံလိုက်ရသည်။

"တာအိုအမိန့်တော် လား" ယန်ယွဲ့သည်လည်း
မျက်လုံးများ အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ ဖန်မုန့်က ဒီဂိုဏ်း
အကြောင်း သူ့ကို ပြောခဲ့ဖူးသည်။
ထင်းရှူးစီရင်စုတွင် ပလက်တီနမ်အဆင့်
မဟာဂိုဏ်းကြီး ၅ ဂိုဏ်းရှိသည်။
ထိုမဟာဂိုဏ်းများက

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၊

အဆုံးမဲ့နတ်ဆိုးဂိုဏ်း၊

တိမ်ပင်လယ်အကယ်ဒမီ၊

ရှေးဟောင်းဓားကျောင်းတော် နှင့်

တာအိုအမိန့်တော် (မဟာတာအိုဂိုဏ်း)

တို့ဖြစ်သည်။